# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက် | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၀)၊ အမှတ် (၁၄၁)


# နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## ကာကွယ်ဆေး အမြန်ဆုံးထိုးနှံနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ကျေပွန်စွာထမ်းဆောင်**

အစည်းအဝေးတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က လက်ရှိ ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဒေသအသီးသီး၌ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအပြင် စီးပွားရေး၊ လူမှုရေး၊ ပညာရေးစသည့် လူမှုစီးပွားကဏ္ဍအသီးသီး၌ပါ ထိခိုက်မှုများ ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ရောဂါကူးစက်မှုနှင့် ပြီးဆုံးမည့်အခြေအနေကို ခန့်မှန်းရန်ခက်ခဲသည့်အတွက် ကာကွယ်ဆေးများ တစ်နိုင်ငံလုံးအတိုင်းအတာ ထိုးနှံပြီးမှသာ စိတ်ချရမည့် အခြေအနေဖြစ်ပါကြောင်း၊ ကာကွယ်ဆေး အမြန်ဆုံးထိုးနှံနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်လျက်ရှိပြီး ကြားကာလတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ အသိ၊ သတိတို့ဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြစေလိုကြောင်း၊ ခေတ္တပိတ်ထားရသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ လူငယ်သင်တန်းကျောင်းနှင့် သက်မွေးပညာသင်တန်းကျောင်းများကိုလည်း ကိုဗစ်-၁၉ အလွန်ကာလများတွင် စနစ်တကျပြန်လည်ဖွင့်လှစ်နိုင်ရေး၊ နည်းပြများနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး Capacity Building အတွက် စဉ်ဆက်မပြတ်လေ့ကျင့်သင်ကြားမှုများ ဆောင်ရွက်ရေး၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်အရည်အသွေး၊ စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးတို့ကို သတိပြုဆောင်ရွက်ကြရန်နှင့် လုပ်ငန်းနှင့်စပ်လျဉ်း၍ တွေ့ကြုံရသည့် စိန်ခေါ်မှုများ၊ လိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဖြေရှင်းပေးနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ ပြုလုပ်ရခြင်းဖြစ်ကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁* ❑



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

## လစာနှင့်စရိတ်များ သတ်မှတ်ချက်အတိုင်း ထုတ်ပေးသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများအား လစာနှင့်စရိတ်များ သတ်မှတ်ချက်အတိုင်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့က ပြည်သူသို့အသိပေးချက် ထုတ်ပြန်ထားသည်။

အဆိုပါထုတ်ပြန်ချက်တွင် CDM အဖျက်အမှောင့် ပြုလုပ်နေသော မသမာသူအချို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများအား လစာပေးတော့မည် မဟုတ်ကြောင်း အခြေအမြစ်မရှိ၊ မှန်ကန်မှုမရှိသည့် ကောလာဟလသတင်းများ ထုတ်လွှင့်လျက်ရှိကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ယင်းကောလာဟလများအပေါ် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ နိုင်ငံတော်နှင့် ပြည်သူအပေါ် တာဝန်ကျေပွန်စွာဖြင့် မိမိတို့၏တာဝန်များကို ဆက်လက်ထမ်းဆောင်သွားပါရန်နှင့် လစာနှင့် စရိတ်များသတ်မှတ်ချက်အတိုင်း ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်ဟု ဖော်ပြထားသည်။

သတင်းစဉ်

## ထောင်ချောက်တွေကို ကြိုပြီးမြင်တတ်ဖို့ လိုပါတယ်

ဆောင်းပါး စာ ၆

## ဂျပန်နိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းများကို ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေးတော့မည်

နိုင်ငံတကာသတင်း စာ ၁၃

## သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့် ကြံရိတ်သိမ်းမှု ပုံစံပြောင်းလဲရန် ကြိုးပမ်းနေရသည့် ထိုင်းစိုက်ပျိုးရေးသမားများ

နိုင်ငံတကာရေးရာ စာ ၁၄

# ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု တစ်နိုင်ငံလုံး မလွှမ်းခြုံနိုင်သေးမီ . . .

ယခုလအတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲနမူနာစစ်ဆေးမှုများ လျော့နည်းသွားခြင်းကြောင့် ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုမှာလည်း လျော့နည်းသွားသည်။ မြန်မြန်စစ်ဆေး၊ မြန်မြန်တွေ့ရှိ၊ မြန်မြန်ကုသနိုင်မှသာ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်လျှော့ချ တားဆီးနိုင်မည်ဖြစ်သည်။ ပုံမှန်အားဖြင့် ၂၄ နာရီအတွင်း ဓာတ်ခွဲနမူနာစစ်ဆေးမှု ၁၆၀၀၀ ကျော်ခန့်မှသည် ၁၉၀၀၀ ကျော်ခန့်အထိ စစ်ဆေးခဲ့သည့် နှုန်းများအတိုင်း ပြန်လည်စစ်ဆေးသွားနိုင်ရန်လည်း မျှော်လင့်မိသည်။ ကိုဗစ်-၁၉ ဗိုင်းရပ်စ်သည် ကူးစက်မြန်ပြင်းထန်သည့် ဗိုင်းရပ်စ်ဖြစ်သည့်အလျောက် စစ်ဆေးဖော်ထုတ်မှုအားနည်း မျက်ခြည်ပြတ်သွားသည်နှင့် ကူးစက်နှုန်းမြင့်တက်လာမည့် အရေးကိုလည်း မျှော်တွေးစိုးရိမ်မိသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်ကာကွယ်ဆေးထိုးနှံသည့် လုပ်ငန်းများ ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်မှုစတင်ထားနိုင်ခဲ့ပြီဖြစ်ပြီး အိန္ဒိယနိုင်ငံမှ ထုတ်လုပ်သည့် အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေးဖြစ်သည့် COVISHIELD ကို ထိုးပေးနေခြင်းဖြစ်သည်။ ၎င်းဆေးကို ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တလေးပတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံထိုးနှံကြရမှာလည်းဖြစ်သည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးအုပ်စုအလိုက် ထိုးနှံရာတွင် ကိုဗစ်-၁၉ တိုက်ဖျက်ရေးအတွက် ရှေ့တန်းမှ ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ စသည်ဖြင့် ရှေးဦးစွာ ထိုးနှံပေးခဲ့ခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံမှ ဝယ်ယူထားသည့် ကာကွယ်ဆေးအရေအတွက် နှစ်သန်းသည်လည်း ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် လေကြောင်းမှ ရောက်ရှိလာခဲ့ရာ ကျေးလက်ပြည်သူများအပါအဝင် ပြည်သူလူထုအား ကာကွယ်ဆေးထိုးနှံရေး စီမံဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်-၁၉ ကာကွယ်ဆေး အမြန်ဆုံးထိုးနှံနိုင်ရေး အစီအစဉ်သစ်များအဖြစ်လည်း "FDA က အသိအမှတ်ပြုပြီး အာမခံချက်နှင့် ထိရောက်မှုရှိသည့် ကာကွယ်ဆေးအမျိုးအစားသစ်များ ခွင့်ပြုခြင်းနှင့် ပုဂ္ဂလိကထိုးနှံလိုသူများ၊ တင်သွင်းလိုသူများကို ခွင့်ပြုသွားမည်" ဖြစ်ကြောင်း၊ ခွင့်ပြုပေးသွားမည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများမှာ ရုရှားနိုင်ငံထုတ် Sputnik V၊ တရုတ်နိုင်ငံထုတ် SARS COVI နှင့် အိန္ဒိယနိုင်ငံထုတ် COVAXIN တို့ဖြစ်ကြောင်းကို သိရသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု လွှမ်းခြုံပြီးစီးနိုင်ရန်မှာ အချိန်ကာလတစ်ရပ် လိုအပ်သည်။ ထို့အပြင် ပထမအကျော့ ကာကွယ်ဆေးထိုးနှံထားပြီးသူများမှာလည်း ရောဂါကူးစက်မှုမှ ကာကွယ်နိုင်သည့် အခြေအနေသို့ မရောက်သေး။ သို့ဖြစ်သည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် စီမံချက်နှစ်ရပ်ဖြစ်သော "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်"နှင့်"တစ်ဦးကိုတစ်ဦး အသိပေးခြင်း၊ သတိပေးခြင်း၊ မိသားစုစီမံချက်"တို့အတိုင်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများကို လူတိုင်းကိုယ်စီ ကျင့်သုံးကြရမည်ဖြစ်သည်။

အဓိကအားဖြင့်မူ ကိုဗစ်- ၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေး အခြေခံအချက်များဖြစ်သည့် လူစုလူဝေးကို ရှောင်ခြင်း၊ အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ခြင်း၊ လက်ကို ဆပ်ပြာ၊ အရက်ပြန်တို့ဖြင့် မကြာမကြာဆေးကြောခြင်း၊ တစ်ဦးနှင့် တစ်ဦး ခြောက်ပေထက်မနည်း ခပ်ခွာခွာနေခြင်းတို့ကို အလေ့အကျင့်ပြု၍ နေ့စဉ်နေထိုင်မှုများတွင် စွဲမြဲစွာ ကျင့်သုံးသွားကြခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါဘေးမှ ရှောင်ရှားလွတ်မြောက်နိုင်ကြမည်ဖြစ်ပါကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူသို့အသိပေးချက်

နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့တာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်မဝင်နိုင်အောင် နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုနေသူအချို့က နည်းအမျိုးမျိုးဖြင့် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေကြောင်းကို ကြားသိနေရပါသည်။ ဖိအားပေးခြိမ်းခြောက်သူများအနေဖြင့် ယင်းလုပ်ရပ်များသည် ဥပဒေနှင့် ဆန့်ကျင်သကဲ့သို့ မိမိ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးခြင်းဆိုင်ရာ မူသဘောတရားများနှင့်လည်း ဆန့်ကျင်နေပါသည်။ ဝန်ထမ်းမဟုတ်သူ ပြည်သူလူထုအချင်းချင်းကြားတွင်လည်း အလားတူပြုလုပ်မှုများ ရှိနေကြောင်းကိုလည်း ကြားသိရပါသည်။ မည်သူမဆို မိမိ၏အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြုရန်လိုအပ်ပါသည်။ ထို့အပြင် အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်း လိုက်နာကျင့်သုံးရန်လိုအပ်ပါသည်။ သို့ပါ၍ ဖိအားပေးခြိမ်းခြောက်ခံရသူများ၏ အခွင့်အရေး ထိပါးနှောင့်ယှက်ခံရမှုများကို ဥပဒေကြောင်းအရ ကုစားပေးနိုင်ရေးနှင့် ထိပါးနှောင့်ယှက်သူများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေးအတွက် အောက်ပါ ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့်e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

# ပြည်သူသို့ မေတ္တာရပ်ခံချက်

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆ မတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီလူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံ့လူမျိုး အကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## တိမ်အနည်းငယ် ဖြစ်ထွန်းမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# ကျန်းမာရေးဝန်ထမ်းများအနေနဲ့ ပြည်သူလူထုရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာဆေးရုံများမှာ အမြန်ဆုံးဆောင်ရွက်ပေးဖို့ တိုက်တွန်းလို

တိုင်းရင်းသားပြည်သူများအနေနဲ့ အထူးသတိပြုရမှာကတော့ ဒီကာလဟာ ကမ္ဘာမှာ COVID-19 ရောဂါပျံ့နှံ့ဖြစ်ပွားနေဆဲကာလ ဖြစ်ပါတယ်။ ကာကွယ်ဆေး မထိုးရသေးခင်အထိ COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ နေထိုင်ကြဖို့ အလွန်အရေးကြီးပါတယ်။ ယခုကာလမှာ လူစုလူဝေးနဲ့သွားလာနေတာတွေကိုလည်း တွေ့ရပါတယ်။ ဒါတွေဟာ COVID-19 ကူးစက်၊ ပြန့်ပွား၊ ဖြစ်ပွားမှုနှုန်း မြင့်မားလာစေမှာဖြစ်လို့ ရှောင်ကြဉ်ကြဖို့ ကျွန်တော် အထူးတိုက်တွန်းလိုပါတယ်။ COVID-19 ကပ်ရောဂါကို ထိရောက်စွာ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်နိုင်ရေးအတွက် ရောဂါစစ်ဆေးခြင်းလုပ်ငန်းတွေကိုလည်း ကျွန်တော်တို့ အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်သွားဖို့လိုပါတယ်။ ဒီလိုဆောင်ရွက်နိုင်အောင်လည်း စီမံဆောင်ရွက်လျက်ရှိနေပါတယ်။ COVID ကြောင့် တုံ့နှေးနေတဲ့လုပ်ငန်းများ ပြန်လည် လည်ပတ်နိုင်ဖို့ အဲဒီအစီအမံတွေ မဖြစ်မနေလိုအပ်ပါတယ်။ ဒါတွေကို ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်ခြင်း၊ စည်းကမ်းရှိရှိလိုက်နာခြင်း၊ ပါဝင်ကူညီခြင်းတို့ဖြင့် ဆောင်ရွက်သွားကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။ ကျန်းမာရေးဝန်ထမ်းများအနေနဲ့ ပြည်သူလူထုရဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာဆေးရုံများမှာ အမြန်ဆုံးဆောင်ရွက်ပေးဖို့ တိုက်တွန်းလိုပါတယ်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၁၁-၂-၂၀၂၁ ရက်နေ့ နိုင်ငံတော်၏အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

❑ *ရွှေ့ဖုံးမှ*

နယ်စပ်ရေးရာ ဝန်ကြီးဌာန အနေဖြင့် "တစ်နိုင်ငံလုံးအကြား အလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေး" ဟူသော မဟာဗျူဟာအရ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို နယ်စပ်ဒေသနှင့် ပြည်မအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းပြီး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရုံသာမက ဖွံ့ဖြိုးမှုရေရှည်တည်တံ့စေရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် ဦးတည်ချက်ထားရှိ အကောင်အထည်ဖော် ဆောင်ရွက်သွားကြစေလိုကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် နယ်စပ်ဒေသများတွင် အမှန်တကယ် မရှိမဖြစ်ဆောင်ရွက်ရမည့်လုပ်ငန်း စီမံကိန်းများကို နိုင်ငံတော်၏ ဘဏ္ဍာငွေအကန့်အသတ်ဖြင့် ခွင့်ပြုမှုအရ ဦးစားပေးအလိုက် အဆင့်ဆင့်ကြပ်မတ်စစ်ဆေး လျာထားခွင့်ပြုခဲ့သည့် လုပ်ငန်းများဖြစ်၍ နိုင်ငံတော်ဘဏ္ဍာငွေ အလေအလွင့်မဖြစ်ပေါ်စေရေး၊ သတ်မှတ်ထားသည့် စံချိန်စံညွှန်း၊ အရည်အသွေးပြည့်ဝစေရေး၊ လုပ်ငန်းများ အချိန်မီပြီးစီးရေးတို့ကို မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အဆင့်ဆင့်သော ဝန်ထမ်းများအားလုံး တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် စနစ်တကျ စစ်ဆေးကြပ်မတ် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေအရ ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်၍ သတိပြုဆင်ခြင်ကြစေလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ့ဝန်ထမ်းများကို နိုင်ငံရေး၏ အသုံးချခံမဖြစ်စေရေးနှင့် နစ်နာခြင်းမရှိစေရေးအတွက် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ကြရန် ဖြေလျှော့ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ရှေးရှု၍ ဆင်ခြင်တုံတရားဖြင့် သတိပြုဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**"ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေအရ ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်၍ သတိပြုဆင်ခြင်ကြစေလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ့ဝန်ထမ်းများကို နိုင်ငံရေး၏အသုံးချခံမဖြစ်စေရေးနှင့် နစ်နာခြင်းမရှိစေရေးအတွက် သတ်မှတ်ထားသည့်အချိန်ကာလအတွင်း လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ကြရန် ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ရှေးရှု၍ ဆင်ခြင်တုံတရားဖြင့် သတိပြုဆောင်ရွက်ကြစေလိုကြောင်း"**

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနဆိုင်ရာလုပ်ငန်း ဆောင်ရွက်မှုများကို အကျဉ်းချုပ် ရှင်းလင်းတင်ပြကြပြီး ဖွံ့ဖြိုးရေး တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ သက်ဆိုင်ရာလုပ်ငန်းဌာနခွဲ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူးများ၊ ခရိုင်ဦးစီးဌာနမှူးများက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဆောင်ရွက်ဆဲ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ကိုဗစ်-၁၉ အလွန်ကာလ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ သင်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆရာ၊ ဆရာမများနှင့် နည်းပြများ အရည်အသွေး မြင့်မားစေရေးသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှု အခြေအနေများ၊ ဝန်ထမ်းရေးရာဆိုင်ရာ ကိစ္စရပ်များ၊ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖုန်းမြတ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ လုပ်ငန်းဌာန ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ပါမောက္ခချုပ်၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူးများ၊ ခရိုင်ဦးစီးဌာနမှူးများ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်းနှင့် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းကျောင်းအုပ်များက Online စနစ်ဖြင့် တက်ရောက်ကြသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန အနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သည့် လမ်းတံတား၊ ပညာရေး၊ ရေရရှိရေး၊ အိမ်ရာဆောက်လုပ်ရေး စသည့်လုပ်ငန်းစုစုပေါင်း ၅၆၀ အတွက် ခွင့်ပြုရန်ပုံငွေကျပ် သန်းပေါင်း ၆၂,၃၄၃ဒသမ၇၆၃ ဖြင့် လည်းကောင်း၊ တိုင်းရင်းသားလူငယ်များ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ သင်တန်းကျောင်းများတွင် တည်ဆောက်ရေးလုပ်ငန်း ၃၄၂ ခု အတွက် ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၁၀,၂၃၆ဒသမ၄၆၆ ဖြင့် လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အစည်းအဝေးကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စစ်ဆေး

# တိုင်း၊ ခရိုင်၊ မြို့နယ်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် ဖေဖော်ဝါရီ ၁၄ ရက်က B.O.T စနစ်ဖြင့် ဆောင်ရွက်သော ဘုရားကြီး - ကျိုက်ထို - မော်လမြိုင်လမ်း (ဘုရားကြီး - ကျိုက်ထိုအပိုင်း) တံတား ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ အရှေ့ - အနောက်စီးပွားရေး စင်္ကြံ လမ်းမကြီးအပိုင်းတွင် ပါဝင်သည့် ကျိုက်ထိုမြို့ရှောင်လမ်း ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင် - သံဖြူဇရပ် - ရေး - ထားဝယ် လမ်းအပိုင်းကို ၂၄ ပေ အကျယ် ကတ္တရာကွန်ကရစ်ခင်းနေမှုကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၄၅/၀ နှင့် ၄၆/၀) အကြားရှိ ကလောပိတံတားကြံ့ခိုင်မှု၊ တံတားအဝင်/အထွက် ကျောက်ခင်းခြင်း ၊ လမ်းသား ရေတိုက်စားမှု ကာကွယ်ရန် မြေထိန်းနံရံ တည်ဆောက်နေမှုကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၆၅/၄ မှ ၇၂/၇ အထိ) ကတ္တရာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ၂၄ ပေ အကျယ် နှစ်လမ်းသွားအဖြစ် လမ်းလယ် မျဉ်းဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း လိုက်လံ ကြည့်ရှု စစ်ဆေးသည်။ **(အပေါ်ယာပုံ)**

**ရှင်းလင်းတင်ပြ**

ပြည်ထောင်စု ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၅ ရက်တွင် ထားဝယ်မြို့ရှောင်လမ်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ တနင်္သာရီတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်ဇော်ဝင်းက ထားဝယ်မြို့ရှောင်လမ်း ဆောင်ရွက်ထားရှိမှု၊ အဆိုပါ လမ်းပေါ်တွင် လမ်းဦးစီးဌာန ထားဝယ်မြို့နယ်မှ မိုင်တိုင် (၄ ဒသမ ၃ ကီလိုမီတာနှင့် ၆ ကီလိုမီတာကြားတွင်) အရှည် ၁၂ ဒသမ ၁၉ မီတာ သံကူကွန်ကရစ် တံတား တစ်စင်းနှင့် အရှည် ၁၅ ဒသမ ၂၄ မီတာ သံကူကွန်ကရစ်တံတားတစ်စင်း စုစုပေါင်း နှစ်စင်း တည်ဆောက်ထားရှိမှုကို လည်းကောင်း၊ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)မှ တာဝန်ရှိသူက ပေါက်တိုင်းတံတား တည်ဆောက်နေမှု အခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**အချိန်မီပြီးစီးရေးကြိုးပမ်း**

တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ တိုင်း၊ ခရိုင်၊ မြို့နယ်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုကြောင်း၊ ရန်ပုံငွေသုံးစွဲရာတွင်လည်း ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ သုံးစွဲရန်လိုကြောင်း ယခု မြို့ရှောင်လမ်း ဆောင်ရွက်ခြင်းဖြင့် မြို့တွင်းယာဉ်ကြော ပိတ်ဆို့မှုကို ဖြေလျှော့ပေးနိုင်မည်ဖြစ်ပြီး ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက်များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ အရည်



အသွေးပြည့်မီစွာဖြင့် သတ်မှတ် အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

**အလေးထားဆောင်ရွက်**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင် တိုင်းဒေသကြီးရှိ အဆောက်အအုံ၊ လမ်း ၊ တံတား၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးများနှင့်တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူသည့် အချိန်မှစ၍ ဆောက်လုပ်ရေး ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သော လမ်း၊ တံတား လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားများ ယခင်ကနှင့်မတူဘဲ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်ရပါကြောင်း၊ လမ်း ၊ တံတားများ တိုးတက်ကောင်းမွန်အောင် လုပ်ငန်းများရပ်တန့်မနေဘဲ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာနေထိုင်ရမည် ဖြစ်ပါကြောင်း၊ ပြည်သူများသွားလာရေး လွယ်ကူအဆင်ပြေစေရေး မိမိတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင် အလေးထား ဆောင်ရွက်ပေးရန် မှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် တိုင်းဒေသကြီးအတွင်း တာဝန်ယူဆောင်ရွက်သည့် အဆောက်အအုံ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများက မိမိတို့တာဝန်ယူ ဆောင်ရွက်သည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်း လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ လေ့လာဆန်းစစ်ခြင်းလုပ်ငန်းစဉ်အတွက် အပြီးသတ်အစီရင်ခံသည့်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

# နိုင်ငံစုံ ကုန်သွယ်မှုစနစ်ကို မြန်မာနိုင်ငံက အစဉ်တစိုက် အားပေးထောက်ခံသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Trade Policy Review Body (TPRB) က ဦးဆောင်၍ Virtual စနစ်ဖြင့် ကျင်းပသည့် မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ လေ့လာဆန်းစစ်ခြင်းလုပ်ငန်းစဉ်အတွက် အပြီးသတ်အစီရင်ခံသည့် အစည်းအဝေး ဒုတိယနေ့ကို ယနေ့ ညနေ ၃ နာရီခွဲတွင် ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမင်းမင်း တက်ရောက်သည်။**(အောက်ပုံ)**

ရှေးဦးစွာ အစည်းအဝေးအစီအစဉ်အရ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ TPRB ဥက္ကဋ္ဌ အိုက်စလန်နိုင်ငံ သံအမတ်ကြီး Mr. Harald Aspelund က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံစုံကုန်သွယ်မှု သဘောတူညီချက်များပါ စည်းမျဉ်းများနှင့် ကတိကဝတ်များကို မိမိတို့နိုင်ငံအနေဖြင့် အကောင်းဆုံးလိုက်ပါ ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေရန် ရည်ရွယ်ကာ မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပထမနေ့ အစည်းအဝေးတွင် ကနေဒါ၊ အမေရိကန်၊ မလေးရှား၊ ဘရူနိုင်း၊ ထိုင်း၊ ယူကေ၊ ဂျပန်၊ ဖိလစ်ပိုင်၊ ကိုရီးယား၊ စင်ကာပူ၊ တရုတ်၊ တူရကီ၊ အင်ဒိုနီးရှား၊ အီးယူ၊ ဘရာဇီး၊ လာအို၊ တရုတ်တိုင်ပေ၊ အိန္ဒိယ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ချက်၊ ဩစတြေးလျနှင့် နီပေါနိုင်ငံတို့မှ စုစုပေါင်းကိုယ်စားလှယ် ၂၃ ဦးက မြန်မာနိုင်ငံ၏ ကုန်သွယ်မှုမူဝါဒအစီရင်ခံစာပါ အချက်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည့်အပြင် မေးခွန်းအချို့ကိုလည်း ထပ်မံမေးမြန်းခဲ့ပါကြောင်း၊ ဇန်နဝါရီ ၁၁ ရက် နောက်ပိုင်း ပေးပို့ခဲ့သော မေးခွန်းများအတွက် အဖြေများကို သတ်မှတ်အချိန်ဇယားအမီ ဆက်လက်ပေးပို့သွားမည် ဖြစ်ကြောင်း။



ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်သည် နိုင်ငံရေးကိစ္စထက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံစုံကုန်သွယ်မှုစနစ်တွင် ပါဝင်ဆောင်ရွက်နေမှုများကို ပွင့်လင်းမြင်သာစွာ အစီရင်ခံခြင်းဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံ၏ ကုန်သွယ်မှု မူဝါဒအပေါ်တွင် အခြေခံ၍ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများ၊ ချမှတ်ထားသည့် အစီအမံများကိုသာ အလေးထားကာ Technical Nature အရ ဆောင်ရွက်သည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်အား အဖွဲ့ဝင်များ လိုက်ပါဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံစုံကုန်သွယ်မှု သဘောတူညီချက်များပါ စည်းမျဉ်းများ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် ကတိကဝတ်များကို အဖွဲ့ဝင်အားလုံးက တက်ကြွစွာ လိုက်ပါဆောင်ရွက်ခြင်းပင်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံစုံကုန်သွယ်မှုစနစ်ကို မြန်မာနိုင်ငံက အစဉ်တစိုက် အားပေးထောက်ခံသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Discussant ဖြစ်သူ ဖင်လန်နိုင်ငံ သံအမတ်ကြီး Ms. Kirsti Kauppi က သုံးသပ်ပြောကြားပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ TPRB ဥက္ကဋ္ဌ အိုက်စလန်နိုင်ငံ၊ သံအမတ်ကြီး Mr. Harald Aspelund က မြန်မာနိုင်ငံ၏ ဒုတိယအကြိမ်ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ၎င်း၏အမြင်များကို ထပ်မံသုံးသပ်ဆွေးနွေးသည်။

အစည်းအဝေးသို့ ကုန်သွယ်မှုနှင့် ဆက်စပ်သော ဌာနများမှ စုစုပေါင်း ကိုယ်စားလှယ် ၃၀ သည် အွန်လိုင်းဖြင့် ချိတ်ဆက်တက်ရောက်ခဲ့ကြပြီး ဂျီနီဗာမြို့ရှိ မြန်မာအမြဲတမ်း ကိုယ်စားလှယ်/ သံအမတ်ကြီးနှင့် ဘာသာရပ်တာဝန်ခံသံမှူးအပါအဝင် အဖွဲ့ဝင်နိုင်ငံ ၁၆၄ နိုင်ငံမှ ကိုယ်စားလှယ်များက In person ဖြင့် လည်းကောင်း၊ Virtual Platform အသုံးပြု၍ လည်းကောင်း ပါဝင်တက်ရောက်ကြကာ မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်း အပြီးသတ်အစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးစေတီတော်ကြီးအား ဖူးမြော်ခွင့်ကို ဖေဖော်ဝါရီ ၈ ရက်မှစတင်ကာ ဘုရားဖူးခွင့် ပြန်လည်ခွင့်ပြုခဲ့ရာ ဘုရားဖူးလာရောက်သူများအား ဖေဖော်ဝါရီ ၁၇ ရက်က တွေ့မြင်ရစဉ်။

မောင်ယဉ်ကျေး

# ကိုဗစ်- ၁၉ စီးပွားရေးထိခိုက်မှုသက်သာရေး စီမံချက် အကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (COVID-19 Economic Relief Plan - CERP) အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံတော်မှ ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၇ ရက်က ထုတ်ပြန်ခဲ့သော CERP စီမံချက်အရ လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆက်လက် အကောင်အထည်ဖော်ဆောင်သွားရန်ဖြစ်ကြောင်း၊ CERP တွင် ပန်းတိုင် (၇) ရပ်၊ မဟာဗျူဟာ (၁၀) ခု၊ လုပ်ငန်းစဉ် (၃၆) ခုနှင့် လုပ်ဆောင်ချက် (၇၈) ခုတို့ ရှိသည့်အနက် ကဏ္ဍအလိုက်ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို စောင့်ကြည့် အကဲဖြတ်ရေးအဖွဲ့ဖြင့် သုံးသပ်ဖော်ထုတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မျှော်မှန်းသော ရည်မှန်းချက်သို့ ရောက်ရှိခြင်းရှိ/မရှိ သုံးသပ်၍ လိုအပ်ပါက တိုးချဲ့ဆောင်ရွက်ပေးရန် ဖြစ်ကြောင်း။

“ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ရန်ပုံငွေများ သုံးစွဲရာတွင် ပွင့်လင်းမြင်သာမှုရှိရှိဖြင့် ဘဏ္ဍာရေး စည်းမျဉ်းများနှင့် အညီ လိုက်နာ ဆောင်ရွက်ရမည်ဖြစ်ပြီး စာရင်းစစ်ဆေးခံနိုင်ရန် ဆောင်ရွက်ရန် လိုအပ်”

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ရန်ပုံငွေများ သုံးစွဲရာတွင် ပွင့်လင်းမြင်သာမှုရှိရှိဖြင့် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး စာရင်းစစ်ဆေးခံနိုင်ရန် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဂါကူးစက်မှု လျော့နည်းကျဆင်းလာသည်နှင့်အမျှ ဆက်လက် ဆောင်ရွက်ရန် မလိုအပ်တော့သည့် လုပ်ငန်းများကို ရပ်ဆိုင်းခြင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများအနက် အလျင်အမြန် ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို မြန်မြန်ထက်ထက် ဆောင်ရွက်ခြင်း၊ ထပ်မံထည့်သွင်းသင့်သည့် လုပ်ငန်းများကို ထပ်မံထည့်သွင်းခြင်းတို့ဖြင့် CERP ကို အခြေခံသော လက်ရှိအခြေအနေနှင့် ကိုက်ညီမည့် အစီအမံများ ချမှတ်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးများနှင့် ဌာနအကြီးအကဲများက ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများအပေါ် ရှင်းလင်းတင်ပြ ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက သုံးသပ်ဆွေးနွေးသည်။

အစည်းအဝေးသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ခွင့်ပြုပေးထားသည့်လုပ်ငန်းများအားလုံး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ရန်ကုန်မြို့တော်ကြီး ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဌာနများ၊ ခရိုင်နှင့် မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲက ဗိုလ်တထောင်မြို့နယ် ၄၆ လမ်းရှိ စည်ပင် (၁၂)ထပ်ခွဲရုံး၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့် ဌာနမှူးများ၊ ခရိုင်၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယမြို့တော်ဝန် ဦးညီညီက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လုပ်ငန်းများကို မြန်မြန်ဆန်ဆန် တိတိကျကျဖြင့် ယခုအစည်းအဝေး တက်ရောက်လာသူများနှင့် အတူပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းလုပ်ဆောင်ရာတွင် အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြစေ၍ စုပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များ၊ ဥပဒေများ၊ အောက်ခြေဝန်ထမ်းများအထိ သိရှိအောင် သတင်းစာ မှန်မှန်ဖတ်စေရန်နှင့် City FMကိုလည်းနားထောင်စေလိုကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေလိုကြောင်း၊ မိမိဝန်ထမ်းများ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ အားလုံးရုံးတက်စေလိုကြောင်း၊ ခွင့်ပြုပေးထားသည့် လုပ်ငန်းများအားလုံး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ရန်ကုန်မြို့တော်ကြီး ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးညွန့်ဖေက ဌာနများအနေဖြင့် ဝန်ထမ်းများ တက်ညီလက်ညီဖြင့် စည်းကမ်းစနစ်ကျနပြီး ဥပဒေကို လေးစားလိုက်နာကာ တာဝန်ကျေပွန်သူများဖြစ်စေရန်၊ အထက်အဆင့်များ၏ ညွှန်ကြားချက်များနှင့်အညီ မြို့တော်ကြီးကို အချိန်တိုအတွင်း သိသာပြောင်းလဲ တိုးတက်မှုရှိစေရန် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်လျာထားချက် အပေါ်မူတည်ပြီး ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများကို မြန်မြန်ဆောင်ရွက်စေလိုကြောင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများသည် လူထုနှင့် အနီးကပ်ထိတွေ့ဆက်ဆံရသည့် ပုဂ္ဂိုလ်များဖြစ်၍ လူထုလိုအပ်ချက်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လူထုကျေနပ်မှုရှိစေရန် စည်ပင်ဥပဒေ လုပ်ထုံးလုပ်နည်းများကို သေချာသဘောပေါက်အောင် ရှင်းပြပြီး အောက်ခြေလုပ်ငန်း ဆောင်ရွက်သူများကိုလည်း ဥပဒေလုပ်ထုံးလုပ်နည်းနားလည်သူများဖြစ်ရန် လေ့ကျင့်ပျိုးထောင်ပြီး လူထုဆက်ဆံရေးကို ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူ ဌာနမှူးများ၊ ခရိုင်၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# တိမ်အနည်းငယ် ဖြစ်ထွန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့၊ ဟဲဟိုးမြို့နှင့်မိုးကုတ်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် ကျောက်မဲမြို့၊ နမ့်စန်မြို့၊ လွိုင်လင်မြို့၊ မိုင်းယန်းမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၀ ဒသမ ၀၈ လက်မနှင့် မချမ်းဘောမြို့တွင် ၀ ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ထောင်ချောက်တွေကို ကြိုပြီးမြင်တတ်ဖို့လိုပါတယ်

ဘမောင်တိုး

**“နိုင်ငံ့ဝန်ထမ်းတွေ အလုပ်မဆင်းဖို့ ကြိုးစားအားထုတ်တာဟာ နိုင်ငံကောင်းဖို့၊ နိုင်ငံတိုးတက်ဖို့ တစ်ခုမှဖြစ်လာမှာ မဟုတ်ပါဘူး။ အလုပ်မဆင်းကြဖို့ လုပ်ဆောင်ကြတာဟာ လုပ်နည်းလုပ်ဟန် လွဲမှားနေပြီး ဝန်ထမ်းစည်းမျဉ်း ချိုးဖောက်ရာ၊ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကို ချိုးဖောက်ရာ ရောက်ပါတယ်။ နိုင်ငံပြိုကွဲပျက်စီးရေးကိုသာ ဦးတည်နေပါတယ် ဆိုတာကို ညီတို့၊ ညီမတို့ သိစေအပ်ပါတယ်။ လက်ရှိအခြေအနေဟာ coup လုပ်တာ မဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နဲ့အညီ ဒီမိုကရေစီ လမ်းကြောင်းကို မတိမ်းစောင်းစေဖို့ ထိန်းကျောင်းလိုက်ရခြင်းသာ ဖြစ်တာကို သိစေလိုပါတယ်။ coup လုပ်မယ်ဆိုရင် ဘယ်လိုဖြစ်နိုင်တယ်ဆိုတာကို ယခင်ပြည်တွင်း၊ ပြည်ပ ကြုံတွေ့သိရှိကြဖူးတဲ့ သူတွေ အားလုံးသိကြပါတယ်”**

**ညီငယ်၊ ညီမငယ်လေးတို့ရေ ...**

ဒီကနေ့ ဒီမိုကရေစီလှုပ်ရှားမှုမှာ လူငယ်လူရွယ်တွေ အများဆုံး ပါဝင်ကြတာကို တွေ့ရပါတယ်။ ညီငယ်၊ ညီမငယ်တို့ရဲ့ သွက်လက်တဲ့ အားမာန်တွေ၊ နိုးကြားတက်ကြွတဲ့ ခွန်အားတွေနဲ့ မြို့နယ်တစ်ခွင်မှာ လှည့်လည်ဆန္ဒထုတ်ဖော်နေကြတာကို နေ့စဉ်မြင်တွေ့ရတော့ အားရဖွယ်ဖြစ်မိသလို ပူပန်မှုတွေလည်း ဖြစ်မိပါတယ်။ ညီတို့၊ ညီမတို့ဟာ အသက်အရွယ်အားဖြင့် ၂၀၊ ၃၀ ပတ်ဝန်းကျင် တွေဖြစ်ကြပြီး တချို့ဆိုရင် ၁၃၊ ၁၄၊ ၁၅ နှစ်အရွယ်တွေတောင် ပါဝင်နေတာကို တွေ့ရပါတယ်။

ညီတို့၊ ညီမတို့ဟာ သွက်လက်တက်ကြွကြသလို အသိဉာဏ်၊ အမြော်အမြင်အားဖြင့် မနည်းလှပါဘူး။ ဒါပေမယ့် ဒီမိုကရေစီလှုပ်ရှားမှုတွေနဲ့ ပတ်သက်ရင် အတွေ့အကြုံနည်းကြမှာ ဖြစ်ပါတယ်။ အသက်အရွယ် အပိုင်းအခြားအရ ညီတို့၊ ညီမလေးတို့တွေဟာ ၁၉၈၈ ခုနှစ် အရေးအခင်းတုန်းက အထွေထွေသပိတ်ကာလကို ထဲထဲဝင်ဝင် ကိုယ်တွေ့မကြုံခဲ့သူတွေ၊ မမီခဲ့ကြသူတွေဖြစ်လို့ အတွေ့အကြုံတွေ မရှိဘူးလို့ ပြောရတာဖြစ်ပါတယ်။

အတွေ့အကြုံမရှိသေးတဲ့ ညီလေးတွေ၊ ညီမလေးတွေ၊ တူ၊ တူမလေးတွေ ဒီမိုကရေစီလှုပ်ရှားမှု ရှေ့တန်းမျက်နှာစာမှာ အရေးဆိုနေကြတဲ့အချိန်အခါမှာ အတွေ့အကြုံရှိတဲ့၊ အရေးတော်ပုံကို မီလိုက်ကြတဲ့၊ ပါဝင်ခဲ့ကြတဲ့ အစ်ကိုကြီးတွေ၊ အစ်မကြီးတွေ၊ ဦးလေး၊ အဒေါ်တွေက သတိပေးတာ၊ ထိန်းကျောင်းပေးတာ မလုပ်ဘဲ နောက်ကွယ်က အားပေးအားမြှောက်လုပ်နေတာ၊ သွေးထိုးလှုံ့ဆော်နေကြတာတွေကို မြင်တွေ့ရတော့ အပြစ်ကင်းစင်တဲ့ ကလေးသူငယ်တွေ၊ ညီငယ်လေးတွေ၊ ညီမငယ်လေးတွေအတွက် စိုးရိမ်ပူပန်မှု ဖြစ်မိတာ အမှန်ပါပဲ။

အားလုံးသိကြပြီးတဲ့အတိုင်း မြန်မာနိုင်ငံရဲ့ ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံ ဒီမိုကရေစီဖြစ်ထွန်းရေး၊ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်စေရေး ဆိုတဲ့ တာဝန်ဝတ္တရားတွေ ချို့ယွင်းခဲ့တဲ့အတွက် တပ်မတော်က အရေးပေါ် အခြေအနေကြေညာပြီး တာဝန်ယူထားရခြင်း ဖြစ်ပါတယ်။

## ဖြေမဆည်နိုင်တဲ့ နောင်တ

တို့ဖတ်ဖူးတဲ့ စာတွေအရ ပြောရရင် လမ်းမပေါ်က နိုင်ငံရေး၊ တခြားနိုင်ငံက ဖိအားပေးတဲ့နိုင်ငံရေးနဲ့ ရွေးကောက်ပွဲနိုင်ငံရေးစသည်ဖြင့် ရှိကြရာမှာ လမ်းပေါ်က နိုင်ငံရေးနဲ့ တခြားနိုင်ငံက ဖိအားပေးတဲ့ နိုင်ငံရေးဆိုတာတွေကို တို့တစ်တွေ ၁၉၈၈ ခုနှစ်နဲ့ ၁၉၈၈ ခုနှစ်ပြီးခါစကာလက ကြုံခဲ့ရပြီးဖြစ်ပါတယ်။ လမ်းမပေါ်က နိုင်ငံရေးနဲ့ တခြားနိုင်ငံတွေက ဖိအားပေးတဲ့နိုင်ငံရေးကြောင့် တို့တိုင်းပြည်က ပြည်သူပြည်သားတွေ လမ်းမှားရောက်ခဲ့ရတာ၊ ဒုက္ခရောက်ခဲ့ကြတာ၊ အခုထိ ဖြေမဆည်နိုင်တဲ့ နောင်တတွေ ရင်ဝယ်ပိုက်ထားရတာကို သမိုင်းကို ပြန်ကြည့်ရင် တွေ့ကြရမှာ ဖြစ်ပါတယ်။

တကယ်တော့ ရွေးကောက်ပွဲနိုင်ငံရေးကို စနစ်တကျ စည်းကမ်းတကျ အကောင်အထည်ဖော်ကြရမှာ ဖြစ်ပါတယ်။ ဒီလိုအကောင်အထည်ဖော်မှလည်း တိုင်းပြည်တည်ငြိမ်မှု (Stability) ရမှာ ဖြစ်ပါတယ်။ စစ်မှန်တဲ့ရွေးကောက်ပွဲ ဖြစ်မှသာ စစ်မှန်တဲ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် သွားရာလမ်းကြောင်း ဖြောင့်တန်းမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း တပ်မတော်က အရေးပေါ်ကာလ နိုင်ငံတာဝန်ကို ခေတ္တယူပြီး စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီ လမ်းကြောင်းကို မဖိုတ်မသုန် အကောင်အထည်ဖော်ပေးနေတာဖြစ်ပါတယ်။ အရေးပေါ်ကာလ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေရချိန်အတွင်းမှာ နိုင်ငံတော်နဲ့ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ တည်ငြိမ်အေးချမ်းရေး၊ စည်းလုံး ညီညွတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတွေကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန် ဆောင်ရွက်သွားမယ်ဆိုတာကို ထုတ်ဖော်ကြေညာထားပြီး ဖြစ်ပါတယ်။

**အခုဆိုရင် ပြည်ပက ကြိုးကိုင်လှုပ်ရှားမှုတွေနဲ့ ပြည်တွင်းက ဖျက်လိုဖျက်ဆီးလုပ်လိုသူတွေ ပူးပေါင်းပြီး အဖျက်အမှောင့်လုပ်ရပ်တွေ အကွက်ကျကျ လုပ်ဆောင်လာတာကို တို့တွေရဲ့ ဖြတ်သန်းလာတဲ့ အတွေ့အကြုံအရ ရှင်းရှင်းလင်းလင်းကို တွေ့မြင်သတိပြုမိပါတယ်။ ညီတို့၊ ညီမတို့ကတော့ ဒါတွေကို နားလည်ဖို့ ခက်ခဲမှာပါ။ အတွေ့အကြုံက စကားပြောတာကိုး။ ဒါပေမယ့် ကိုယ့်မိသားစုနဲ့ သူ့မိသားစုမှာ သူစိမ်းက ကိုယ့်ကို ကိုယ့်မိသားစုထက် ပိုချစ်ပြနေပြီဆိုရင်တော့ တစ်ခုခုတော့ မှားယွင်းနေပြီဆိုတာကို သားတို့၊ သမီးတို့ သင်ထားတဲ့ပညာတွေနဲ့ ချင့်ချိန်ကြည့်စေချင်တယ်။ ညီတို့၊ ညီမတို့ ဆန်းစစ်ဝေဖန်ကြည့်စေချင်တယ်။ သူများယောင်လို့ ယောင်မိတာမျိုးက အန္တရာယ်များလွန်းလှပါတယ်။**

ပြည်တွင်း၊ ပြည်ပနှစ်ဖက် ချိတ်ဆက်လှုပ်ရှားပြီး ပြည်တွင်းက ပြည်သူတွေ၊ လူငယ်တွေကို လမ်းမှားပေါ်ကို တွန်းပို့နေတာ အခုဆိုရင် တွေ့ရမှာ ဖြစ်ပါတယ်။ နိုင်ငံရေးလှည့်စားမှုကို မသိနားမလည်တဲ့ ပြည်သူတွေ နိုင်ငံရေးထောင်ချောက်ထဲကျမသွားစေဖို့၊ အစမ်းသပ်ခံမဖြစ်စေဖို့၊ အသုံးချခံ မဖြစ်စေဖို့ လိုအပ်ပါတယ်။ ကိုယ့်နိုင်ငံကို ကိုယ့်နိုင်ငံသားတွေထက် ပိုချစ်ပြနေတဲ့ ပြည်ပနိုင်ငံက ပုဂ္ဂိုလ်တွေ၊ သူတို့နေရာရရှိရေးအတွက် ကိုယ့်ကို အသုံးချသွားမယ့် ပြည်တွင်းက ပုဂ္ဂိုလ်တွေကို သတိရှိရှိနဲ့ ကြည့်မြင်ကြဖို့ သတိပေးလိုပါတယ်။

## သတိပြုစေချင်

ယခုအခါမှာ နောက်ကွယ်က နိုင်ငံရေးသမားတွေက Civil Disobedience Movement (CDM) ဆိုပြီး ပြည်သူတွေ၊ ကျောင်းသားလူငယ်တွေကို လမ်းမပေါ်ကို တွန်းပို့ပေးခဲ့ကြတာကို ညီငယ်၊ မောင်ငယ်တွေ၊ တူ၊ တူမတွေ သတိပြုစေချင်ပါတယ်။ သတိပြုမိဖို့ လိုပါတယ်။ နိုင်ငံ့ဝန်ထမ်းငယ်အချို့ဟာ မသမာသူအချို့ရဲ့ သွေးထိုးလှုံ့ဆော်ပေးမှုတွေကြောင့် သူတို့ရဲ့လုပ်ငန်းခွင်တွေမှာ ပျက်ကွက်နေကြပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူလူထုအပေါ်မှာ စေတနာထား၊ တန်ဖိုးထားပြီး လုပ်ငန်းခွင်တွေမှာ အခက်အခဲကြားက တာဝန်ထမ်းဆောင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို မသမာသူတွေက နည်းအမျိုးမျိုးသုံးပြီး နှောင့်ယှက်တားဆီးတာတွေ လုပ်နေကြတာ ဖြစ်ပါတယ်။

**နိုင်ငံ့ဝန်ထမ်းတွေ အလုပ်မဆင်းဖို့ ကြိုးစားအားထုတ်တာဟာ နိုင်ငံကောင်းဖို့၊ နိုင်ငံတိုးတက်ဖို့ တစ်ခုမှဖြစ်လာမှာ မဟုတ်ပါဘူး။ အလုပ်မဆင်းကြဖို့ လုပ်ဆောင်ကြတာဟာ လုပ်နည်းလုပ်ဟန် လွဲမှားနေပြီး ဝန်ထမ်းစည်းမျဉ်းချိုးဖောက်ရာ၊ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကို ချိုးဖောက်ရာ ရောက်ပါတယ်။ နိုင်ငံပြိုကွဲပျက်စီးရေးကိုသာ ဦးတည်နေပါတယ်ဆိုတာကို ညီတို့၊ ညီမတို့ သိစေအပ်ပါတယ်။ လက်ရှိအခြေအနေဟာ coup လုပ်တာ မဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နဲ့အညီ ဒီမိုကရေစီ လမ်းကြောင်းကို မတိမ်းစောင်းစေဖို့ ထိန်းကျောင်းလိုက်ရခြင်းသာ ဖြစ်တာကို သိစေလိုပါတယ်။ coup လုပ်မယ်ဆိုရင် ဘယ်လိုဖြစ်နိုင်တယ်ဆိုတာကို ယခင်ပြည်တွင်း၊ ပြည်ပ ကြုံတွေ့သိရှိကြဖူးတဲ့သူတွေ အားလုံးသိကြပါတယ်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး အတွက် ကြေညာချက်တွေ ထုတ်ပြန်တားဆီးတာတွေ၊ တိုက်တွန်းတာတွေကို ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူလူထုအပေါ် စေတနာထားပြီး သစ္စာရှိရှိတာဝန်ထမ်းဆောင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေအားလုံး တာဝန်ကို စိတ်အေးချမ်းသာစွာနဲ့ ဆက်လက်ထမ်းဆောင်နိုင်ဖို့ လိုအပ်တာတွေကို ဆောင်ရွက်ပေးနေသလို စိတ်ခံစားချက်ကြောင့် လုပ်ငန်းခွင်က ကင်းကွာသွားတဲ့ နိုင်ငံ့ဝန်ထမ်း ညီငယ်၊ ညီမငယ်တွေလည်း နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးကို ရှေးရှုပြီး လုပ်ငန်းခွင်သို့ အမြန်ဆုံးပြန်လည်ဝင်ရောက်ကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။

## မျိုးဆက်သစ်ပြည်သူတွေ သိစေလို

**လမ်းမပေါ်ထွက်တဲ့နည်းလမ်း၊ ရပ်ရွာတွေမှာ ဆူပူအုံကြွတဲ့ နည်းလမ်းတွေဟာ မအောင်မြင်တဲ့ နည်းလမ်း၊ တိုင်းပြည်ပျက်စီးရေး နည်းလမ်းတွေ အဖြစ် မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းမှာ ဖြစ်ပျက်ခဲ့တယ်ဆိုတာကို မျိုးဆက်သစ်ပြည်သူတွေ သိစေလိုပါတယ်။ ဒီနည်းလမ်းမျိုးကို နယ်ချဲ့လက်သစ်နိုင်ငံတွေက ၎င်းတို့အလိုမကျတဲ့နိုင်ငံတွေမှာ သွေးထိုးလှုံ့ဆော်ပေးနေကျ မအောင်မြင်တဲ့ နည်းလမ်းဖြစ်ပါတယ်။ တိုတောင်းလှတဲ့ ကာလအတွင်းမှာ ဖြစ်ပေါ်လာတဲ့ နိုင်ငံရေးအပြောင်းအလဲဟာ တစ်ခဏတာ ဖြစ်ပါတယ်။ အနာဂတ်နိုင်ငံတော်ကို မျိုးဆက်သစ်တွေကပဲ ဆက်လက်တာဝန်ယူကြရမှာ ဖြစ်ပါတယ်။**

ဒီနေ့ရင်ဆိုင်ကြုံတွေ့နေရတဲ့ ဖြစ်စဉ်တွေကို သေသေချာချာစေ့ငုကြည့်မယ်ဆိုရင် ဒီမိုကရေစီအပြောင်းအလဲကို အကြောင်းပြုပြီး ပြည်သူတွေသာ မကြောက်မရွံ့ရင်ဆိုင်လှုပ်ရှားနေကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ဘယ်နိုင်ငံရေးသမား၊ ဘယ်အလိုမကျတဲ့ ပြည်ပနိုင်ငံတွေအားလုံး မြန်မာ့မြေပြင်မှာ လာရောက်ရင်ဆိုင်နေကြတာ မဟုတ်ပါဘူး။ နောက်ကွယ်က လှုပ်ရှားနေကြတဲ့ လက်မည်းကြီးတွေက ပြည်သူတွေကို ထိုးကျွေးပြီး အလုံးစုံပျက်သုဉ်းရေး၊ တိုင်းပြည်ပြိုကွဲရေး ဖန်တီးနေကြတာကို ညီငယ်၊ ညီမတွေ၊ တူမောင်၊ တူမတွေအားလုံး သတိချပ်စေချင်ပါတယ်။ သတိမမူလို့ ဂူမမြင်တာပါ။ သတိမူရင် သူတို့လုပ်ရပ်တွေ၊ မြန်မာနိုင်ငံပျက်စီးရာ ပျက်စီးကြောင်းအတွက် ဘေးတီးပေးနေတာ၊ ဟန်ပြ သဘောကောင်းပေးနေကြတာကို မြင်နိုင်မှာပါ။

မြန်မာနိုင်ငံမှာ အကြောင်းပေါ်လာတိုင်း နယ်ချဲ့လက်သစ်တို့ ဝင်ရောက်စွက်ဖက်ကြတာကို မြင်တတ်ဖို့လိုပါတယ်။ မြန်မာနိုင်ငံအပေါ် စေတနာရှိရိုးမှန်ရင် ယနေ့တိုင်းပြည်ကြီးဟာ ဖွံ့ဖြိုးတိုးတက်နေလောက်ပါပြီ။ မြန်မာနိုင်ငံကို Least Developed Countries (LDC) နိုင်ငံအဆင့်မှ Failed State ပြိုကွဲသော နိုင်ငံဖြစ်အောင် သူတို့ မီးထိုးပေးနေ၊ နှပ်ကြောင်း ပေးနေ၊ အဝေးက နေ ကွပ်ကဲစီမံနေတာကို မြင်တတ်ရပါမယ်။

နိုင်ငံကောင်းကျိုး ဖြစ်မလာနိုင်တဲ့၊ တိုင်းပြည်ပြိုကွဲပျက်စီးရေးကို ဦးတည်ဆောင်ရွက်နေတဲ့ CDM ထောင်ချောက်ကို မျိုးဆက်သစ် ညီတွေ၊ ညီမတွေ၊ တူတွေ၊ တူမတွေ မကျရောက်၊ မသက်ဆင်းစေဖို့ မေတ္တာရှေ့ထား အသိပေးအပ်ပါတယ်။ ။

# ဒလမြို့နယ်၌ ဒလ-ဖျာပုံ အဝေးပြေးယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်မှ တစ်ဆင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိမြို့နယ်များသို့ ခရီးသည်များ ပြေးဆွဲ ပို့ဆောင်ပေးလျက်ရှိသော ခရီးစဉ် ယာဉ်လိုင်းများအနေဖြင့် လတ်တလောအသက်ရှူလမ်းကြောင်း ဆိုင်ရာ ကိုဗစ်-၁၉ ရောဂါကူး စက်ပျံ့နှံ့မှု မဖြစ်ပေါ်စေရေးနှင့် ကြိုတင်ကာကွယ် ထိန်းချုပ်ရေး ကာလအတွင်း ပြေးဆွဲမှုမရှိဘဲ ရပ်နားထားခဲ့ရာမှ ဖေဖော်ဝါရီ ၁၆ ရက်တွင် စတင်ပြီး ယာဉ်လိုင်းအချို့ ပြန်လည်ပြေးဆွဲပေးလျက်ရှိသည်။

ဒလမြို့နယ် အဝေးပြေးကားဝင်း၌ ဒလ-ဖျာပုံ ပြေးဆွဲနေသော ထက်အောင်ကျော် ယာဉ်လိုင်းနှင့် ပိုင်ဧရာ ယာဉ်လိုင်းတို့ လက်ရှိအချိန်တွင် ခရီးသည်များ အဆင်ပြေစေရေး အတွက် ပြန်လည်ပြေးဆွဲလျက်ရှိပြီး သတ်မှတ်ထားသော စည်းကမ်းများ နှင့်အညီ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေး လမ်းညွှန်မှုများဖြင့် ပြေးဆွဲ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး အခြေပြု ပြေးဆွဲနေသော ဒလ- တွံတေး- ကော့မှူး- ကွမ်းခြံကုန်း မြို့နယ်များနှင့် လှိုင်သာယာမြို့နယ် များသို့ YBS ၄၇၊ YBS ၄၈၊ YBS ၄၉၊ YBS ၅၀ ယာဉ်လိုင်းများလည်း ခရီးသည်များ ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ဒလမြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး အခြေပြုပြေးဆွဲနေသော ယာဉ်လိုင်းပေါင်း ၂၃ လိုင်းရှိပြီး ယာဉ်အစီးရေပေါင်း ၂၉၄ စီးရှိကြောင်း၊ လက်ရှိအချိန်တွင် ခရီးလမ်းများ ပြန်လည်ပွင့်လာခြင်းကြောင့် ယာဉ်လိုင်းအချို့ ပြန်လည် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**



# မြန်မာ့ဆန်များ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဆင်ပြေချောမွေ့စွာ တင်ပို့နိုင်ရေးနှင့်စပ်လျဉ်းသည့် အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မြန်မာ့ဆန်များ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဆင်ပြေချောမွေ့စွာ တင်ပို့နိုင်ရေးနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ပွင့်ဆန်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန်တစ်သိန်း တင်ပို့နိုင်ရန် နှစ်နိုင်ငံအစိုးရချင်း သဘောတူစာချုပ်များ လက်မှတ်ရေးထိုးထားပြီး မြန်မာနိုင်ငံကိုယ်စား မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ပသို့ အချိန်တိုအတွင်း တန်းမြင့်ဆန်တန်ချိန် တစ်သိန်း တင်ပို့ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များ ပူးပေါင်းကာ လုပ်ငန်းအဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆန်အပြင် အခြားလယ်ယာထွက်ကုန် တင်ပို့မှုများ အဆင်ပြေချောမွေ့စေရေးအတွက် ဝန်ကြီးဌာနများဘက်မှလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေစဉ် ကာလအတွင်း ပြည်တွင်း၌ စားနပ်ရိက္ခာဖူလုံရန် လိုအပ်သကဲ့သို့ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ လူနေမှုအဆင့်အတန်း မြင့်မားစေရေးအတွက် သီးနှံများ ဈေးကောင်းရရှိရန် ပို့ကုန်ဈေးကွက်မှာ အရေးကြီးပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်းမြင့်ဆန်တန်ချိန် တစ်သိန်း တင်ပို့ရာတွင် လိုအပ်သည့် ဖြေလျှော့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍအတွက် အရေးကြီးသည့် ကန်ထရိုက်လယ်ယာစနစ် အောင်မြင်စေရေးအတွက် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသည့် အသင်းအဖွဲ့တာဝန်ရှိသူများနှင့် ကုန်သည်လုပ်ငန်းရှင်များက လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပရန်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဆင့်ဆင့် ပြန်လည်ဖွဲ့စည်းရေး ညှိနှိုင်းစည်းဝေး



အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရန်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဆင့်ဆင့် ပြန်လည်ဖွဲ့စည်းရေး ဆွေးနွေးညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရန်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဆင့်ဆင့် ပြန်လည်ဖွဲ့စည်းရေး ဆွေးနွေးညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်း အတွင်းဝန်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ ဝန်ကြီးဌာနသည် ကိုယ်ဝန်ဆောင်ချိန်မှစ၍ သက်ကြီးရွယ်အိုအထိ ဝန်ဆောင်မှုများပေး၍ ဆောင်ရွက်နေရသော ဌာနတစ်ခုဖြစ်ပါကြောင်း၊ အမျိုးသမီးကဏ္ဍသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ လူမှုရေးနယ်ပယ်သည်လည်း ကျယ်ဝန်းပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့သည် ၂၀၁၂ ခုနှစ်မှစ၍ နိုင်ငံတော်အဆင့် ကျင်းပခဲ့ခြင်းသည် ကောင်းမွန်သည့်အစဉ်အလာ ဖြစ်ပါကြောင်း၊ အမျိုးသမီးများအင်အားသည် တိုင်းပြည်အင်အားဖြစ်ပါကြောင်း၊ ယခင်က အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားကို နှစ်စဉ် ခမ်းခမ်းနားနား ကျင်းပနိုင်ခဲ့သော်လည်း ယခုနှစ် မတ် ၈ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ကိုဗစ်-၁၉ အခြေအနေနှင့် ဆီလျော်သည့်ပုံစံဖြင့် ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေး အဖြေရှာကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ၂၀၂၁ ခုနှစ်၊ မတ် ၈ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပရန် ဆောင်ရွက်နိုင်မည့် အစီအစဉ်များနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဆင့်ဆင့် ပြန်လည်ဖွဲ့စည်းရန်အတွက် အဆိုပြုဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ဖြည့်စွက်အကြံပြုပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တာချီလိတ်မြို့ မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအမှတ်(၂) မှ နေရပ်ပြန် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို မြန်မာတာဝန်ရှိသူများလက်ခံ

**တာချီလိတ် ဖေဖော်ဝါရီ ၁၇**

တာချီလိတ်မြို့ မြန်မာ- ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂) မှတစ်ဆင့် ထိုင်းနိုင်ငံမှ လွှဲပြောင်းပေးလာသော နေရပ်ပြန်မြန်မာရွှေ့ပြောင်း အလုပ်သမားများနှင့် ပြစ်ဒဏ်စေ့ မြန်မာနိုင်ငံသားများကို ယနေ့ နံနက်ပိုင်းက မြန်မာတာဝန်ရှိသူများက ပြန်လည်လက်ခံခဲ့ကြသည်။

လွှဲပြောင်းပေးသော ရွှေ့ပြောင်း မြန်မာအလုပ်သမားအမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၂၆ ဦးနှင့် အကြောင်း အမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံရပြီး လွတ်မြောက်လာသူ အမျိုးသား ၈၄ ဦး၊ အမျိုးသမီး ၂၁ ဦး၊ စုစုပေါင်း ၁၅၇ ဦးတို့ကို ထိုင်းနိုင်ငံ တာဝန်ရှိသူများနှင့် မြန်မာ-ထိုင်း ဆက်ဆံရေး အရာရှိ ခရိုင်ရုံးမှ ဦးထွန်းတို့က ပြန်လည် ပို့ဆောင်ခဲ့ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ဦးကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျ ပြန်လည်လက်ခံခဲ့ကြသည်။**(ယာပုံ)**

ရွှေ့ပြောင်းမြန်မာအလုပ်သမားများနှင့် ပြစ်ဒဏ်စေ့သူများကို တပ်မတော် ဆေးတပ်ဖွဲ့မှ RDT (Test kit) ဖြင့် စနစ်တကျ စစ်ဆေးခဲ့ပြီး ဆေးထောက်ခံချက်လက်မှတ်များကို ထုတ်ပေးခဲ့ကြသည်။

ယနေ့ ဝင်ရောက်လာကြသော ရွှေ့ပြောင်း မြန်မာအလုပ်သမားများကို ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှ လူမှုကရုဏာ လူမှုကူညီရေးအသင်းမှ လိုက်ပါ ပို့ဆောင်ကူညီပေးခဲ့ပြီး ခရိုင်/မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာချီလိတ်မြို့ စေတနာ့ဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်းနှင့် ပို့ဆောင်ရေးအတွက် ပါဝင်ကူညီဆောင်ရွက်ပေးကြသည်။

လွှဲပြောင်းပေးလာသူများကို ဌာနဆိုင်ရာများက ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စာရင်းများ ကောက်ယူပြီး မိမိနေရပ်သို့ပြန်နိုင်ရေး မော်တော်ယာဉ်များ စီစဉ်ပေးကာ ပို့ဆောင်ပေးခဲ့ကြောင်း၊ တာချီလိတ်ဒေသခံများကို အသွားအလာ ကန့်သတ်သည့် စင်တာတွင် ၁၄ ရက် ထားရှိမည်ဖြစ်ကြောင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်ထံမှ သိရသည်။

**ယာဆေး(ပြန်/ဆက်)**





# ချင်းပြည်နယ်တရားလွှတ်တော်ဆောက်လုပ်ခြင်းလုပ်ငန်း ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

**ဟားခါး ဖေဖော်ဝါရီ ၁၇**

ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်သည် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးတိုးဝင်း၊ ကောင်စီဝင်များနှင့်အတူ ဖေဖော်ဝါရီ ၁၇ ရက်က ဟားခါးမြို့ မြို့သစ်ရပ်ကွက်ရှိ ချင်းပြည်နယ် တရားလွှတ်တော်ဆောက်လုပ်ရေး လုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့အား အဆောက်အအုံတာဝန်ယူ ဆောက်လုပ်သည့် အဆောက်အဦ ဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၂) အဆောက်အဦ အထူးအဖွဲ့ (၆) မှ တာဝန်ခံအင်ဂျင်နီယာက ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုကာ **(အပေါ်ပုံ)** သတ်မှတ်ကာလအတွင်းပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီရေး၊ လုပ်ငန်းသုံးပစ္စည်းများ အလေအလွင့် မရှိစေရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ချင်းပြည်နယ် တရားလွှတ်တော် RC သုံးထပ် အဆောက်အအုံ (၁၂၀ ပေ x ၁၄၀ ပေ)+ (၄၈ ပေx ၃၀ ပေ) ကို ၂၉-၁၂-၂၀၁၈ ရက်နေ့မှ စတင်ဆောက်လုပ်ခဲ့ပြီး ယခုအချိန်တွင် လုပ်ငန်းတစ်ခုလုံး၏ ၅၉ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်းနှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် အပြီးဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ ပျမ်းမျှညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ညအပူချိန်များမှာ ရန်ကုန်တိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိနှင့် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၂ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး နေပြည်တော်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

မိုး/ဇလ



စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် မီးသတ်စခန်းတွင် တပ်ဖွဲ့ဝင်များက မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ပေါ်ပေါက်လာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်ကူညီနိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးလေ့ကျင့်မှုကို ဖေဖော်ဝါရီ ၁၆ ရက်ကဆောင်ရွက်စဉ်။

လင်းလင်း (ပြန်/ဆက်)



# နမ္မတူမြို့နယ် ပုဗ္ဗာရုံဘုန်းတော်ကြီးကျောင်းရှိ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နမ္မတူ ဖေဖော်ဝါရီ ၁၇**

ဆီလိန်ခမ်း လူမှုကူညီရေးအသင်းမှ နမ္မတူမြို့နယ်အတွင်း လာရောက်ခိုလှုံလျက်ရှိသော ယာယီတိုက်ပွဲရှောင် ပြည်သူများအား မိသားစုအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးခြင်းကို ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၄ နာရီခန့်က ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲခရိုင် နမ္မတူမြို့နယ်ရှိ ပုဗ္ဗာရုံ ဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် ဆီလိန်ခမ်း လူမှုကူညီရေးအသင်းမှ နမ္မတူမြို့နယ် ပုဗ္ဗာရုံဘုန်းတော်ကြီးကျောင်းရှိ နမ့်တောင်ကုန်းကျေးရွာမှ ယာယီတိုက်ပွဲရှောင် ပြည်သူ အိမ်ထောင်စု ၁၄ စု၊ လူဦးရေ ၅၈ ဦးတို့အတွက် တစ်အိမ်ထောင်လျှင် တစ်ကိုယ်ရေသုံးပစ္စည်း ၁၀ မျိုးပါ Hygiene Kit တစ်ခုနှင့် အဝတ်အစားများ ထောက်ပံ့ပေးအပ်သည်။

အလားတူ (BJV) ကုမ္ပဏီမှလည်း နမ္မတူမြို့နယ် ပုဗ္ဗာရုံဘုန်းတော်ကြီးကျောင်းရှိ မန်ဝါကျေးရွာနှင့် နမ့်တောင်ကုန်းကျေးရွာတို့မှ ယာယီတိုက်ပွဲရှောင်ပြည်သူ အိမ်ထောင်စု ၃၃ စု၊ လူဦးရေ ၁၁၃ ဦးတို့အတွက် ငွေကျပ် ၂၆၂၀၀၀ တန်ဖိုးရှိ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

ဖေဖော်ဝါရီ ၁၃ ရက်မှစတင်ကာ နမ္မတူမြို့နယ် ပန်ချင်ကျေးရွာအုပ်စု ညောင်ဆွယ်ကျေးရွာနှင့် လွယ်ပြေးကျေးရွာအုပ်စု မန်ဝါကျေးရွာ အနီးတစ်ဝိုက်တွင် TNLA အဖွဲ့၊ SSPP/SSA ပူးပေါင်းအဖွဲ့နှင့် RCSS/SSA အဖွဲ့တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သဖြင့် နမ္မတူမြို့နယ် ပုဗ္ဗာရုံဘုန်းတော်ကြီးကျောင်းနှင့် မန်စံကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့တွင် နမ့်တောင်ကုန်းကျေးရွာအုပ်စု နမ့်တောင်ကုန်း၊ နားကျဲ၊ နားကျိုင်းကျေးရွာ၊ ပန်ချင်ကျေးရွာအုပ်စု ပိန်းလုံ၊ ကွန်းကျောင်းကျေးရွာနှင့် လွယ်ပြေးကျေးရွာအုပ်စု မန်ဝါကျေးရွာတို့မှ ထွက်ပြေးတိမ်းရှောင် လာကြသော ယာယီတိုက်ပွဲရှောင် ပြည်သူ အိမ်ထောင်စု ၉၇ စု၊ လူဦးရေ ၃၁၅ ဦး လာရောက် ခိုလှုံလျက်ရှိကြောင်း သိရသည်။

လူမော် (ပြန်/ဆက်)

# ချင်းရွှေဟော်၌ နေရပ်ပြန်ပြည်သူ ၆၇ ဦးအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ စစ်ဆေး

**ချင်းရွှေဟော် ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီမှ ချင်းရွှေဟော်မြို့ မြို့တော်ခန်းမ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် သီးခြားထားရှိပြီး ချင်းရွှေဟော်နယ်မြေခံတပ်မှ ဆေးမှူးဆရာဝန် ဗိုလ်ကြီးဌေးဦးနှင့်အဖွဲ့၊ ဆေးတပ်စုမှ ဆေးမှူး ဗိုလ်ကြီးချမ်းငြိမ်းဆွေ နှင့်အဖွဲ့က ကိုဗစ်-၁၉ရောဂါပိုး ရှိ/မရှိ Rapid Test Kit စနစ်ဖြင့် ယနေ့နံနက် ၁၁ နာရီတွင် ချင်းရွှေဟော်မြို့ ပြည်သူ့ဆေးရုံ၌ စစ်ဆေးဆောင်ရွက်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ Rapid Test Kit စနစ်ဖြင့် စစ်ဆေးခဲ့သည့် မြန်မာနိုင်ငံသားနေရပ်ပြန်ပြည်သူ ၆၇ ဦးမှာ အမျိုးသား ၃၅ ဦး၊ အမျိုးသမီး ၃၂ ဦးတို့ဖြစ်ကြပြီး ရန်ကုန်တိုင်းဒေသကြီးမှ ခြောက်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ သုံးဦး၊ ကချင်ပြည်နယ်မှ နှစ်ဦး၊ နေပြည်တော်မှ သုံးဦး၊ မွန်ပြည်နယ်မှ တစ်ဦး၊ ရခိုင်ပြည်နယ်မှ သုံးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ခုနစ်ဦး၊ မကွေးတိုင်းဒေသကြီးမှ ငါးဦး၊ ပဲခူးတိုင်းဒေသကြီးမှ တစ်ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှ ၂၉ ဦးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းမှ ခုနစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကိုဗစ်-၁၉ရောဂါပိုး ရှိ/မရှိ စစ်ဆေးခဲ့ရာတွင် စစ်ဆေးချက်အဖြေအရ နေရပ်ပြန်ပြည်သူအားလုံးတွင် ရောဂါပိုးမတွေ့ရှိရကြောင်း ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ကော်မတီထံမှ သိရသည်။

ဇင်ဇင် (ပြန်/ဆက်)



ကျန်းမာရေးဝန်ထမ်းများက နေရပ်ပြန်ပြည်သူတစ်ဦးကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ စစ်ဆေးစဉ်။





# တိုင်းဒေသကြီးအတွင်းရှိ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဂိုဏ်းပေါင်းစုံ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဂိုဏ်းပေါင်းစုံ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပြီး ဆရာတော်ကြီးများအား သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့မွန်းလွဲ ၃ နာရီက အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မဟာဘွဲ့နှင်းခန်းမ) ၌ ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဂိုဏ်းပေါင်းစုံ ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့် အဖွဲ့ဝင်များ၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ အခမ်းအနားတက်ရောက်လာသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာ ဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်ကြီးများဟောကြားချီးမြှင့်တော်မူသော ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုကြကာ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် မစိုးရိမ်တိုက် ပါဠိနယူပဒေသကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိစိတ္တာဘိဝံသထံမှ အနုမောဒနာတရားတော်များ နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် တည်ဆောက်ရေး လုပ်ငန်းများအတွက် ပြည်နယ်တည်ဆောက်ရေးတင်ဒါဇဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၁၇**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ် တည်ဆောက်ရေးလုပ်ငန်းများအတွက် ပြည်နယ်တည်ဆောက်ရေး တင်ဒါဇဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်း အစည်းအဝေးတွင် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်တည်ဆောက်ရေး တင်ဒါဇဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး မင်းသန်းက ပြည်နယ်တည်ဆောက်ရေး ဇဟိုကော်မတီကို ဖွဲ့စည်းပြီး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကော်မတီဝင်များ ဖွဲ့စည်းတာဝန်ပေးထားမှု၊ ပြည်နယ်တည်ဆောက်ရေးဇဟိုကော်မတီ၏ လုပ်ငန်းများ၊ ပြည်နယ်ဦးစီးမှူးများအား တာဝန်ပေးအပ်ထားရှိမှု စသည့်အခြေအနေများကို ရှင်းလင်းပြီး အမှာစကား ပြောကြားသည်။



ရခိုင်ပြည်နယ် တည်ဆောက်ရေးတင်ဒါဇဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

ဆက်လက်၍ ပြည်နယ်တည်ဆောက်ရေး လုပ်ငန်း၊ ပြည်နယ်တည်ဆောက်ရေး တင်ဒါဇဟိုကော်မတီ အဖွဲ့ဝင်များက တင်ဒါဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းများအား ရှင်းလင်းဆွေးနွေးကြပြီး ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် တည်ဆောက်ရေးလုပ်ငန်းများအား တင်ဒါခေါ်ယူဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်တည်ဆောက်ရေး တင်ဒါဇဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး မင်းသန်းက ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်တည်ဆောက်ရေး တင်ဒါဇဟိုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

# ပြည်သူ့ဝန်ထမ်း ပြည်ချစ်ပန်း

- ပြည်သူ့ ဝန်ထမ်း၊ ပြည်ချစ်ပန်းမို့
  လုပ်ငန်းတာဝန်၊ မြဲကျေပွန်နေ
  မလွဲသွေခဲ့၊ တို့ရဲ့သမိုင်း
  မရိုင်းဂုဏ်အင်၊ ကုန်အစင်ရှိ
  မျှော်တွေးကြည့်တိုင်း၊ ရင်ခတ်လှိုင်းတည့်။

- ဝန်ထမ်းဘဝ၊ ချို့မြ ကြည်ဖြူ
  ပြည်သူကိုပင်၊ ဦးတင်လုပ်ကျွေး
  ရှုပ်ထွေးမရှိ၊ ကိုယ့်မိကိုယ့်ဖ
  ဘဝလန်းဖြာ၊ စဉ်သာယာကြောင်း
  စိတ်ထားကောင်းနှင့်၊ ရေမြင့် ကြာမြင့်
  ပန်းတင့်ဘိ၊ သမိုင်းရှိ။

- ပြည့်ဝန်ထမ်းစဉ်၊ လုပ်ငန်းခွင်သို့
  မိုးတို့သည်းရွာ၊ မုန်တိုင်းလာစေ
  ဘာတွေဖျက်ဖျက်၊ မပျက်အစဉ်
  သက်ဝင်ပြည်ကျိုး၊ တူသယ်ပိုးကြ
  ပရဟိတ၊ မြတ်ဘဝမို့
  အားကျဂုဏ်ယူ ချစ်ခင်မိ။
  လေးစားလှဘိ တန်ဖိုးရှိ။

- စေလိုရာစေ၊ ထားရာနေကာ
  တာဝန်ကျေတတ်၊ စိတ်ထားမြတ်သည့်
  တတ်သိပညာရှင်၊ လုပ်ငန်းခွင်တိုင်း
  တုံ့ဆိုင်းမပြတ်၊ လေးအမြတ်ပြု
  ကောင်းမှုထုံလွှမ်း၊ ပြည်ချစ်ပန်းဘဝ
  အားကျလှဘိ၊ မြတ်နိုးမိ။

- ဩော်..
  ပြည်သူ့ဝန်ထမ်း၊ ပြည်ချစ်ပန်းတည့်
  အေးချမ်းရွှေပြည်၊ ဝေစည် ရည်မှန်း
  တာဝန် ထမ်းလျှောက်၊ ခရီးပေါက်ဖို့...
  ပြည်သူ့အကျိုး၊ စဉ်သယ်ပိုးဖို့...
  မြတ်နိုးကျင်ရာ၊ ယုံကြည်ရာတွက်
  ဘယ်သူဖျက်ဖျက်၊ မပျက်နှင့်
  ယုံကြည်ချက်နဲ့၊ ရှေ့ဆက်အသင့်။ ။

**ကျော်စွာမိုးနိုင်**

အနာဂတ်ကမ္ဘာ သာယာဖို့
အိုဇုန်းလွှာကို ကာကွယ်စို့

# ပင်လောင်းမြို့နယ်၌ ကလေးသူငယ်များအား ဗီတာမင်အေနှင့် သန်ချဆေး တိုက်ကျွေး

**ပင်လောင်း ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ အသက်နှစ်နှစ်မှ ငါးနှစ်အောက် ကလေးသူငယ်များအား သန်ချဆေးနှင့် အသက်ခြောက်လမှငါးနှစ်အောက် ကလေးသူငယ်များကို ဗီတာမင်အေဆေး တိုက်ကျွေးခြင်းလုပ်ငန်းကို မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**



အသက်နှစ်နှစ်မှ ငါးနှစ်အောက် ကလေးငယ်များအား သန်ချဆေး၊ အသက်ခြောက်လမှ တစ်နှစ်အောက် ကလေးသူငယ်များအား ယူနစ် တစ်သိန်း ဗီတာမင်အေဆေး၊ အသက်နှစ်နှစ်မှ ငါးနှစ်အောက် ကလေးသူငယ်များကို ယူနစ်နှစ်သိန်း ဗီတာမင်အေဆေးများ တိုက်ကျွေးပေးပြီး အဆိုပါ ဆေးတိုက်ကျွေးခြင်း လုပ်ငန်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများရှိ စုရပ်အသီးသီး၌ တိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# သစ္စာရှိရှိ နိုင်ငံ့တာဝန်များထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ ရုံးတက်မြင်ကွင်း

နိုင်ငံတော်၏ ယန္တရားလည်ပတ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရတစ်ရပ်သည် ဌာနဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းများကို ဦးဆောင်လမ်းညွှန်ပြုရသည်။ အစိုးရနှင့် နိုင်ငံ့ဝန်ထမ်းအားလုံးသည် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားများကို ဦးတည်ကြိုးပမ်းဆောင်ရွက်ကြရသည်။ နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူတို့၏ အကျိုးစီးပွားကို ဦးတည်ချက်ထားပြီး ထမ်းဆောင်ရမည့် တာဝန်၊ လိုက်နာရမည့် စည်းကမ်း၊ စောင့်ထိန်းရမည့်ကျင့်ဝတ်တို့ကို မပျက်မကွက် လိုက်နာစောင့်ထိန်းရမည် ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ရန်၊ ပြည်သူများ၏ အကျိုးစီးပွားအတွက် လုပ်ငန်းတာဝန်များကို သယ်ပိုးဆောင်ရွက်နိုင်ရန်အတွက် နေပြည်တော်၌ ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက ဌာနအသီးသီးမှ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်များထမ်းဆောင်ရန် ရုံးတက်လာသည့် ဝန်ထမ်းများ စီးနင်းလိုက်ပါသော ဖယ်ရီကားများကိုတွေ့ရသည့် ဓာတ်ပုံမြင်ကွင်းကို ဖော်ပြလိုက်ရပါသည်။


















# တာဝန်ထမ်းဆောင်စဉ် ဒဏ်ရာရရှိပြီး ကွယ်လွန်သွားသော ရဲတပ်ဖွဲ့ဝင်၏ မိသားစုအား လူနေတိုက်ခန်းထောက်ပံ့

**မန္တလေး ဖေဖော်ဝါရီ ၁၇**

စည်ပင်သာယာရဲတပ်ဖွဲ့ (မန္တလေး)မှ တပ်ဖွဲ့ဝင်တစ်ဦးသည် ဖေဖော်ဝါရီ ၁၃ ရက် ည ၁၁ နာရီတွင် တာဝန်ထမ်းဆောင်စဉ် ပြင်းထန်ဒဏ်ရာများရရှိသဖြင့် တပ်မတော်ဆေးရုံ (ခုတင် ၇၀၀ဆံ့ ပြင်ဦးလွင်) သို့ တက်ရောက်ကုသမှုခံယူခဲ့ရာ ဖေဖော်ဝါရီ ၁၆ ရက်၌ ကွယ်လွန်သွားသောကြောင့် ကျန်ရစ်သော မိသားစုဝင်များအား လူနေတိုက်ခန်း ထောက်ပံ့ခြင်းကို ယနေ့ မွန်းလွဲပိုင်းက လမ်း ၆၀၊ ၁၀၆ လမ်းနှင့် ၁၀၇ လမ်းကြား စည်ပင်သာယာရဲတပ်ဖွဲ့ဗိုလ်ချုပ်ရုံးတွင် ပြုလုပ်သည်။

အဆိုပါထောက်ပံ့ခြင်း ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ နယ်မြေအတွင်း လုပ်ငန်းတာဝန် ထမ်းဆောင်ရင်း ကွယ်လွန်သွားသော ရဲတပ်ဖွဲ့ဝင်ဖြစ်ခြင်းကြောင့် ကျန်ရစ်သော မိသားစုများအား နေရေးထိုင်ရေး အခက်အခဲမရှိစေရန်အတွက် တိုင်းဒေသကြီးကောင်စီအနေဖြင့် တိုက်ခန်းတစ်ခန်း ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်၏ ကလေးငယ်ကိုလည်း ပညာရေးနှင့် ပတ်သက်သည့် ပံ့ပိုးမှုများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အဆိုပါ ရဲတပ်ဖွဲ့မှ ကွယ်လွန်သွားသော ရဲဒုတပ်ကြပ်၏ ဇနီးဖြစ်သူအား လူနေတိုက်ခန်းနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ပေးအပ်သည်။ (ယာပုံ)

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ မြို့တော်ဝန်နှင့် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ စည်ပင်သာယာရဲတပ်ဖွဲ့မှ မိသားစုဝင်များ တက်ရောက်ကြသည်။

ယနေ့ ထောက်ပံ့ပေးအပ်သော တိုက်ခန်းမှာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောက်လုပ်ထားသော မြရည်နန္ဒာ တန်ဖိုးမျှတ အိမ်ရာစီမံကိန်းတိုက်ခန်းဖြစ်ပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့က တစ်ဝက်စီ ကျခံပေးချေခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# ဗဟိုဘဏ်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးနှင့် တပ်မတော်သတင်းမှန် ပြန်ကြားရေး Website များ တိုက်ခိုက်ခံရ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးနှင့် တပ်မတော်သတင်းမှန်ပြန်ကြားရေး၏ သာမန်သတင်းထုတ်ပြန်ရေး Website များအား ယနေ့ မွန်းလွဲပိုင်းတွင် အဖျက်အမှောင့်လုပ်ဆောင်လိုသည့် မသမာသူများက ခေတ္တရပ်တန့်သွားအောင် နှောင့်ယှက်ခဲ့ကြောင်း သိရသည်။

ယင်း Website များအနက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးနှင့် တပ်မတော်သတင်းမှန်ပြန်ကြားရေး Website တို့အား တပ်မတော်မှ ကွန်ပျူတာပညာရှင်များ၏ ကြိုးပမ်းမှုကြောင့် နာရီပိုင်းအတွင်း ပြန်လည်လုပ်ငန်းလည်ပတ်ခဲ့ပြီး ဗဟိုဘဏ် Website ကို မူလဆောင်ရွက်ပေးသည့် ကုမ္ပဏီအားခေါ်ယူ၍ လည်ပတ်စေရန်ဆောင်ရွက်လျက်ရှိကာ မူလအခြေအနေသို့ မကြာမီပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်းနှင့် အဆိုပါ Website များသည် သာမန်နေ့စဉ်သတင်းထုတ်ပြန်နေသော Website များဖြစ်ပြီး လုပ်ငန်းစနစ်များ ဆောင်ရွက်နေသော Website များ မဟုတ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

# သတင်းပေး တိုင်ကြားနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နိုင်ငံဝန်ထမ်းများ ဆူပူဆန္ဒပြမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်သူများနှင့်ပတ်သက်၍ သတင်းပေးတိုင်ကြားနိုင်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ နှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှစ၍ နိုင်ငံတော်တွင် အရေးပေါ်အခြေအနေ သတ်မှတ်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်၏ယန္တရားကို ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်စေရန် ဆောင်ရွက်လျက်ရှိရာ အနုပညာနယ်ပယ်မှ သရုပ်ဆောင် ပြေတီဦး၊ ဒါရိုက်တာကိုပေါက်၊ သရုပ်ဆောင် လူမင်း၊ ဒါရိုက်တာဝိုင်း၊ ဒါရိုက်တာဇာကြီးနှင့် အဆိုတော် အနဂ္ဂတို့သည် မိမိတို့၏ ထင်ပေါ်ကျော်ကြားမှုကို အသုံးပြု၍ နိုင်ငံတာဝန်ကို ထမ်းဆောင်နေသည့် ဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်းများ ပြုလုပ်သဖြင့် ၎င်းတို့အား သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅ - က ဖြင့် အမှုဖွင့်ထားရှိပြီးဖြစ်ကြောင်း။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသဖြင့် နိုင်ငံတော်တည်ငြိမ်ရေး ပျက်ပြားစေရန်နှင့် နိုင်ငံတော်၏ယန္တရားများ လည်ပတ်ခြင်းကို ထိခိုက်စေရန် လှုံ့ဆော်လျက်ရှိသော ပြေတီဦး၊ ကိုပေါက်၊ လူမင်း၊ ဝိုင်း၊ ဇာကြီးနှင့် အနဂ္ဂတို့အား ဖမ်းဆီးရမိရေးအတွက် အနီးဆုံးရဲစခန်းများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် တိုင်ကြားနိုင်ရန် ထုတ်ပြန်ထားသည့် တယ်လီဖုန်းနံပါတ်များသို့ သတင်းပေးတိုင်တန်းနိုင်ကြောင်းနှင့် ၎င်းတို့အား လက်ခံထားပါက လက်ခံထားသူများကိုပါ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

သတင်းစဉ်

# အမ်းမြို့နယ်တွင် ကမ္ဘာ့ရတနာဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ အင်းဝဘဏ်တို့မှ ဘဏ်လုပ်ငန်းများ ရပ်ဆိုင်းထားခြင်းမရှိဘဲ ဝန်ဆောင်မှုပေးလျက်ရှိ

**အမ်း ဖေဖော်ဝါရီ ၁၇**

ရခိုင်ပြည်နယ် အမ်းမြို့နယ်တွင် ဒေသတည်ငြိမ် အေးချမ်းလျက်ရှိပြီး ဘဏ်လုပ်ငန်းများ လည်ပတ်နိုင်ရန်အတွက် ပြည်သူများ ငွေကြေးစိတ်ချယုံကြည်ရေးနှင့် လုံခြုံရေးကို တပ်မတော်၊ ရဲတပ်ဖွဲ့တို့မှ တာဝန်ယူပေးလျက် ဘဏ်လုပ်ငန်းများအား ရပ်ဆိုင်းထားခြင်းမရှိဘဲ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဘဏ်တို့မှာ ကမ္ဘာ့ရတနာဘဏ်၊ အင်းဝဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်တို့ဖြစ်ပြီး လက်ရှိအခြေအနေမှာ ကမ္ဘာ့ရတနာဘဏ်တွင် ဖွင့်လှစ်၍ ဘဏ်ဝန်ဆောင်မှု ပေးလျက်ရှိခြင်း၊ အင်းဝဘဏ်တွင်လည်း ရပ်ဆိုင်းထားခြင်းမရှိ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်၍ ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲကိစ္စရပ်များကို နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီအထိ လက်ခံဆောင်ရွက်ပေးနေကြောင်း အင်းဝဘဏ်တာဝန်ခံ (မန်နေဂျာ) ဦးအေးမြင့်ဦးထံမှ သိရသည်။

ထို့ပြင် မြန်မာ့စီးပွားရေးဘဏ် အနေဖြင့်လည်း ဘဏ်လုပ်ငန်းများကို ပုံမှန်လည်ပတ်လျက်ရှိပြီး ယင်းဘဏ်၏ လက်ရှိအခြေအနေမှာ မြန်မာ့စီးပွားရေးဘဏ်ကို ပိတ်ထားခြင်း၊ ဘဏ်လုပ်ငန်းများ ရပ်ဆိုင်းထားခြင်း မရှိပါကြောင်း၊ ဘဏ်ကို ပုံမှန်အတိုင်း နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ထားပြီး ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲ ကိစ္စရပ်များကို နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီ အထိ လက်ခံဆောင်ရွက်ပေးနေကြောင်း၊ ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲ၊ ငွေစုဘဏ်စာအုပ် ဖွင့်လှစ်ခြင်းများကို ယုံကြည်စိတ်ချစွာဖြင့် ပြည်သူများအတွက် ဆောင်ရွက်ပေးလျက် ရှိကြောင်း မြန်မာ့စီးပွားရေး ဘဏ်မန်နေဂျာ ဒေါ်ကြည်ကြည်ဝင်းထံမှ သိရသည်။

အဆိုပါ ဘဏ်များမှာ ပြည်သူများကို ယုံကြည်စိတ်ချစွာဖြင့် ဘဏ်လုပ်ငန်းများ ဝန်ဆောင်မှုပေးလျက်ရှိပြီး ငွေကြေးစိတ်ချယုံကြည်ရေးနှင့် လုံခြုံရေးကိုလည်း တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)








# မောင်တောမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မောင်တောမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီခန့်တွင် မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာ ပူးပေါင်းစစ်ဆေးရေးစခန်းတွင် အငူမော်ဘက်မှ ကြိမ်ချောင်းဘက်သို့ ခိုင်ဇော်(ခ)အေးကျော်သန်း မောင်းနှင်လာသည့် KLUGER မော်တော်ယာဉ်ကို ရှာဖွေရာ ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၈၃၈၅၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်း ရမိသော စိတ်ကြွရူးသွပ်ဆေးပြားများမှာ ရန်ကုန်မှ မောင်တောမြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း နှင့် ကွင်းဆက်တရားခံများ စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ခိုင်ဇော်(ခ)အေးကျော်သန်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ဘားအံ၊ ဟုမ္မလင်း၊ တာချီလိတ်နှင့် ဟိုပုံးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



မနော်နီဖော်(ခ)မရွှေ၊ စောဖဝေါ်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ဘားအံမြို့နယ် ဘားအံ-အိန္ဒုသွားကားလမ်း ကော့ခမိတ်တောင်ကြားတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၆ နာရီခွဲတွင် စောဖဝေါ် မောင်းနှင်ပြီး မနော်နီဖော်(ခ)မရွှေ လိုက်ပါလာသည့် AUDI YANASE အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၂၀၁၈၅ ပြားကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၅နာရီတွင် ဟုမ္မလင်းမြို့နယ် နောင်ဖာမူကျေးရွာအုပ်စု ပေကုန်းကျေးရွာအနီးတွင် အေးလွင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၅၅ ကီလိုကိုလည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၃နာရီခွဲခန့်တွင် တာချီလိတ်မြို့နယ် မိုင်းဟဲကျေးရွာအုပ်စု ပန်စလိကျေးရွာနေ လော်ဘ(ခ)ပြောင်ကြီး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀ နှင့် ဘိန်းဖြူ ၀ ဒသမ ၀၀၈ ကီလိုတို့ကိုလည်းကောင်း။

ထို့နောက် ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် ဟိုပုံးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့ အနောက်ရပ်ကွက်တွင် အောင်သိုက် မောင်းနှင်ပြီး အုံးဖေ (ခ) ဘာဘူ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ကလောမြို့၌ နေအိမ်တစ်လုံး မီးလောင် သုံးဦးဒဏ်ရာရ

**ကလော ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ် တောင်ပိုင်း ကလောမြို့ အမှတ်(၁၀)ရပ်ကွက် ချယ်ရီလမ်းတွင် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၇ နာရီခွဲခန့်က ဘုရားမီး ပူဇော်ရာမှတစ်ဆင့် နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားရာ သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဦးညွန့်ရွှေ၏ ဇနီးဖြစ်သူ ဒေါ်ရီရီတင့်သည် နေအိမ်တွင် ဘုရားမီး ပူဇော်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ရာ နေအိမ်အပေါ်ထပ် တစ်ခုလုံး မီးလောင်ပျက်စီးခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ ကလောမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မျိုးလွင်နှင့် ရဲအုပ်ဆန်းလွင် ဦးစီးတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇော် ဦးစီးတပ်ဖွဲ့ဝင်များ၊ ပြည်သူများ ပူးပေါင်း၍ မီးသတ်ယာဉ်နှစ်စီး အထောက်အကူပြုယာဉ် တစ်စီးတို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီခန့်တွင်မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ဦးညွန့်ရွှေ (၇၅ နှစ်)၊ ကိုမျိုးမင်း ဦး (၄၅ နှစ်)နှင့် ရိန်းဝေယံထွန်း (နှစ်နှစ်ခြောက်လ)တို့တွင် မီးလောင်ဒဏ်ရာများ ရရှိခဲ့သည်။

မီးလောင်မှုနှင့် ပတ်သက်၍ ကလောမြို့နယ်ရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်(၂) ၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၈၉) ရပ်ကွက် ဦးတရုတ်ကြီးလမ်း၊ စက်မှုဇုန် (၂) ခြံအမှတ် (၁၁၇)ရှိ OAK TREE ကျောပိုးအိတ်ချုပ်စက်ရုံတွင် ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီ ၂၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမင်းဆန်းအေး၊ ဒုတိယတိုင်း မီးသတ်ဦးစီးမှူး ဦးသိန်းမြင့်၊ တိုင်း၊ ခရိုင် လေးခရိုင်မှ မီးသတ်ဦးစီးမှူးတို့သည် မီးငြိမ်းသတ်ယာဉ် ၄၆ စီး၊ ရေသယ်ယာဉ် ၁၃ စီး၊ အုပ်ချုပ် မှုယာဉ် ခုနစ်စီး အထောက်အကူပြု ယာဉ် ခြောက်စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၄၅၀ ကျော်ခန့်နှင့် အရန်မီးသတ် တပ်ဖွဲ့ဝင် ၁၀၀ ကျော်ခန့် ပူးပေါင်း ဝိုင်းဝန်း၍ Leval-3 အဆင့် သတ်မှတ်ပြီး မီးငြိမ်းသတ်ရာ မွန်းလွဲ ၃ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။




အဆိုပါ မီးလောင်မှုကြောင့် လူထိခိုက်သေဆုံးမှု မရှိကြောင်းနှင့် မီးလောင်ရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိပြီး အမှုဖွင့်ထားကြောင်း သိရသည်။

၀၂၅

# ပျဉ်းမနားမြို့၌ အမျိုးသားနှစ်ဦးအား လက်နက်ဥပဒေဖြင့် အမှုဖွင့်အရေးယူ

**ပျဉ်းမနား ဖေဖော်ဝါရီ ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့ မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် သိန်းဇော်ထွေးနှင့် တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၅ ရက်က နယ်မြေအတွင်း လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် ပျဉ်းမနားမြို့ ရှမ်းကန်ရှေ့ ဗိုလ်ချုပ်ကြေးရုပ်အနီး လမ်းမပေါ်တွင် မသင်္ကာဖွယ် လူနှစ်ဦးအား တွေ့ရှိရသဖြင့် စစ်ဆေးမေးမြန်းခဲ့သည်။

စစ်ဆေးမေးမြန်းချက်အရ ၎င်းတို့နှစ်ဦးမှာ ပျဉ်းမနားမြို့ တောင်သာအုပ်စု မြို့ဦးရပ်နေထိုင်သူဖြစ်ပြီး ဖိုးလပြည့်(၁၉ နှစ် ) လွယ်ထားသော လွယ်အိတ်အတွင်းမှ စကောဘာ တစ်ချောင်းနှင့် အငယ်လေး (၃၂ နှစ်) လွယ်ထားသော လွယ်အိတ်အတွင်းမှ အရိုး ၅ လက်မ၊ အသွား ၁၂ လက်မ ဓားဦးချွန်တစ်ချောင်းတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ပျဉ်းမနားရဲစခန်းက အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇော်မျိုးနိုင်

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၂၂ စီး၊ သွင်းကုန် အစီး ၁၇၀၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၆၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ ဖမ်းဆီးမှုတစ်မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၈ ဒသမ ၇၅၀ သန်းတန်ဖိုးရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ခွင့်ပြုချက်မရှိသော တရားမဝင် ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည့် အေးခဲအသားတုမျိုးစုံ ၅၀၀၀ ကီလို (၇၉) ပါကင်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဂျပန်နိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းများကို ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေးတော့မည်

တိုကျို ဖေဖော်ဝါရီ ၁၇

**ဂျပန်တစ်နိုင်ငံလုံးရှိ ကျန်းမာရေးဌာနများတွင် ကျန်းမာရေး ဝန်ထမ်းများကို ကာကွယ်ဆေးများ စတင်ထိုးနှံပေးနေပြီ ဖြစ်ကြောင်း သိရသည်။**

အမေရိကန်ဆေးကုမ္ပဏီ ဖိုက်ဇာနှင့် ဂျာမနီမိတ်ဖက် ဆေးကုမ္ပဏီဖြစ်သည့် ဘိုင်ရွန်တက်ခ်ကုမ္ပဏီတို့မှ ထုတ်လုပ်လိုက်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဆေးရုံပေါင်း ၁၀၀ ခန့်၌ ကျန်းမာရေးဝန်ထမ်း ၄၀၀၀၀ ခန့်ကို ပထမဦးစားပေးအုပ်စုအနေဖြင့် ကာကွယ်ဆေးများ စတင်ထိုးပေးနေပြီဖြစ်သည်။

တိုကျိုအမျိုးသားဆေးဘက်ဆိုင်ရာဌာနရှိဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁၇ ရက်က ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးကို စတင်ထိုးနှံခံခဲ့သည်။ ၎င်းတို့သည် သီတင်းပတ် သုံးပတ်ကြာပြီးနောက် ဒုတိယအသုတ်ကို ထိုးနှံခံရမည်ဖြစ်ကြောင်း သိရသည်။ ဆေးဘက်ဆိုင်ရာဌာနရှိ ကျန်းမာရေးဝန်ထမ်း ၈၀၀ ခန့်သည် ကာကွယ်ဆေးထိုးပေးမည့် ပထမဦးစားပေးအုပ်စုတွင် ပါဝင်ကြောင်း သိရသည်။

ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီး ယာမာမိုတို ဟီရိုရှိက ကာကွယ်ဆေးထိုးလုပ်ဆောင်မှုများကို လေ့လာကြည့်ရှုပြီးနောက် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ထိရောက်စွာ ကာကွယ်နိုင်မည့် ကြီးမားသောခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း သတင်းထောက်များကို ပြောကြားလိုက်သည်။

ဂျပန်နိုင်ငံရှိ ပြည်သူများစိတ်ချမ်းသာစွာဖြင့် ကာကွယ်ဆေးထိုးနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာရေးဝန်ထမ်းများနှင့်သာမက ခရိုင်အစိုးရများနှင့်ပါ နီးကပ်စွာ ဆက်သွယ်လုပ်ဆောင်လျက်ရှိကြောင်းနှင့် ခရိုင်အစိုးရနှင့် ဝန်ထမ်းများ၏အသံကိုလည်း နားထောင်လျက်ရှိကြောင်း ယာမာမိုတိုက ပြောကြားလိုက်သည်။

ကာကွယ်ဆေးထိုးခြင်း၏ ဘေးထွက်ဆိုးကျိုးများကို စမ်းသပ်စစ်ဆေးရန် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုခံယူပြီးသည့် ကနဦး ဦးစားပေးအုပ်စုမှ ဦးရေ ၂၀၀၀၀ ခန့်ကို သီတင်းပတ်လေးပတ်ကြာ သုတေသနဆန်းစစ်လေ့လာရန် စီစဉ်ထားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။ ထို့နောက် ၎င်းတို့၏ တွေ့ရှိချက်များကို မကြာမီထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

ကျန်းမာရေးဝန်ကြီးဌာနသည် မတ်လလယ်ခန့်တွင် ကျန်ရှိနေသည့် ကျန်းမာရေးဝန်ထမ်း ၃ ဒသမ ၇ သန်း ကို စတင်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ကာကွယ်ဆေးထိုးရာတွင် အသက် ၆၅ နှစ်နှင့် ၎င်းအထက် ပြည်သူများကို ဧပြီလမှ စတင်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဟန်ဂေရီနိုင်ငံက ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအသုတ် လက်ခံရရှိ

**ဘူဒါပက် ဖေဖော်ဝါရီ ၁၇**

ဟန်ဂေရီနိုင်ငံက ဝယ်ယူထားသော တရုတ်နိုင်ငံ၏ ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအသုတ်သည် ဘူဒါပက်သို့ ဖေဖော်ဝါရီ ၁၆ ရက်က ရောက်ရှိလာခဲ့သည်။

လစ်ဇ်ဖီရမ့် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသော အဆိုပါ ကာကွယ်ဆေးများကို ဟန်ဂေရီ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေး ဝန်ကြီး တာမက်ဇ်မန့်ဇာနှင့် ဟန်ဂေရီနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ချီဒါယုတို့က ကြိုဆိုလက်ခံခဲ့ကြသည်။

ဥရောပတွင် ဆီနိုဖမ်း ကာကွယ်ဆေးကို ပထမဆုံးအသုံးပြုခဲ့သည့်နိုင်ငံမှာ မိမိတို့နိုင်ငံဖြစ်ကြောင်း၊ မိမိတို့သည် ပြည်သူများ၏ အသက်ကို ကာကွယ်နိုင်ရေးနှင့် စီးပွားရေး ပြန်လည်နာလန်ထူလာအောင် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကို ဆန့်ကျင်တိုက်ထုတ်ရာတွင် မိမိတို့သည် တရုတ်နိုင်ငံနှင့်အတူ တိုက်ထုတ်သွားမည်ဖြစ်ကြောင်း၊ ယနေ့သည် ဟန်ဂေရီနိုင်ငံအတွက် အလွန်ကို အရေးကြီးသော နေ့ဖြစ်ကြောင်း မန့်ဇာက ပြောကြားလိုက်သည်။

တရုတ်နှင့် ဟန်ဂေရီနိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါကို တိုက်ဖျက်ရာတွင် ပူးပေါင်းပြီး တိုက်ထုတ်သွားရမည်ဖြစ်ကြောင်းနှင့် ယနေ့ရောက်ရှိလာသော တရုတ်နိုင်ငံ၏ ကာကွယ်ဆေးသည် ကမ္ဘာ့ပြည်သူလူထုကို ကောင်းစေချင်သည့် တရုတ်နိုင်ငံ၏ ကတိတည်ကြောင်းပြသသည့် ပြယုဂ်တစ်ခုအဖြစ် ချီက ပြောကြားလိုက်သည်။

ဟန်ဂေရီနိုင်ငံသည် ဇန်နဝါရီ ၂၉ ရက်က တရုတ်နိုင်ငံ၏ ကာကွယ်ဆေးဖြစ်သည့် ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဝယ်ယူရန် လက်မှတ်ရေးထိုးခဲ့သည်။ ဆီနိုဖမ်း ကာကွယ်ဆေးများကို ဟန်ဂေရီပြည်သူ ၂ ဒသမ ၅ သန်းကို ထိုးပေးမည်ဖြစ်သည်။

ဆီနိုဖမ်း ကာကွယ်ဆေး အပါအဝင် ဟန်ဂေရီပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ငါးမျိုးရှိနေပြီဖြစ်ကြောင်း သိရသည်။ ဟန်ဂေရီနိုင်ငံသည် တရုတ်နိုင်ငံထုတ် ကာကွယ်ဆေးကို ဝယ်ယူအသုံးပြုခွင့်ပေးခဲ့သည့် ပထမဆုံး ဥရောပနိုင်ငံတစ်နိုင်ငံဖြစ်သည်။

ဖေဖော်ဝါရီ ၁၆ ရက်က ဟန်ဂေရီနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအသစ် ၈၂၃ ဦး ရှိလာခဲ့မှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၈၉၆၂၂ ဦး ရှိလာခဲ့ကြောင်း အစိုးရဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။

ဖေဖော်ဝါရီ ၁၆ ရက်က ဟန်ဂေရီနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးခဲ့သူ ၈၅ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်း ၁၃၈၃၇ ဦး ရှိလာခဲ့သည်။ ၎င်းတို့အနက် ၂၉၈၇၇၃ ဦးမှာ ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကောင်းမွန်လာခဲ့ပြီး ၃၉၇၉ ဦးမှာ ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကာ ၎င်းတို့အနက် ၃၁၈ ဦးမှာ အရေးပေါ် အသက်ရှူကိရိယာဖြင့် အသက်ရှူနေရကြောင်း သိရသည်။ **ဆင်ဟွာ**



ဟန်ဂေရီနိုင်ငံသို့ရောက်ရှိလာသော တရုတ်နိုင်ငံထုတ် ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေးများ လေယာဉ်ပေါ်မှ သယ်ဆောင်နေသည်ကို တွေ့ရစဉ်။

## တရုတ်နိုင်ငံမှ ပေးပို့သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုင်းနိုင်ငံသို့ ဖေဖော်ဝါရီ ၂၄ ရက်တွင် ပထမအသုတ်ရောက်ရှိမည်ဟု ထိုင်းဒုတိယဝန်ကြီးချုပ်ပြော

**ဘန်ကောက် ဖေဖော်ဝါရီ ၁၇**

တရုတ်နိုင်ငံမှ ထိုင်းနိုင်ငံသို့ ပေးပို့လိုက်သည့် ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးသည် လာမည့်သီတင်းပတ်မှ စတင်ရောက်ရှိလာမည်ဖြစ်ကြောင်း ထိုင်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီး အနူတင်ချာနာဗီရာကူးလ်က ဖေဖော်ဝါရီ ၁၇ ရက်က ပြောကြားလိုက်သည်။

လွှတ်တော်တွင် ဒုတိယနေ့ အချေအတင်ဆွေးနွေးမှု၌ အနူတင်က တရုတ်နိုင်ငံမှ ပေးပို့လိုက်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအသုတ်သည် ဖေဖော်ဝါရီ ၂၄ ရက်တွင် ထိုင်းနိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်ကြောင်းနှင့် နောက်လတွင် ဒုတိယအသုတ် ထပ်မံရောက်ရှိလာမည်ဖြစ်ပြီး ဧပြီလတွင် တတိယအသုတ် ရောက်ရှိလာမည်ဖြစ်ကြောင်း ဥပဒေပြု လွှတ်တော်အမတ်များကို ပြောကြားလိုက်သည်။

ဒုတိယဝန်ကြီးချုပ်က ဆီယမ်ဘိုင်အိုဆိုင်းရင့်ကုမ္ပဏီက ထိုင်းနိုင်ငံတွင် ထုတ်လုပ်လျက်ရှိသော အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေးများကိုလည်း မေလ နှောင်းပိုင်းနှင့် ဇွန်လအစောပိုင်းတွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း ဆက်လက်ပြောကြားလိုက်သည်။

ဘိုင်အိုဆိုင်းရင့် ကုမ္ပဏီက ထုတ်လုပ်လျက်ရှိသော အက်စ်ထရာဇနီကာ ကာကွယ်ဆေးကို နိုင်ငံပေါင်း ၆၀ သို့ ပေးပို့သွားမည်ဖြစ်ကြောင်းနှင့် အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံများသို့ ပေးပို့သွားမည်ဖြစ်ကြောင်း အနူတင်က ပြောကြားလိုက်သည်။

**ဆင်ဟွာ**

# အောက်စဖို့ဒ်တက္ကသိုလ်မှ ဝက်ဘ်ဆိုက်တစ်ခုတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးပြီးသော နိုင်ငံနှင့် ဒေသပေါင်း ၇၀ ခန့်ရှိလာ

**လန်ဒန် ဖေဖော်ဝါရီ ၁၇**

အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသီများက ပြုလုပ်ထားသော ဝက်ဘ်ဆိုက်တစ်ခုတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးပြီးသော နိုင်ငံနှင့် ဒေသပေါင်း အနည်းဆုံး ၇၀ ခန့် ရှိလာပြီဖြစ်ကြောင်း ဖော်ပြထားသည်။

အစိုးရနှင့် တခြားသတင်းရင်းမြစ်အချက်အလက်များကို အသုံးပြုဖော်ပြထားသော အဆိုပါဝက်ဘ်ဆိုက်က ကမ္ဘာတစ်ဝန်းလုံးတွင် အသုံးပြုထိုးနှံပေးနေသော ကာကွယ်ဆေးအမျိုးအစား အနည်းဆုံး ခုနစ်မျိုးခန့်ရှိကြောင်း ဖော်ပြထားသည်။

ဖေဖော်ဝါရီ ၁၇ ရက် ကမ္ဘာ့စံတော်ချိန် ၁ နာရီအချိန်အထိ ကမ္ဘာတစ်ဝန်းလုံးတွင် ကာကွယ်ဆေး ၁၇၈ သန်း ထိုးပေးပြီးပြီဖြစ်ကြောင်း ထပ်မံဖော်ပြထားသည်။

အဆိုပါဝက်ဘ်ဆိုက်တွင် လူပေါင်း ၉၁ ဒသမ ၅၇ သန်းခန့် အနည်းဆုံး ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပေးပြီးပြီဖြစ်ကြောင်း ဆက်လက်ဖော်ပြထားသည်။ အဆိုပါဖော်ပြချက်တွင် တရုတ်နိုင်ငံမှ အချက်အလက်များ မပါဝင်ကြောင်း သိရသည်။

နိုင်ငံအလိုက်ဆိုပါက အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး အမြင့်ဆုံးပမာဏဖြင့် စုစုပေါင်း ၅၂ ဒသမ ၈၈ သန်း ထိုးပေးပြီးပြီဖြစ်သည်။

တရုတ်နိုင်ငံတွင် ၄၀ ဒသမ ၅၂ သန်း၊ အင်္ဂလန်တွင် ၁၅ ဒသမ ၈၄ သန်း၊ အိန္ဒိယတွင် ၈ ဒသမ ၇၂ သန်းနှင့် အစ္စရေးတွင် ၆ ဒသမ ၆ သန်း ထိုးပေးပြီးပြီဖြစ်ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် အစ္စရေးနိုင်ငံသည် နိုင်ငံအတွင်း လူဦးရေ၏ ၄၆ ဒသမ ၁ ရာခိုင်နှုန်းခန့်ကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနိုင်ခဲ့ပြီး လူဦးရေအများဆုံး ထိုးနှံပေးနိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည်။ အင်္ဂလန်နိုင်ငံတွင် နိုင်ငံ့လူဦးရေ ၂၂ ဒသမ ၅ ရာခိုင်နှုန်း၊ အမေရိကန်ပြည်ထောင်စုတွင် ၁၁ ဒသမ ၅ ရာခိုင်နှုန်း ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ယခုအချိန်အထိ ကမ္ဘာ့လူဦးရေ၏ ၁ ရာခိုင်နှုန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးပြီးပြီဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့် ကြံရိတ်သိမ်းမှု ပုံစံပြောင်းလဲရန် ကြိုးပမ်းနေရသည့် ထိုင်းစိုက်ပျိုးရေးသမားများ

နှင်းမိုးအိမ်

ထိုင်းနိုင်ငံသည် ကမ္ဘာပေါ်တွင် ကြံစိုက်ပျိုးမှု အများဆုံးနိုင်ငံထဲမှ တစ်နိုင်ငံဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း သကြားတန်ချိန် ၁၀ သန်း ထုတ်လုပ်သည်။ သို့သော်လည်း ရှေးရိုးရာအစဉ်အလာအတိုင်း ရိတ်သိမ်းမှုပုံစံမှာမူ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်ဟု ဝေဖန်သံများ ထွက်ပေါ်လာသည်။ အစိုးရသည် ကြံစိုက်ပျိုးမှုပုံစံကို ခေတ်မီစိုက်ပျိုးမှုပုံစံ ပြောင်းလဲလိုသော်လည်း အချို့သောလယ်သမားများမှာမူ ဘဏ္ဍာရေးအရအထောက်အပံ့ရရန် မလွယ်ကူပေ။ ယခုအချိန်သည် ထိုင်းနိုင်ငံမြောက်ပိုင်းမြို့ဖြစ်သည့် အူဒုံသန်နီတွင် ကောက်ရိတ်သိမ်းနေသည့် အချိန်ဖြစ်သည်။ ယင်းဒေသသည် ကြံအဓိကစိုက်ပျိုးရေးနယ်မြေဖြစ်ပြီး လယ်သမားတစ်ဦးဖြစ်သူ လမ်ပရိုင်ခွန်ဆာဝန်က သီးနှံများကို ရှေးရိုးစဉ်လာနည်းလမ်းအတိုင်းရိတ်သိမ်းနေသည်။ လယ်ကွင်းများကို မီးရှို့ခြင်းနည်းလမ်းဖြင့် ရှင်းလင်းမှု လုပ်ဆောင်နေသည်။

### ကောက်ရိတ်သိမ်းမှုပြဿနာ

မီးတောက်အရှိန်ဖြင့် ကြံချောင်းပေါ်မှ အရွက်ခြောက်များကြွေသွားပြီး ရိတ်သိမ်းရာတွင် ပိုမိုလွယ်ကူကာ အပင်များကို ဓားဖြင့်ခုတ်ထွင် ရှင်းလင်းသည့်နည်းလမ်းထက်ပို၍ အချိန်တိုတိုဖြင့် ခရီးရောက်သည်။ အဆိုပါရိတ်သိမ်းမှုပုံစံမှာ လမ်ပရိုင်ကဲ့သို့သော လယ်သမားများအတွက် ဘဏ္ဍာရေးအရ တတ်နိုင်သည့်နည်းလမ်းဖြစ်သည်။ သို့သော်လည်း သဘာဝပတ်ဝန်းကျင်အတွက်မူ တန်ဖိုးကြီးကြီး ပေးနေရသည်။ လယ်ကွင်းများကို မီးရှို့ခြင်းဖြင့် ကောင်းကင်ယံတွင် မီးခိုးငွေ့များ တလူလူတက်နေသည်ကို တွေ့မြင်ရသည်။ ယင်းကဲ့သို့ ရိတ်သိမ်းမှုပြဿနာကြောင့် တိုင်းပြည်အတွင်း လေထုညစ်ညမ်းမှုပြဿနာကို ရင်ဆိုင်ရသည့် အဓိကအကြောင်းပြချက်တစ်ချက်ဟု ထိုင်းအစိုးရက ပြောသည်။

အာဏာပိုင်များက လယ်သမားများ ရိတ်သိမ်းမှုပုံစံကို ပြောင်းလဲစေလိုသည်။ ထို့ပြင် မီးမရှို့ဘဲရိတ်သိမ်းသည့် လယ်သမားများကို ထောက်ပံ့ကြေးများ ပေးသည်။ ထို့ပြင် သကြားစက်ရုံများအနေဖြင့် မီးရှို့ရိတ်သိမ်းထားသည့် ကြံဝယ်ယူနိုင်မှု ပမာဏကိုလည်း ကန့်သတ်ထားသည်။ လာမည့်ဘဏ္ဍာနှစ်အတွင်း မီးရှို့ရိတ်သိမ်းသည့် ကြံစိုက်ခင်း ရာခိုင်နှုန်းကို ၅ ရာခိုင်နှုန်း လျှော့ချရန် ရည်ရွယ်ထားကြသည်။ အချိန်ကုန်သက်သာပြီး ပိုမိုအဆင်ပြေသည့်အတွက် သီးနှံများကို မီးရှို့ရိတ်သိမ်းရခြင်းဖြစ်ကြောင်း လမ်ပရိုင်က ပြောသည်။ အစိုးရဘက်မှ ထောက်ပံ့ကြေးပေးသော်လည်း သကြားဈေးနှုန်းမှာ ဈေးမကောင်းသည့်အတွက် အခြားနည်းလမ်းသုံးကာ ရိတ်သိမ်းမှုပုံစံ ပြောင်းလဲပစ်နိုင်ရေးအတွက် မလွယ်ကူဟု ၎င်းက ဆက်လက်ပြောကြားသည်။

### ဈေးကွက်တွင် ဈေးနှုန်း ကျဆင်း

ပြီးခဲ့သည့် နှစ်နှစ် သုံးနှစ်အတွင်း ဈေးကွက်တွင် ဈေးနှုန်း ကျဆင်းပြီး ကြံတစ်တန်လျှင် ၃၃ ဒေါ်လာသာရှိသည်။ ယင်းဈေးနှုန်းကိုသာ ပြုပြင်ပြောင်းလဲပေးပါက မီးရှို့ ရိတ်သိမ်းမှုပုံစံကိုလည်း ပြောင်းလဲပစ်နိုင်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

စက်ဖြင့်ကြံများ ရိတ်သိမ်းခြင်းမှာ လုပ်သားသုံး၍ ကြံခုတ်ခြင်းထက် အဆ ၁၀၀ပို၍ မြန်ဆန်သည်။ သို့သော်လည်း ကုန်ကျစရိတ်မှာ များပြားလွန်းသည်။ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ကိုင်သူများအတွက်မူ လက်လှမ်းမီနိုင်သည့် အနေအထားထက် ကျော်လွန်နေသည်။ ရင်းနှီးမြုပ်နှံလိုသူများအတွက် အစိုးရက အတိုးနှုန်း



ကြံရိတ်သိမ်းရန် ကြံခင်းများကို မီးရှို့ခြင်းနည်းလမ်းဖြင့် လုပ်ဆောင်နေစဉ်။

**"ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှ စီးပွားရေး အင်အားကြီးနိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။ သို့သော်လည်း ကမ္ဘာ့ဘဏ် ၏ ပြောကြားချက်အရ ဆင်းရဲမွဲတေမှု အချိုးမှာ မကြာသေးမီ နှစ်များတွင် များပြားလာသည်ဟု သိရသည်။ ယခုအချိန်ထိ အူဒုံသန်နီဒေသရှိ တစ်ပိုင်တစ်နိုင် ကြံစိုက်ပျိုးသူများမှာ ရွေးချယ်စရာမရှိဘဲ ရှေးရိုးစဉ်လာ ကြံရိတ်သိမ်းမှုနည်းလမ်းကိုသာ အသုံးပြု နေကြဆဲဖြစ်"**

သက်သာစွာဖြင့် ပြုလုပ်ပေးထားသော်လည်း လယ်သမားများမှာ တစ်နှစ်လျှင် ဒေါ်လာ ၂၆၀၀ သာ ဝင်ငွေရှိသည်။ အများစုမှာ အကြွေးနွံအတွင်း နစ်နေကြသည်။ ထို့ကြောင့် လယ်သမားအများစုမှာ ယင်းကမ်းလှမ်းမှုကို လက်သင့်ခံရန် တွန့်ဆုတ်နေကြသည်။

သကြားစက်ရုံများက ကြံဝယ်ယူမှုပုံစံကလည်း ကြံစိုက်တောင်သူများ မီးရှို့သည့်နည်းလမ်းကို ရပ်တန့်စေရန် စိတ်ဝင်စားမှုတစ်ရပ်ဖြစ်သည်။ ယခုရာသီအတွက် သကြားစက်ရုံများအနေဖြင့် မီးရှို့ရိတ်သိမ်းထားသည့် ကြံ ၂၀ ရာခိုင်နှုန်းသာ ဝယ်ယူရန် အစိုးရက စည်းကမ်းသတ်မှတ်ထားသည်။

ခါဆက်ဖော် သကြားစက်မှ ပိုင်ရှင်များသည် ကြံစိုက်တောင်သူ ၁၈ ဦးနှင့် ချိတ်ဆက်လုပ်ကိုင်နေသည်။ ကြံစိုက်သူများအသင်း ဒုတိယဥက္ကဋ္ဌ ဖူရူရာဟီရိုရှိ က ယခုလှုပ်ရှားမှုဖြင့် မီးရှို့ရိတ်သိမ်းမှုပုံစံကို ရပ်တန့်ရန် မလုံလောက်သေးဟု ပြောသည်။

### အချိန်ကုန်၊ ငွေကုန် သက်သာ

အဆိုပါ ရိတ်သိမ်းမှုပုံစံကို ရပ်တန့်ရန် ပြောဆိုထားသော်လည်း မီးရှို့ရိတ်သိမ်းမှုကို ဘာကြောင့်ဆက်လုပ်နေသည်ကို လေ့လာရန်လိုအပ်သည်ဟု ၎င်းက ပြောသည်။ လမ်ပရိုင်သည် ကုမ္ပဏီပိုင် ကြံဧက ၁၇၈ ဧကအနက် ၄၀ ဧကကို စက်များသုံးကာ ရိတ်သိမ်းသည်။ ကျန်ဧကများကိုမူ ရှေးရိုးစဉ်လာနည်းအတိုင်း ရိတ်သိမ်းမှုပြုလုပ်သည်။ ယင်းသို့ပြုလုပ်ခြင်းဖြင့် အချိန်ကုန်၊ ငွေကုန် သက်သာစေသည်ဟု စက်ကြီးများ မဝင်နိုင်သည့် နေရာများသို့ပါ ဝင်ရောက်ရိတ်သိမ်းနိုင်သည်ဟု ၎င်းက ပြောသည်။

လယ်ကွက် အနည်းငယ်သာရှိသူများအတွက် ငှားရမ်းစရိတ်က ကြီးမြင့်နေသည့်အပြင် စက်များထားရန် နေရာအတွက်လည်း အခက်အခဲရှိသည်ဟု ပြောသည်။ ထိုင်းနိုင်ငံသည် စိုက်ပျိုးရေးပစ္စည်းများ တင်ပို့သည့် ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံတွင် တစ်နိုင်ငံ အပါအဝင်ဖြစ်သည်။ ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှ စီးပွားရေး အင်အားကြီးနိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။ သို့သော်လည်း ကမ္ဘာ့ဘဏ်၏ ပြောကြားချက်အရ ဆင်းရဲမွဲတေမှု အချိုးမှာ မကြာသေးမီနှစ်များတွင် များပြားလာသည်ဟု သိရသည်။ ယခုအချိန်ထိ အူဒုံသန်နီဒေသရှိ တစ်ပိုင်တစ်နိုင် ကြံစိုက်ပျိုးသူများမှာ ရွေးချယ်စရာမရှိဘဲ ရှေးရိုးစဉ်လာ ကြံရိတ်သိမ်းမှုနည်းလမ်းကိုသာ အသုံးပြုနေကြဆဲဖြစ်သည်။

### ဆိုးကျိုးများ ဖြစ်ပေါ်

ကြံပင်များမှ အရွက်များကို ဖယ်ရှားရန် မီးရှို့ခြင်းနည်းလမ်းကို အသုံးပြုခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးများ ဖြစ်ပေါ်စေကာ လေထုညစ်ညမ်းမှုကို ဆိုးရွားစွာ ဖြစ်စေနိုင်သည်။ ကြံစိုက်ပျိုးရိတ်သိမ်းမှုအပြင် အခြားသော လေထုညစ်ညမ်းမှုပုံစံများကို ယနေ့ကမ္ဘာ့နိုင်ငံ အသီးသီးတွင် ခံစားနေရသည်။

လေထုညစ်ညမ်းမှုမှာ လူများ၏ ကျန်းမာရေးနှင့် ရာသီဥတုပြောင်းလဲမှုအတွက် အဓိက စိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဖော်ပြချက်အရ လူ ၁၀ ဦးလျှင် ၉ ဦးမှာ ညစ်ညမ်းသည့်လေကို ရှူရှိုက်နေရသည်ဟု ပြောသည်။

လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် လူ ခုနစ်သန်းဝန်းကျင် သေဆုံးနေသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ခန့်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာသတင်းတိုထွာ

### အိုင်အေအီးအေမှ စုံစမ်းစစ်ဆေးမှုများကို အီရန်မှ ပိတ်ပင်သွားမည်

**တီဟီရန် ဖေဖော်ဝါရီ ၁၇**

လာမည့်သီတင်းပတ် ဖေဖော်ဝါရီ ၂၃ ရက်မှစတင်ကာ အီရန်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အက်တောမစ် စွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)မှ စုံစမ်းစစ်ဆေးမှုများကို ပိတ်ဆို့သွားမည်ဟု အဖွဲ့ကြီးထံ သတိပေးထားကြောင်း အိုင်အေအီးအေက ပြောသည်။

အီရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်အတွက် ညွှန်ကြားရေးမှူးချုပ် ရာဖယ်ဂရောဆီသည် အီရန်နိုင်ငံသို့ သွားရောက်ဖွယ်ရှိသည်ဟု နျူကလီးယားစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။ ယခုကဲ့သို့ ပိတ်ဆို့ထားခြင်းကြောင့် အိုင်အေအီးအေအနေဖြင့် အီရန်နိုင်ငံတွင် စစ်ရေးအတွက် နျူကလီးယား အစီအစဉ်ကိုအသုံးချနေခြင်း ရှိ မရှိ စစ်ဆေးရန် ခက်ခဲသွားမည်ဖြစ်သည်။

အီရန်နိုင်ငံ၏ လုပ်ရပ်သည် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ အစိုးရအတွက် နောက်ထပ်ဖိအားတစ်ရပ်ပင်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

### ဂျပန်နိုင်ငံ၏ တင်ပို့ကုန်မှာ ဇန်နဝါရီလအတွင်း မြင့်တက်လာ

**တိုကျို ဖေဖော်ဝါရီ ၁၇**

တရုတ်နိုင်ငံအပါအဝင် အခြားသော အာရှနိုင်ငံများ၏ ဝယ်လိုအားကြောင့် ဂျပန်နိုင်ငံ၏ တင်ပို့ကုန်မှာ ဇန်နဝါရီလအတွင်း တိုးတက်လာခဲ့သည်ဟု သိရသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကနဦးကုန်သွယ်ရေးဒေတာ ကနဦးရလဒ်များအရ လွန်ခဲ့သည့်နှစ် ယခုအချိန်ကထက် တင်ပို့ကုန်မှာ ၆ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟု ဖော်ပြထားသည်။

တရုတ်နိုင်ငံသို့ပို့ကုန်မှာ ၃၇ ဒသမ ၅ ရာခိုင်နှုန်းတိုးမြင့်ခဲ့ပြီး အခြားသော အာရှနိုင်ငံများနှင့် စီးပွားရေးလုပ်ငန်းမှာလည်း ၁၉ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာသည်ဟု သိရသည်။

သို့သော်လည်း အခြားသောဈေးကွက်များတွင်မူ ကွဲပြားခြားနားမှုများ ရှိနေသည်။ အမေရိကန်သို့ တင်ပို့မှုမှာ ၄ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဥရောပသမဂ္ဂသို့ ပို့ကုန်မှာလည်း ၁ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ရေနံစိမ်း ဈေးကျဆင်းမှုကြောင့် ဂျပန်နိုင်ငံ၏ သွင်းကုန်မှာ ၉ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းလာသည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ “နေအိမ်တွင်သာ နေထိုင်ရေး အစီအစဉ် (Stay at home)” တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ **“COVID–19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေး အသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှု စီမံချက် (Mask and Face Shield Campaign)”** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ(Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များပေးဝေခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြု ဝန်ထမ်းအသီးသီးတို့သည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှ စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့် လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ၁၇-၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၃၈၂၁၇၇ | ၁၈၄၈၁၃၄၁ | ၅၀၀၀၀၀ |
| ၂။ | အိန္ဒိယ | ၁၀၉၃၇၃၂၀ | ၁၀၆၄၄၈၅၈ | ၁၅၅၉၄၉ |
| ၃။ | ဘရာဇီး | ၉၉၂၁၉၈၁ | ၈၈၈၃၁၉၁ | ၂၄၀၉၈၃ |
| ၄။ | ရုရှား | ၄၁၁၂၁၅၁ | ၃၆၄၂၅၈၂ | ၈၁၄၄၆ |
| ၅။ | ဗြိတိန် | ၄၀၅၈၄၆၈ | ၂၂၃၁၁၉၉ | ၁၁၈၁၉၅ |
| ၆။ | ပြင်သစ် | ၃၄၈၉၁၂၉ | ၂၄၄၂၃၈ | ၈၂၈၁၂ |
| ၇။ | စပိန် | ၃၀၉၆၃၄၃ | ၂၃၈၀၉၉၈ | ၆၅၉၇၉ |
| ၈။ | အီတလီ | ၂၇၃၉၅၉၁ | ၂၂၅၁၇၃၄ | ၉၄၁၇၁ |
| ၉။ | တူရကီ | ၂၆၀၂၀၃၄ | ၂၄၈၉၆၂၄ | ၂၇၆၅၂ |
| ၁၀။ | ဂျာမနီ | ၂၃၅၅၄၁၆ | ၂၁၅၄၆၀၀ | ၆၆၇၀၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၇ – ၂ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၂၄၃၆၄၆ | ၁၀၄၇၆၇၆ | ၃၃၇၈၈ |
| ဖိလစ်ပိုင် | ၅၅၃၄၂၄ | ၅၁၂၀၃၃ | ၁၁၅၇၇ |
| မလေးရှား | ၂၇၂၁၆၃ | ၂၂၉၇၆၂ | ၁၀၀၅ |
| မြန်မာ | ၁၄၁၆၉၀ | ၁၃၀၉၄၄ | ၃၁၉၂ |
| စင်ကာပူ | ၅၉၈၂၁ | ၅၉၆၆၁ | ၂၉ |
| ထိုင်း | ၂၄၉၆၁ | ၂၃၆၉၇ | ၈၂ |
| ဗီယက်နမ် | ၂၃၂၉ | ၁၅၇၄ | ၃၅ |
| ကမ္ဘောဒီးယား | ၄၇၉ | ၄၇၀ | ၀ |
| ဘရူနိုင်း | ၁၈၅ | ၁၇၈ | ၃ |
| လာအို | ၄၅ | ၄၁ | ၀ |






# (၇၃)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား ကျင်းပရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

**ဟားခါး ဖေဖော်ဝါရီ ၁၇**

၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်မည့် (၇၃) နှစ်မြောက် ချင်းအမျိုးသားနေ့ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၇ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်က မိမိတို့ချင်းတိုင်းရင်းသားများ၏ အမြတ်တနိုးတန်ဖိုးထားသည့် ချင်းအမျိုးသားနေ့အခမ်းအနားကို ကိုဗစ်-၁၉ ရောဂါကြောင့် ယခင်နှစ်များကဲ့သို့ စည်ကားစွာကျင်းပရန် မဖြစ်နိုင်သော်လည်း အနှစ်သာရရှိရှိ အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဦးတိုးဝင်းနှင့် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

၂၀၂၁ခုနှစ် (၇၃) နှစ်မြောက်ချင်းအမျိုးသားနေ့အခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ရောဂါဆိုင်ရာ စံလမ်းညွှန်ချက်များနှင့်အညီ ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင် ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ညောင်တုန်းမြို့နယ် (တာကွေ့ ) ရန်ကုန်-ပုသိမ် အမြန်လမ်းမကြီးပေါ်တွင် ရှေးဦးပြုစုခြင်းအရေးပေါ် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ကာ ဆောင်ရွက်ပေးလျက်ရှိ

**ညောင်တုန်း ဖေဖော်ဝါ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ကျုံတမာကျေးရွာအုပ်စု တာကွေ့ကျေးရွာ ရန်ကုန်-ပုသိမ်အဝေးပြေး အမြန်လမ်းမကြီးပေါ်တွင် ညောင်တုန်းမြို့နယ်ကြက်ခြေနီအသင်းခွဲက ဦးဆောင်ကာ တပ်ဖွဲ့ဝင်များက ရှေးဦးပြုစုခြင်းစခန်း (အရေးပေါ်ကယ်ဆယ်ရေးစခန်း)ကို ဇန်နဝါရီလဆန်းပိုင်းမှစတင်ကာ ခရီးသွားပြည်သူများ၊ မော်တော်ယာဉ်မတော်တဆထိခိုက်မှုများ၊ ကျန်းမာရေးအခက်အခဲများအား ၂၄ နာရီ နေ့ညမပြတ် ဖွင့်လှစ်ကာ ကူညီစောင့်ရှောက်ဆောင်ရွက်ပေးလျက်ရှိသည်။

**အကူအညီတောင်းခံနိုင်**

သို့ပါ၍ ခရီးသွားပြည်သူများ၊ ယာဉ်မတော်တဆဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာရသူများ၊ ကျန်းမာရေးစောင့်ရှောက်မှုများ အရေးပေါ်လိုအပ်လာပါက ဦးသန်းလွင် (မြို့နယ်ကြက်ခြေနီအသင်းခွဲ၊ ဥက္ကဋ္ဌ) ၀၉- ၇၉၅၄၄၉၈၇၃၊ ဦးဝင်းမြင့်လေး (မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး) ၀၉-၇၉၄၄၈ ၉၄၁၁၊ ဦးသန်းလွင်(စခန်းတာဝန်ခံ) ၀၉-၇၇၇၅၀၀၅၆၀၊ ဦးမျိုးလွင်(ဆားမလောက် တပ်ဖွဲ့မှူး)၀၉-၂၅၀၁၂၁၇၇၃၊ ဦးမင်းသူအောင်(ရုံးအဖွဲ့မှူး)၀၉-၇၉၄၄၈ ၉၄၀၀ ထံ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**




# ကန့်ဘလူမြို့တွင် သီးနှံစုံတစ်ပိုင်တစ်နိုင် စိုက်ပျိုးခင်းများ စိုက်ပျိုးခြင်းဖြင့် ဝင်ငွေရ

**ကန့်ဘလူ ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း ဒေသခံတောင်သူများသည် ယခုအခါ လတ်တလောဝင်ငွေရရှိသည့် မီးဖိုချောင်သုံး စားပင်သီးနှံများ၊ ပန်းများကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးလုပ်ကိုင်လာကြပြီး စိုက်ပျိုးခင်းများမှ ဝင်ငွေရရှိကြောင်း သိရသည်။

တောင်သူများအနေဖြင့် ပြည်သူများမဖြစ်မနေ ဝယ်ယူစားသုံးကြသော သီးနှံများဖြစ်သည့် ပန်းမုန်လာပွင့်၊ ကိုက်လန်၊ မုန်လာထုပ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် မေမြို့ပန်းများ၊ ဂန္ဓမာပန်းများ၊ ပန်းထိမ်ငိုပန်းများကို တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေရရှိရေးအတွက် စိုက်ပျိုးလာကြသည်။

“အခုကစိုက်ပျိုးထားတာကတော့ ပန်းမုန်လာ၊ မုန်လာထုပ်၊ မေမြို့ပန်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူသီးနှံတွေကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးထားပါတယ်။ ပန်းမုန်လာတစ်ပွင့်ကို ငွေကျပ် သုံးလေးရာ၊ မေမြို့ပန်း နှစ်ပင်/သုံးပင် တစ်စည်းကို ငွေကျပ် တစ်ရာ့ငါးဆယ်/ နှစ်ရာလောက်ရှိပါတယ်။ ကိုဗစ်ကာလမှာ ဈေးနှုန်းမကောင်းပေမယ့် မိသားစုစားဝတ်နေရေးအတွက်ကတော့ မဆိုးဘူးပြောရမှာပေါ့။ နောက်ထပ် စားပင်သီးနှံတွေကိုလည်း စိုက်ပျိုးဖို့အတွက် ပျိုးထောင်ထားပြီး တစ်ပိုင်တစ်နိုင်အနေနဲ့ အမြဲမပြတ် စိုက်ပျိုးလျက်ရှိပါတယ်” ဟု ကန့်ဘလူမြို့ အမှတ်(၂)ရပ်ကွက်နေတောင်သူ ဦးဝင်းထွန်းက ပြောသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**






# ကိုဗစ် – ၁၉ ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ

အပိုင်း(၁)

## ၁ COVID-19 ကာကွယ်ဆေးမှာ ဘယ်လိုအချက်တွေနဲ့ ပြည့်စုံဖို့လိုတာပါလဲ

COVID-19 ကာကွယ်ဆေးထိုးသော လူများအနက် အနည်းဆုံး **(၅၀)ရာခိုင်နှုန်း မှ (၇၀)ရာခိုင်နှုန်း** အထိ ကာကွယ်မှုရရှိခြင်း၊ ကာကွယ်ဆေးထိုးပြီးလျှင် ပြင်းထန်သော ဘေးထွက်ဆိုးကျိုး မရှိခြင်းနှင့် အချိန်ကြာမြင့်စွာ ရောဂါခုခံနိုင်စွမ်းအားရရှိခြင်းစသည့် အချက်တို့နှင့် ပြည့်စုံရပါမည်။

## ၂ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကာကွယ်ဆေးကို အပြိုင်အဆိုင် ထုတ်လုပ်နေကြရာ ယခုထိုးနှံပေးမည့် ကာကွယ်ဆေးများက ဘေးကင်း စိတ်ချရတဲ့ ကာကွယ်ဆေး ဟုတ်ပါသလား

COVID-19 ကာကွယ်ဆေးသည် ထုတ်လုပ်နိုင်သည်မှာ မကြာသေး၍ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသုံးပြုနေသော ကာကွယ်ဆေးများကဲ့သို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရည်အသွေးပြည့်မီကြောင်း အပြည့်အဝထောက်ခံချက် မရရှိသေးပါ။ သို့ရာတွင် ဘေးကင်း၍ အာနိသင်ပြည့်ဝစေရန် ကာကွယ်ဆေးထုတ်လုပ်ရာတွင် လိုက်နာရမည့် စံချိန်စံနှုန်း သတ်မှတ်ချက်များအတိုင်း ထုတ်လုပ်ထား၍ ကာကွယ်ဆေး၏ အစွမ်းထက်မှု၊ ဘေးကင်းမှုအပါအဝင် အခြားလိုအပ်သော ဝိသေသများကို ကာကွယ်ဆေးထိန်းချုပ်စိစစ် ခွင့်ပြုသူများမှ စစ်ဆေးပြီး ကမ္ဘာ့ဈေးကွက်တွင်ရောင်းချရန် ခွင့်ပြုချက်ရရှိထား၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်အသုံးပြုရန် ခွင့်ပြုချက်ရရှိထားသော ကာကွယ်ဆေးများကိုသာ ထိုးနှံပေးနိုင်ရန် ဆောင်ရွက်ပါမည်။

## ၃ COVID-19 ကာကွယ်ဆေးသည် လူတိုင်း မဖြစ်မနေထိုးနှံရမည့် ကာကွယ်ဆေးပါလား

COVID-19 ကာကွယ်ဆေးသည် မိမိသဘောဆန္ဒအလျောက် ထိုးနှံရမည့် ကာကွယ်ဆေး ဖြစ်ပါသည်။ ကာကွယ်ဆေးကို ထိုးနှံမည်ဟု ဆုံးဖြတ်ထားပါက ရောဂါကူးစက်မှုကို ကာကွယ်နိုင်မည့် ကိုယ်ခံအားရရှိရန် သတ်မှတ်အကြိမ်အရေအတွက်ကို ပြည့်အောင် ထိုးနှံရပါမည်။ ထို့အပြင် ပါးစပ်နှင့်နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေ အကွာနေခြင်းတို့ကို မဖြစ်မနေ ဆက်လက် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ၄ COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယလက္ခဏာခံစားနေရသူများသည် COVID-19 ကာကွယ်ဆေးကို ထိုးနှံရန် လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယလက္ခဏာခံစားနေရသူများသည် ရောဂါလက္ခဏာများအားလုံး သက်သာပျောက်ကင်းပြီးနောက် (၁၄)ရက်ကြာမှသာ ကာကွယ်ဆေးကို ထိုးနှံသင့်ပါသည်။

## ၅ COVID-19 ရောဂါ ပျောက်ကင်းပြီးသူများသည် COVID-19 ကာကွယ်ဆေးထိုးရန်လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားဖူးသူများသည်လည်း COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံရန် လိုအပ်ပါသည်။ သို့မှသာ COVID-19 ရောဂါထပ်မံဖြစ်ပွားမှုမှ ကာကွယ်ရန်နှင့် COVID-19 ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်ခြင်းမှ ကာကွယ်ရန် လိုအပ်သောကိုယ်ခံအားကို ရရှိမည်ဖြစ်ပါသည်။

## ၆ COVID-19 ကာကွယ်ဆေးထိုးနှံပြီးပါက COVID-19 ရောဂါကို ချက်ချင်းကာကွယ်နိုင်ပါသလား

ယေဘူယျအားဖြင့် ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ကိုယ်ခန္ဓာမှ ကိုယ်ခံစွမ်းအား စတင်ထွက်ရှိရန် အနည်းဆုံးအချိန် နှစ်ပတ်ခန့် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ COVID-19 ကာကွယ်ဆေးထိုးပြီးသော်လည်း ရောဂါကူးစက်မှုမှ ကာကွယ်ရန် ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို စက္ကန့်(၂၀) ကြာအောင် စနစ်တကျမကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့်တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ၇ COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ဆေးခြင်းကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသလား

COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါကလည်း COVID-19 ရောဂါကပ်အသွင်ဖြစ်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် လူတိုင်း(လူတိုင်း)မှ ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို သေချာစွာဆက်လက် လုပ်ဆောင်ရန် အလွန်အရေးကြီးပါသည်။

Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/facts.html
Ref: https://www.who.int/emergencies/diseases/novel-coronavirus-2019/media-resources/science-in-5/episode-5
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: FAQ on COVID-19 vaccine from Government of India

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# အမရပူရမြို့နယ် နံကပ်အင်းအတွင်း ADB ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ရွှေခဲမိုးရေစွန့်ထုတ်စက်ရုံနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်းစီမံကိန်း လုပ်ငန်းပြီးစီးမှုအခြေအနေ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ ဒုတိယမြို့တော်ဝန်နှင့်အတူ ယနေ့ နံနက် ၈ နာရီခွဲက အမရပူရမြို့နယ် ငယ်တိုးကျေးရွာအုပ်စု ရွှေခဲကျေးရွာ နံကပ်အင်းအတွင်းရှိ ADB ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော ရွှေခဲမိုးရေစွန့်ထုတ်စက်ရုံနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်းမှ လုပ်ငန်းများပြီးစီးမှုအခြေအနေကို သွားရောက်ကွင်းဆင်းစစ်ဆေးသည်။ (ယာပုံ)

**စီမံကိန်းလုပ်ငန်းများ ရှင်းလင်းတင်ပြ**

တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အဆိုပါစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ မန္တလေးမြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းမန်နေဂျာက ရွှေခဲမိုးရေစွန့်ထုတ်စက်ရုံနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်း စီမံကိန်းတည်ဆောက်ရခြင်းရည်ရွယ်ချက်နှင့် ရရှိမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် တည်ဆောက်ရေးလုပ်ငန်း အဆင့်ဆင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ မန္တလေးမြို့တော်ဝန်က အဆိုပါစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုများ၊ ရေစုပ်ပန့်များ တပ်ဆင်ပြီးစီးမှု၊ Substation နှင့် လျှပ်စစ်ပစ္စည်းများတပ်ဆင်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းအောင်ဆောင်ရွက်ရေး၊ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်းပြီးစီးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ အလေအလွင့်မရှိစေရေးတို့အတွက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။





ထို့နောက် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်းက ဧရာဝတီမြစ်ရေကြီးချိန်တွင် တာရိုးကျိုးပေါက်ခဲ့သည့် နေရာသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

**မီတာခကုန်ကျစရိတ်လျော့နည်း**

အဆိုပါ တာရိုးကျိုးပေါက်ခဲ့မှုဖြစ်ပွားခဲ့စဉ်အချိန်က တာရိုးပေါက်သည့်နေရာအား ကျောက်တုံးကြီးများ၊ သဲအိတ်များဖြင့် ပိတ်ဆို့ခဲ့ရသည်။ ထို့ပြင် Gravity Flow ဖြင့် စီးဆင်းသည့် ရေထိန်းတံခါးရှေ့တွင်လည်း သဲအိတ်များဖြင့် ယာယီပိတ်ဆို့ခဲ့ရပြီး နံကပ်အင်းအတွင်းရှိ ရေများကိုရေစုပ်စက်များဖြင့် စွန့်ထုတ်ဆောင်ရွက်ခဲ့ရသည့်အတွက် ပြီးခဲ့သည့် ၁၃ လအတွင်း လျှပ်စစ်မီတာခမှာ ငွေကျပ် ၃၆၇၇ သိန်း ကုန်ကျခဲ့သည်။ ယခုအခါ နံကပ်အင်းအတွင်းရှိ ရေများကို မူလလုပ်ငန်းစဉ်အတိုင်း Gravity Flow ဖြင့် စီးဆင်းစေရန် ပိတ်ဆို့ထားသော သဲအိတ်၊ ကျောက်ကြီးအကာအရံများကို ဖယ်ရှားရှင်းလင်းဆောင်ရွက်ခဲ့သဖြင့် တစ်လလျှင် လျှပ်စစ်မီတာခ ငွေကျပ် ၄၅၉ သိန်းခန့် ကုန်ကျစရိတ်လျော့နည်းသက်သာသွားမည် ဖြစ်သည်။

ယခုမိုးရာသီတွင် တာရိုး ထပ်မံကျိုးပေါက်မှုမရှိစေရေး ပြန်လည်ပြုပြင်ရန်လိုအပ်သည့်အတွက် ဌာနပေါင်းစုံအင်ဂျင်နီယာအဖွဲ့နှင့် ပြင်ပပညာရှင်များအား ကော်မတီဖွဲ့၍အစည်းအဝေးခေါ်ယူပြီး တာရိုး အခိုင်အမာပြန်လည်တည်ဆောက်ရေးလုပ်ငန်းကို မိုးမကျမီ ဆောင်ရွက်စေရေးတို့အတွက် ညွှန်ကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ကပေးအပ်ထားသည့် တာဝန်များကို ကျေပွန်စွာဖြင့် အားလုံးပူးပေါင်းဆောင်ရွက်

**တောင်ကြီး ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းနှင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီခွဲက တောင်ကြီးမြို့ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လုပ်ငန်းကဏ္ဍအလိုက်ခွဲခြား**

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူရသည့်ကာလတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များ၌ စီမံအုပ်ချုပ်ရေးကောင်စီတာဝန်နှင့်အညီ လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်သည့်အခါ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် တာဝန်ယူပေးအပ်ထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့်အညီ ယခင်ပုံစံအတိုင်း အရှိန်အဟုန်မပျက် လုပ်ငန်းဆောင်ရွက်နိုင်ရန်လုပ်ငန်းများကို ကဏ္ဍအလိုက် ခွဲခြားရပါကြောင်း၊ နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းများကို ရေတိုလုပ်ကိုင်၍ မြန်မြန်ဆန်ဆန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

စံချိန်စံညွှန်းနှင့်အညီ ယခင်လို နှစ်ရှည်လရှည် မဖြစ်စေရန်ဆောင်ရွက်ရမည်ဖြစ်သောကြောင့် အဖွဲ့ဝင်(၂) တာဝန်ယူထားသည့် ဦးခွန်သိန်းမောင် အနေဖြင့်လည်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လျင်မြန်မှုရရှိနိုင်မည်ဖြစ်၍ သက်ဆိုင်ရာ ဌာနဆိုင်ရာများက ပူးပေါင်းပါဝင်ပေးကြရန်၊



ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့်အညီ မိမိတို့ကိုပေးအပ်ထားသော တာဝန်များမှာ အချိန်ကာလတိုတောင်းသောကြောင့် လုပ်ငန်းများကို အမြန်ဆုံးဖြတ်ရန်လိုကြောင်း၊ နိုင်ငံတော်က ပေးအပ်ထားသည့်တာဝန်များကို ကျေပွန်စွာဖြင့် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အားလုံးပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်နိုင်ရန် ဌာနဆိုင်ရာအနေဖြင့် လုပ်ငန်းများကို အကျဉ်းချုပ်တင်ပြရန်နှင့် ယခုလိုလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ခေါ်ယူရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**တက်ညီလက်ညီဆောင်ရွက်**

ဆက်လက်၍ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၂) ဦးခွန်သိန်းမောင်က မိမိတာဝန်ယူရသည့် ဌာနအောက်ရှိ ဦးစီးဌာနများသည် ငွေရေးကြေးရေးဆိုင်ရာ ကဏ္ဍဖြစ်သောကြောင့် အရေးကြီးပါကြောင်း၊ စီမံကိန်းလုပ်ငန်းများဖြစ်၍ ဌာနများအနေဖြင့် တက်ညီလက်ညီနှင့် အားလုံး ထင်သာမြင်သာစွာဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန်၊ အချိန်တိုကာလအတွင်းရှိနေသည့် လုပ်ငန်းများကို ရင်းနှီးပွင့်လင်းစွာ ဆောင်ရွက်ပေးကြရန် ရှင်းလင်းပြောကြားသည်။

**လုပ်ငန်းတင်ပြဆွေးနွေး**

ထို့နောက် တက်ရောက်လာသည့် ပြည်နယ်စီမံကိန်းဦးစီးရုံး၊ ပြည်နယ်ဗဟိုစာရင်းအင်းအဖွဲ့၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန၊ ပြည်နယ်အကောက်ခွန်ဦးစီးဌာန၊ ပြည်နယ်ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ပြည်နယ်ပင်စင်ဦးစီးဌာန၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန၊ ပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံး၊ ပြည်နယ်စည်ပင်သာယာရေးဌာနတို့မှ တစ်ဦးချင်းမိတ်ဆက်၍ လုပ်ငန်းအကျဉ်းတင်ပြဆွေးနွေးပြီး ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## ကျောက်ဖြူမြို့နယ်၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်

**စစ်တွေ ဖေဖော်ဝါရီ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများဆောင်ရွက်နေမှုကို မြို့နယ်ကျေးလက်ဦးစီးဌာနမှ ဦးစီးအရာရှိ (နည်းပညာ) နှင့် ဝန်ထမ်းများက ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ရေမျက်ကျေးရွာအုပ်စု ကုလားတွင်းကျေးရွာတွင် မြေသားရေကန် တူးဖော်ဆောင်ရွက်နေမှုကို မင်းစောမွန်ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်နေခြင်းဖြစ်သည်။ ကုလားတွင်းကျေးရွာတွင် ပေ ၁၀၀x ပေ ၁၀၀ x ၆ ပေ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ် ၈ ဒသမ ၈၃ သန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ယင်းလုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေးခြင်းဖြစ်သည်။

အဆိုပါရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ယင်းကျေးရွာရှိ အိမ်ခြေ ၄၅ အိမ်နှင့်လူဦးရေ ၃၆၅ ဦးတို့မှာ သောက်သုံးရေဖူလုံစွာ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**




# ကရင်ပြည်နယ်အတွင်း ဘဏ်လုပ်ငန်းများ ပုံမှန်ဆက်လက်ဆောင်ရွက် ကြုံတွေ့နေရသည့် အခက်အခဲများကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးမည်

**ဘားအံ ဖေဖော်ဝါရီ ၁၇**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီနှင့် ပြည်နယ်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်၊ ပုဂ္ဂလိက ဘဏ်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲကို ယမန်နေ့က ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်း အဝေးခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက ကရင်ပြည်နယ်၏ အရေးကြီးသော လုပ်ငန်းများတွင် တစ်ခုအပါအဝင်ဖြစ်သော ဘဏ်လုပ်ငန်းများအနေဖြင့် ရပ်တန့်မှုမရှိဘဲ ပုံမှန်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်ရေး၊ အရှိန်အဟုန်မပျက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား မရှိစေရေးနှင့် ဘဏ်များဖြင့် ချိတ်ဆက်ဆောင်ရွက်ရသည့် လုပ်ငန်းများ အခက်အခဲမရှိစေရေးအတွက် ယခုကဲ့သို့ တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ ဘဏ်များအနေဖြင့် ကြုံတွေ့နေရသည့် အခက်အခဲ အတားအဆီးများကို ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီဝင် ဦးစောခင်မောင်မြင့်၊ ဗိုလ်မှူးကြီးမျိုးမင်းနောင်၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သန်းဝင်းတို့က ဘဏ်လုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ကူညီဆောင်ရွက်ပေးနိုင်သည်များကို ရှင်းနှီးပွင့်လင်းစွာညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသော မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများက လက်ရှိဆောင်ရွက်လျက်ရှိသော ဘဏ်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဝင်များက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး လုံခြုံရေး အခက်အခဲများရှိပါက အချိန်နှင့် တစ်ပြေးညီ ဆက်သွယ်တင်ပြကြစေလိုပြီး အပြည့်အဝ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ တွေ့ဆုံပွဲသို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ မြန်မာ့စီးပွားရေးဘဏ်နှင့်ပုဂ္ဂလိကဘဏ်များမှတာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး




အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၂ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၅၅၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၇၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၅၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၄၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၇၅၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၉၀/၇၂၅ | ကျပ် | ၇၂၅/၇၃၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၇၀၀/၇၄၀ | ကျပ် | ၇၄၀/၇၅၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၅၅/၆၈၅ | ကျပ် | ၇၂၀/၇၂၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၈၀/၈၀၀ | ကျပ် | ၈၄၅/၈၆၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၈ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၉၈ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၅၇ . ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၄၃ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၈ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၈၈ . ၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၆ . ၅၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၂၅၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၆ . ၉၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၆ . ၇၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၇၉၈ |

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၆၀၀ | ၀ | ၀ | ၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၂၄ | ၈၄၀၀၀ |
| MCB | ၇၉၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၅၀၀ | ၀ | ၀ | ၀ |
| TMH | ၂၈၀၀ | ၂၉၀၀ | ၇၁ | ၂၀၄၉၀၀ |
| EFR | ၃၃၅၀ | ၃၃၅၀ | ၁ | ၃၃၅၀ |

ညီညီ - စုစည်းသည်

# ကိုဗစ်ကာကွယ်ဆေးထိုးပြီးရင် စိတ်ချလက်ချနေလို့ရပြီလား

**ပါမောက္ခကိုကိုအောင် (သိပ္ပံစာရေးဆရာကိုကိုအောင်)**

## ကိုရိုနာဗိုင်းရပ်စ်

ကိုဗစ်-၁၉ ရောဂါကို ဖြစ်စေသော ကိုရိုနာဗိုင်းရပ်စ် (Coronavirus) သည် သက်ရှိအော်ဂဲနစ်ပစ္စည်းမဟုတ်ဘဲ အဆီလွှာဖုံးလွှမ်းနေသော ပရိုတင်းမော်လီကျူးသာလျှင်ဖြစ်သည်။ လူတို့၏ မျက်ရည်၊ နှာရည်နှင့် ချွဲသလိပ်တို့တွင်ပါရှိသော ဆဲလ်များတွင် တွယ်ကပ်လိုက်မှသာလျှင် လူကိုဒုက္ခပေးနိုင်အောင် မျိုးဗီဇပြောင်းခြင်းနှင့် မျိုးပွားခြင်းများ ဖြစ်လာသည်။

ထို့ကြောင့်ပင် ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံထားရခြင်း ရှိ/မရှိကို စစ်ဆေးရာတွင် နှာခေါင်းတို့ဖတ်နှင့် အာခေါင်တို့ဖတ် တို့ကို ခတ်ခွဲ၍ ကြည့်ရှုရခြင်း ဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်သည် ဗက်တီးရီးယားမဟုတ်သဖြင့် ဗက်တီးရီးယားကို ဖြိုခွင်းနိုင်သော ပဋိဇီဝဆေးများသည် ကိုရိုနာဗိုင်းရပ်စ်ကို မဖြိုခွင်းနိုင်ပေ။

## ဗိုင်းရပ်စ်ကို ပျက်စီးစေခြင်း

ကိုရိုနာဗိုင်းရပ်စ်သည် ပရိုတင်းမော်လီကျူးသာ ဖြစ်သောကြောင့် အချိန်တန်လျှင် သဘာဝအလျောက် ဆွေးမြည့်ပျက်စီးသွားမည် ဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ် ပြိုကွဲပျက်စီးရန် ကြာမြင့်ချိန်မှာ အပူချိန်၊ စိုထိုင်းဆနှင့် တွယ်ငြိရာ မျက်နှာပြင်၏ အမျိုးအစားတို့အပေါ် မူတည်လျက် ကွဲပြားခြားနားသည်။ သာမန် အခန်းအပူချိန်၌ ကြေးနီနှင့် သစ်သားမျက်နှာပြင်များပေါ်တွင် အများဆုံး လေးနာရီအထိ၊ ကတ်ထူအပေါ်တွင် ၂၄ နာရီအထိ၊ သတ္တုမျက်နှာပြင်ပေါ်တွင် ၄၂ နာရီအထိ၊ ပလတ်စတစ်ပေါ်တွင် ၇၂ နာရီအထိ ရှင်သန်နိုင်သည်။

ကိုရိုနာဗိုင်းရပ်စ်သည် အလွန်နုနယ်ပြီး ၎င်း၏ အကာအကွယ်မှာ အပေါ်ယံရှိ အဆီလွှာကလေးသာလျှင် ဖြစ်သောကြောင့် ၎င်းကို တိုက်ဖျက်ချေမှုန်းရန် အကောင်းဆုံး ပစ္စည်းများမှာ ဆပ်ပြာ၊ ပိုးသတ်ဆေးနှင့် ခရမ်းလွန်ရောင်ခြည်တို့ပင် ဖြစ်သည်။ ဆပ်ပြာအမြှုပ်များက စက္ကန့် ၂၀ အတွင်းမှာပင် ဗိုင်းရပ်စ်၏ အဆီလွှာကို ဖြိုခွဲဖျက်ဆီးနိုင်သည်။ ထို့ကြောင့်ပင် လက်ကို ဆပ်ပြာဖြင့် ဆေးကြောရာတွင် စက္ကန့် ၂၀ ပြည့်အောင် ပွတ်တိုက်ရန် လိုအပ်ခြင်း ဖြစ်သည်။

## ဗိုင်းရပ်စ်ကူးစက်ပုံ

ကိုရိုနာဗိုင်းရပ်စ်သည် ၎င်းကိုယ်တိုင် သော်လည်းကောင်း၊ လေထဲ၌ပျံ့လွင့်နေသည့် အမှုန်အမွှားများ(Particles)တွင် တွယ်ကပ်ပြီးသော်လည်းကောင်း လေထဲ၌ စီးမျောသွားနိုင်ခြင်း မရှိသော်လည်း ဆဲလ်တစ်ခုခုကို တွယ်ကပ်ပြီး လေထဲ၌ လိုက်ပါစီးမျောနိုင်သည်။

ရောဂါပိုးရှိနေသူက နှာချေ/ချောင်းဆိုးသည့်အခါ ထွက်ပေါ်လာသော နှာရည်နှင့် တံတွေး အစက်အမှုန်များအနက် အနည်းစုဖြစ်သော လေထက်လေးသည့် အစက်အမှုန်များက အောက်သို့ ကျဆင်းသွားသော်လည်း အများစုဖြစ်သော လေထက်ပေါ့ပါးသည့် အစက်အမှုန်များကမူ အကွာအဝေးတစ်ခုအထိ လေထဲ၌ လွင့်မျောသွားရာတွင် ၎င်းအစက်အမှုန်များ၏ ဆဲလ်များ၌ ကိုရိုနာဗိုင်းရပ်စ်များက တွယ်ကပ်လိုက်ပါ စီးမျောသွားခြင်းဖြင့် ရောဂါကို ထပ်ဆင့် ကူးစက်စေနိုင်သည်။

တရုတ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုဖြစ်နေသူတစ်ဦးက စားပွဲဝိုင်းတစ်ခုတည်း၌ အတူစားသောက်နေသူ လေးဦးကို ရောဂါကူးစက်စေခဲ့ရုံမျှမက မျက်နှာချင်းဆိုင်စားပွဲ၌ စားသောက်နေသူ တစ်ဦးကိုပါ ရောဂါကူးစက်စေခဲ့သည်။ သို့ရာတွင် ၎င်းနှင့် ကျောချင်းကပ်၍ စားသောက်နေသော အခြားစားပွဲဝိုင်းတစ်ခုရှိ တစ်ယောက်တလေကိုမျှ ကူးစက်စေခဲ့ခြင်း မရှိပေ။

အကြောင်းရင်းမှာကား ၎င်းစားသောက်ဆိုင်ထဲ၌ ဖွင့်ထားသော လေထုတ်ပန်ကာများ (Exhaust Fans)က ထုတ်လွှတ်နေသော လေစီးကြောင်းအရ လေညာတွင် ရှိနေသူကို မကူးစက်ဘဲ လေအောက်၌ ရှိနေသူကိုသာ ကူးစက်စေခဲ့ခြင်း ဖြစ်သည်။

အစာစားနေသော အချိန်သည် Mask နှင့် Face Shield ကို တပ်ဆင်မထားသော အချိန်ဖြစ်သည့်အပြင် စားသောက်သည့်အခါနှင့် စကားပြောသည့်အခါများ၌ ပါးစပ်မှ တံတွေး အစက်အမှုန်များစွာ ထွက်ပေါ်နေမည်ဖြစ်သည့်အတွက် မိသားစုထမင်းဝိုင်းကဲ့သို့သော တစ်ဦးနှင့်တစ်ဦး နှစ်မီတာ (ခြောက်ပေခွဲ)မကွာသော အနေအထားတွင် စကားပြောရင်း စားသောက်ခြင်းက ကိုဗစ်-၁၉ ရောဂါကူးစက်ရန် အခွင့်အလမ်းအများဆုံးရှိနေသော အချိန်ဖြစ်သည်ကိုလည်း အထူးသတိပြုကြရန်လို အပ်သည်။

## ကိုဗစ်-၁၉ ကာကွယ်ဆေးများ

၂၀၁၉ ခုနှစ် နှောင်းပိုင်းမှစ၍ ၂၀၂၀ ပြည့်နှစ်ကုန်အထိ ကာလအတွင်း ကမ္ဘာတစ်ဝန်း၌ ကူးစက်ပြန့်ပွားခဲ့သည့် ကိုရိုနာဗိုင်းရပ်စ် မျိုးဗီဇများ အားလုံးအတွက် အကျုံးဝင်သည့် ကာကွယ်ဆေး(COVID Vaccine)များကို ဆေးပညာဆိုင်ရာဘက်တွင် ထိပ်တန်းအဆင့်၌ရှိသည့် ကမ္ဘာ့နိုင်ငံအချို့က ထုတ်လုပ်လျက်ရှိနေကြပြီ ဖြစ်သလို အချို့ကလည်း စတင်ထုတ်လုပ်ရန် စိုင်းပြင်းနေကြပြီဖြစ်သည်။ တစ်ဖက်တွင်လည်း အချို့သော နိုင်ငံများတွင် ကိုဗစ် ကာကွယ်ဆေးများကို စတင်ထိုးနှံပေးလျက် ရှိနေပြီဖြစ်သည်။

**လက်ရှိ ထုတ်လုပ်ထားကြသော ကိုဗစ်ကာကွယ်ဆေးများနှင့် ဆက်လက်ထုတ်လုပ်**သွားကြမည့် ကိုဗစ် ကာကွယ်ဆေးများကို အလွန်နိမ့်သော အပူချိန် ကန့်သတ်ချက်တစ်ရပ်အတွင်း၌သာ သိုလှောင်/ ရွှေ့ပြောင်း/ သယ်ယူ/ထားသိုကြရမည် ဖြစ်သည့်အတွက် ဖော်ပြပါ လုပ်ငန်းစဉ်များအနက် အဆင့်တစ်ခုခုတွင် အကြောင်းအမျိုးမျိုးကြောင့် အပူချိန်ကန့်သတ်ချက်ဘောင်ကို ကျော်လွန်သွားခဲ့မည်ဆိုလျှင် ဆေး၏ အာနိသင်ပျက်ပြယ်ပြီးဖြစ်သည့်အတွက် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုမှ ကာကွယ်ပေးနိုင်မည် မဟုတ်သည်ကို အထူးသတိပြုကြရန် လိုအပ်သည်။

## ကာကွယ်ဆေးထုတ်လုပ်မှု

ဗိုင်းရပ်စ်ပိုး ကူးစက်ခံရခြင်းမှ ကာကွယ်ပေးနိုင်မည့် ဆေးဝါးများကို ထုတ်လုပ်နိုင်ရန်အတွက် ဆေးသိပ္ပံဆိုင်ရာ ပြဋ္ဌာန်းကန့်သတ်ချက်များအတွင်းမှ ဖော်စပ်နည်းကို ရှာဖွေဖော်ထုတ်ခြင်းနှင့် စမ်းသပ်ထုတ်လုပ်ခြင်း၊ ကြွက်၊ ပူး၊ ယုန်၊ မျောက် စသော သတ္တဝါများဖြင့် စမ်းသပ်ခြင်း၊ ရောဂါမရှိသေးသော အစမ်းသပ်ခံ စေတနာရှင် လူသားများအား စမ်းသပ်ထိုးနှံခြင်း၊ ရောဂါရှိနေသူ အစမ်းသပ်ခံ လူနာများအား အုပ်စုခွဲ၍ စမ်းသပ်ထိုးနှံခြင်း အစရှိသော သုတေသန စမ်းသပ်ချက်များစွာကို ပြုလုပ်ပြီးမှ အကောင်းဆုံးသော သုတေသနရလဒ်ဖြစ်သည့် ဖော်မြူလာဖြင့် ထုတ်လုပ်ကြရသည်။

ကမ္ဘာ့ ကပ်ရောဂါဆိုးကြီးများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် Corona Virus Disease 2019(COVID-19)ကို ဖြစ်စေသော ကိုရိုနာဗိုင်းရပ်စ်သည် မျက်မှောက် ကမ္ဘာ့လူသားတို့၏ လက်လှမ်းမီသမျှသော အတွေ့အကြုံများအရ အပြောင်းအလဲ အမြန်ဆန်ဆုံးနှင့် အထူးဆန်းဆုံးသော ဗိုင်းရပ်စ်ပိုးဟုပင် ဆိုရမည်ဖြစ်သည်။

နှောင်းအတိတ်ကာလများက ကမ္ဘာ့ကပ်ရောဂါများအဖြစ် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သော ပလိပ်ရောဂါ၊ ကာလဝမ်းရောဂါ၊ တုပ်ကွေးရောဂါများမှာ လူသန်းပေါင်းများစွာတို့ကို အသက်ဆုံးရှုံးစေခဲ့သည့်တိုင် ကိုရိုနာဗိုင်းရပ်စ်လောက် ပြောင်းလဲမှု မမြန်ဆန်ခဲ့ကြပေ။

## အပြောင်းအလဲမြန်သော ဗိုင်းရပ်စ်

ဖြစ်ပွားရာဒေသအပေါ် မူတည်ပြီး မျိုးကွဲခြင်း၊ မျိုးဗီဇ ကွဲခြင်း၊ မျိုးပွားနှုန်း ကွဲပြားခြင်း၊ ရောဂါကူးစက်ခံရသူများတွင် မျိုးဗီဇအလိုက် ဗိုင်းရပ်စ်ပိုးအကောင်ရေ ခြားနားခြင်း၊ မျိုးကွဲမှုနှင့် မျိုးဗီဇကွဲပြားမှုအပေါ် မူတည်၍ ကူးစက်မှုအညွှန်းကိန်းများ ကွဲပြားခြားနားခြင်း စသော ကိုဗစ်-၁၉ ရောဂါ၏ သဘောသဘာဝများကြောင့် လေ့လာဆန်းစစ်သူများနှင့် သုတေသနပညာရှင်များကို အကြီးအကျယ် ခေါင်းခဲစေခဲ့သည်။ ထို့မျှသာမက ကာကွယ်ဆေးဖော်စပ်မည့် ဆေးသိပ္ပံပညာရှင်များကိုလည်း ၎င်းတို့၏ လုပ်နည်းအဆင့်ဆင့်နှင့် ဆေးပညာဆိုင်ရာ အကန့်အသတ်များအပေါ် စိန်ခေါ်မှုများစွာကို ပေးစွမ်းခဲ့သည်။

ထိုကဲ့သို့သော အခက်အခဲ အကျပ်အတည်းများစွာတို့ကို ရင်ဆိုင်ဖြတ်သန်းရပြီးမှ လူသားတို့၏ ကောင်းကျိုးချမ်းသာအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး ထုတ်လုပ်နိုင်မည့် ဖော်မြူလာကို ရရှိလာသည့်အခါ သက်ဆိုင်ရာ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ဌာနများ၏ တရားဝင်ခွင့်ပြုချက်ကိုရရှိအောင် ဆေးဝါးနမူနာများကို သုတေသနမှတ်တမ်း အပြည့်အစုံနှင့်တကွ အစစ်ဆေးခံကြရသည်။

သက်ဆိုင်ရာတို့၏ ခွင့်ပြုချက်ကို ရရှိပြီးသည့်အခါတွင်လည်း Mass Production ဟု ခေါ်ဆိုသော ပမာဏ အများအပြားကို ထုတ်လုပ်ရောင်းချနိုင်ရန်အတွက် ဆေးဝါးထုတ်လုပ်ရေးစက်ရုံများက GMP ဟုခေါ်ဆိုသည့် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (Good Manufacturing Practice)နှင့်အညီ စနစ်တကျ လိုက်နာ၍ ထုတ်လုပ်ပေးကြရသည်။

ထုတ်လုပ်ပြီးသော ကာကွယ်ဆေးများကို သိုလှောင်သိမ်းဆည်းခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း၊ ဖြန့်ဝေခြင်း၊ ထိုးနှံခြင်း စသောလုပ်ငန်းစဉ် အဆင့်တိုင်းတွင်လည်း ကန့်သတ်ထားသည့် အပူချိန်ပမာဏအတွင်း၌သာ ရှိနေစေရန်အတွက် အထူးပင် ဂရုတစိုက် လုပ်ဆောင်ကြရသည်။

## ကာကွယ်ဆေးများ၏ အာနိသင်

လက်ရှိအားဖြင့် ထုတ်လုပ်အတည်ပြုထားသော အရည်အသွေးမြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးများသည်ပင်လျှင် ၇၅ ရာခိုင်နှုန်းမှ ၉၇ ဒသမ ၅ ရာခိုင်နှုန်း အထိသာ ကာကွယ်ပေးနိုင်သည်ကိုလည်း သတိပြုကြရမည် ဖြစ်သည်။ အရည်အသွေးနိမ့်သော ကိုဗစ်-၁၉ ကာကွယ်ဆေးများကမူ ၇၅ ရာခိုင်နှုန်းအောက်သာ ကာကွယ်ပေးနိုင်ကြသည်။ ယင်းကဲ့သို့ ကာကွယ်ပေးရာတွင်လည်း သတ်မှတ်ချက်နှင့်အညီ အကြိမ်ရေ ပြည့်အောင်ထိုးနှံရန် လိုအပ်သလို တစ်ကြိမ်နှင့်တစ်ကြိမ်အကြား ခြားရမည့် ရက်အကန့်အသတ်ကို မကျော်လွန်အောင်လည်း ဂရုပြုကြရမည် ဖြစ်သည်။

အမေရိကန် ပြည်ထောင်စုတွင် ပထမတစ်ကြိမ် ကာကွယ်ဆေးထိုးထားပြီးသော သူနာပြုတစ်ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရသော ဖြစ်ရပ်က ကာကွယ်ဆေးကို အကြိမ်ရေပြည့်အောင် မထိုးရသေးမီအတွင်း ကူးစက်ခံရရန် အခွင့်အလမ်း ရာနှုန်းပြည့် ရှိနေသေးသည်ကို သက်သေပြခဲ့ပြီးဖြစ်သည်။

သတ်မှတ်ချက်များနှင့်အညီ ကိုဗစ်-၁၉ ကာကွယ်ဆေးကို ထိုးနှံပြီးသည့်အခါတွင်လည်း တစ်ကိုယ်ရည် ကာကွယ်မှုများကို ဆက်လက် လုပ်ဆောင်ရဦးမည် ဖြစ်သည်။ အကြောင်းမူကား ဆေးအာနိသင် ထိရောက်မှုအတွက်သာမကဘဲ ဘေးထွက်ဆိုးကျိုးများနှင့် ပတ်သက်၍လည်း တစ်ကမ္ဘာလုံး အတိုင်းအတာအားဖြင့် လေ့လာဆန်းစစ်ထားသည့် မြေပြင်သုတေသန ရလဒ်များကိုပါ စောင့်ကြည့်ရန် လိုအပ်နေသေးသောကြောင့်ပင် ဖြစ်ပေသည်။ ။




**“ကမ္ဘာ့ကပ်ရောဂါဆိုးကြီးများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် Coronavirus Disease 2019 (COVID-19)ကို ဖြစ်စေသော ကိုရိုနာဗိုင်းရပ်စ်သည် မျက်မှောက် ကမ္ဘာ့လူသားတို့၏ လက်လှမ်းမီသမျှသော အတွေ့အကြုံများအရ အပြောင်းအလဲ အမြန်ဆန်ဆုံးနှင့် အထူးဆန်းဆုံးသော ဗိုင်းရပ်စ်ပိုးဟုပင် ဆိုရမည်ဖြစ်သည်။ နှောင်းအတိတ်ကာလများက ကမ္ဘာ့ကပ်ရောဂါများအဖြစ် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သော ပလိပ်ရောဂါ၊ ကာလဝမ်းရောဂါ၊ တုပ်ကွေးရောဂါများမှာ လူသန်းပေါင်းများစွာတို့ကို အသက်ဆုံးရှုံးစေခဲ့သည့်တိုင် ကိုရိုနာဗိုင်းရပ်စ်လောက် ပြောင်းလဲမှု မမြန်ဆန်ခဲ့ကြပေ”**

# ပြင်ဦးလွင်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး



**ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ယမန်နေ့က တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညို၊ လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်မာစန်း၊ ဦးစီးအရာရှိ (နည်းပညာ) ဒေါ်ယဉ်မိုးဦးနှင့် တာဝန်ရှိသူများသည် မြို့နယ်အတွင်းရှိ စိုးမိုးအိုင်(အရှေ့) ကျေးရွာနှင့် ညောင်သာယာကျေးရွာတို့၌ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်သည့် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့် နောင်ခမ်းကြီးကျေးရွာ ဝန်ထမ်းအိမ်ရာ၌ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရေး မှာကြားကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# အုတ်တွင်းမြို့နယ် ဆင်ကုန်တိုင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း တတိယအကြိမ် ချေးငွေထုတ်ပေး

**ပဲခူး ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ယမန်နေ့က နတ်စင်ကုန်းကျေးရွာအုပ်စု ဆင်ကုန်တိုင်ကျေးရွာတွင် ကျန်းမာရေး ညွှန်ကြားချက်များနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်း တတိယအကြိမ်ချေးငွေများ ထုတ်ပေးသည်။

မြစိမ်းရောင်ကျေးရွာ စီမံကိန်းသည် ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာ ဖူလုံစေရန်နှင့် ကျေးလက်နေလူထု၏ စွမ်းဆောင်ရည်တိုးတက်လာစေရန်၊ တုံ့ပြန်နိုင်စွမ်းအားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း သိရသည်။



အုတ်တွင်းမြို့နယ် ဆင်ကုန်တိုင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းတတိယအကြိမ် ချေးငွေထုတ်ပေးရာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်စုနွယ်ဝင်းနှင့် စီမံကိန်းတာဝန်ခံများက ကျေးရွာအုပ်စု စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ကျေးရွာကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ကိုင်သူ ၂၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးတို့အား ငွေကျပ် ၃၅၃သိန်း ထုတ်ချေးပေးကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ပဲခူးရိုးမတောထွက် ဝါးထုတ်ကုန်ပစ္စည်းများ ဝယ်ယူမှုနည်းပါးလာမှုကြောင့် လုပ်သားအင်အားလျှော့ချနေရ

**ရေတာရှည် ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်သည် ပဲခူးရိုးမနှင့် ထိစပ်နေသော သစ်တောဧရိယာ ကျယ်ပြောစွာရှိပြီး သစ်တောထွက်ကုန်တစ်မျိုးဖြစ်သည့် ဝါးကို ဒေသခံများက အခြေခံထုတ်ကုန်များပြုလုပ်၍ ဈေးကွက်ကို တင်ပို့ရောင်းချသည်ကို တွေ့ရသည်။

ဝါးထုတ်လုပ်ခွင့်ရရှိသူများက သာဂရ- ကိုးပင် ရိုးမဖြတ်ကျော် ကားလမ်း ၂၈ မိုင်နှင့် မိုင် ၃၀ အထိ မော်တော်ယာဉ်များဖြင့် သွားရောက်သယ်ယူကြရခြင်းနှင့် ပတ်သက်၍ ဝါးအရောင်းအဝယ်လုပ်ကိုင်သော ဆွာမင်းလမ်းကျေးရွာနေ ဒေါ်စန်းဌေးက "ဝါးလုပ်ရတာကလည်း တစ်နှစ်ထက်တစ်နှစ် ပိုရှားလာသလို တောတွင်းဝင်ရတဲ့ ခရီးက ပိုဝေးလာတယ်။ အရင်က ၁၀ မိုင် ဖိုးကျား စခန်းလောက်မှာ တင်ရတာ။ ခုတော့ မိုင် ၃၀ အထိ သွားတင်ရတယ်။ တောထုတ်ဈေးကတော့ကြက်သောင်းဝါးတစ်လုံးကိုအကြီးအသေးပေါ်မူတည်ပြီး ငွေကျပ် ၂၂၀၊ ၃၀၀ ပေါ့။ ကားလမ်းမကျတော့ ငွေကျပ် ၃၅၀/၄၀၀ နဲ့ ပြန်ရောင်းတယ်" ဟု ပြောသည်။

ဝါးကုန်သည်များအနေဖြင့် ကြသောင်းဝါးအလုံးလိုက်ကို ပျော်ဘွယ်၊ ကျောက်ဆည်၊ မြင်းခြံ၊ မြစ်သားမြို့များအထိ တင်ပို့ရောင်းချကြသော်လည်း ကိုဗစ်ကာလတွင် ယာဉ်မောင်းအခက်အခဲကြောင့် ထင်သလောက်တင်ပို့ရောင်းချနိုင်ခြင်း မရှိသည့်အပြင် ဝါးကပ်ရိုက်လုပ်ငန်း၌ ဈေးကွက်ဝယ်လိုအားကျဆင်းလာခြင်းကြောင့် လုပ်သားအင်အားကို လျှော့ချထားရကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဝါးနှင့် ပတ်သက်သော လုပ်ငန်းများကို ရွှေသပြေ၊ မြောက်လွတ်ကုန်း၊ ဆီဆုံကုန်းနှင့် ဆွာမင်းလမ်းကျေးရွာများတွင် အဓိကလုပ်ကိုင်ကြပြီး ဝါးကပ်ရိုက်လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ကျွမ်းကျင်မှုအပေါ် မူတည်၍ တစ်ရက်လျှင် ၂၅ ချပ် မှ ချပ်ရေ ၃၀ အထိ ပြီးစီးနိုင်ကာ တစ်ချပ်ရိုက်ခငွေကျပ် ၂၀ ဖြင့် နေ့စဉ်ငွေကျပ် ၅၀၀၀ မှ ၆၀၀၀ အထိ နေ့စဉ်ပုံမှန်ဝင်ငွေ ရရှိသည်။

ဝါးလုပ်ငန်းတွင် အဓိကအရောင်းအဝယ်ဖြစ်သည့် ဝါးအိပ်စင်၊ ဝါးကုလားထိုင်များကို ဆီဆုံကုန်း ကျေးရွာ၌ သီးသန့်ပြုလုပ်၍ ကားလမ်းဘေးရှိ ဝါးနှင့် ဝါးအရောင်းဆိုင်များကို ဖောက်သည်ဈေးဖြင့် ပြန်သွင်းပြီး ရန်ကုန်- မန္တလေးကားလမ်းတွင် အစုန်- အဆန်သွားလာနေကြသော မော်တော်ယာဉ်များ၊ ရွာအနီးနားဒေသများကို အိပ်စင်တစ်လုံးလျှင် ငွေကျပ် ၅၀၀၀၊ ကုလားထိုင် တစ်လုံးလျှင် ငွေကျပ် ၂၀၀၀ ဖြင့် ပြန်လည်ရောင်းချသည့်အခါ ယခုလို ဆောင်းရာသီနှင့် နွေကာလများတွင် အားထားရောင်းချရသော်လည်း လက်ရှိဈေးကွက်အေးနေသည့်အတွက် ပစ္စည်းများ စုပုံလျက်ရှိသည်။

**သန်းလွင်**

# ဗန်းမောက်မြို့နယ်၌ ဒုတိယအကြိမ် အခြေခံစက်ချုပ်သင်တန်း အခမဲ့သင်ကြားပေး

**ဗန်းမောက် ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကန်တော်အုပ်စု ကန်တော်ကျေးရွာ ဆရာမ နန်းဆန်းဆန်းတင့် နေအိမ်တွင် ယမန်နေ့မှစ၍ ဒုတိယအကြိမ် အခြေခံစက်ချုပ်သင်တန်း အခမဲ့သင်ကြားပေးလျက်ရှိသည်။

သျှမ်းနီလူငယ်ကွန်ရက်မှ ဦးဆောင်၍ သျှမ်းနီလူမျိုးများ နေထိုင်ရာ ကျေးလက်ဒေသများသို့ သွားရောက်ပြီး လှည့်လည်ကာ အလုပ်အကိုင်မရှိသော အမျိုးသမီးငယ်လေးများအား အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် အသက်မွေးဝမ်းကျောင်းအတွက် အထောက်အကူပြုနိုင်စေရန်နှင့် ယခုကာလ၌ လူငယ်များသည် အလုပ်အကိုင်မရှိကြသဖြင့် လူမှုကွန်ရက် စာမျက်နှာပေါ်တွင်သာ အချိန်ကုန်၊ ငွေကုန်ဖြစ်နေပြီး စိတ်ဓာတ်များ ပျက်ပြားလာနေကြသောကြောင့် ယင်းတို့ မဖြစ်ပေါ်စေရန်ရည်ရွယ်၍ ဒုတိယအကြိမ် စက်ချုပ်သင်တန်း သင်ကြားပို့ချပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ပထမအကြိမ် စက်ချုပ်သင်တန်းကို သျှမ်းနီကျေးရွာဖြစ်သော လေးသီးကျေးရွာတွင် သင်တန်းသူ ၃၀ အား သင်ကြားပို့ချပေးပြီး ယခု ဒုတိယအကြိမ်သင်တန်းသူ ၂၁ ဦးတို့အား နှစ်လအထိ သင်တန်းဆရာမ နန်းဆန်းဆန်းတင့်က အခြေခံစက်ချုပ်ပညာကို သင်ကြား ပေးမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဘွား(ဗန်းမောက်)**



# ကျောက်တံခါးမြို့နယ်၌ ကုန်ထုတ်လမ်းဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**ပဲခူး ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများသည် ယမန်နေ့က ကွဲတလင်းကျေးရွာ ကုန်ထုတ်လမ်းဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါကုန်ထုတ်လမ်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းပြီးစီးသွားပါက ကျေးလက်နေတောင်သူများ ဒေသထွက်ကုန်သီးနှံများကို ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည် ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**


## အသိပေးကြေညာခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်တွင်းပြည်ပသို့ ခရီးသွားလာမည့် ပြည်သူများအနေဖြင့် COVID-19 ရောဂါ ရှိ/မရှိ စစ်ဆေးခြင်းကို လွယ်ကူစွာ စစ်ဆေးဆောင်ရွက်နိုင်ရန် မင်္ဂလာဒုံမြို့နယ် ပြည်လမ်းမကြီးပေါ်ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Yangon Airport Molecular Lab တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စံလုပ်ထုံးလုပ်နည်းများ (SOP)နှင့်အညီ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ**

မည်သည့်အကြောင်းပြချက်နှင့်မျှ
**အိမ်တွင်း အကြမ်းဖက်မှု**
ကိုမကျူးလွန်ရ

**မည်သည့်အကြောင်းပြချက်နဲ့မှ အိမ်တွင်းအကြမ်းဖက်မှုကို မကျူးလွန်ရ**

**ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ် ကာလအတွင်းမှာ အောက်ပါအကြောင်းအချက်တွေကြောင့် အမျိုးသမီးနှင့် ကလေးငယ်တွေဟာ အိမ်တွင်းအကြမ်းဖက်မှုပုံစံအမျိုးမျိုးကို ပိုမိုတွေ့ကြုံ ခံစားရနိုင်ပါတယ်။**



ငွေကြေးအကျပ်အတည်းကြောင့် အိမ်တွင်းတင်းမာမှုမြင့်တက်လာခြင်း

**ငွေရေးကြေးရေးနဲ့ စီးပွားရေးအကျပ်အတည်းတွေကြောင့် အိမ်တွင်းတင်းမာမှုတွေ မြင့်တက်လာခြင်း**



ရောဂါပြန့်ပွားမှု ဘေးအန္တရာယ်ကြောင့် စိုးရိမ်မှုများ တိုးပွားကာ စိတ်ဖိစီးမှု များပြားလာခြင်း

**ရောဂါပြန့်ပွားမှု ဘေးအန္တရာယ်ကြောင့် စိုးရိမ်ပူပန်မှုတွေ တိုးပွားလာပြီး စိတ်ဖိစီးမှု များပြားလာခြင်း**



စိတ်ဖိစီးမှု လျှော့ချရန် လွဲမှားသော အလေ့အထများ ကျင့်သုံးခြင်း

**စိတ်ဖိစီးမှုကို လျှော့ချဖို့အတွက် အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း အစရှိတဲ့ လွဲမှားတဲ့အလေ့အထနဲ့ အမူအကျင့်တွေကို ကျင့်သုံးခြင်း**

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှု ဆပ်ကော်မတီ၏ အသိပေးကြေညာချက်

COVID-19 **ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ** (COVID-19 Vaccination Fund)
OA 013733 **သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**
(၄-၂-၂၀၂၁ ရက်နေ့)

*ယမန်နေ့မှအဆက်*

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၉၆ | ဦးကျော်လှ+ဒေါ်မေရီဝင်း (အင်းစိန်မြို့နယ်) | ၃၀,၀၀၀ |
| ၉၇ | ဒေါ်ငြိမ်းအိထွန်း (အင်းစိန်မြို့နယ်) | ၁၀,၀၀၀ |
| ၉၈ | Hebaroun Rant Family (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၉၉ | ဒေါ်ချိုချိုအောင် မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၀၀ | ဒေါက်တာနေဇော်ဦး + ဒေါ်နှင်းယုဆွေ (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၀၁ | ဒေါ်လှစောခိုင် မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၀၂ | ဆရာဦးတင်ဝင်းမိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၀၃ | ဒေါ်ထွေးတင် မွေးနေ့အလှူ (အင်းစိန်မြို့နယ်) | ၅၀၀,၀၀၀ |
| ၁၀၄ | ဦးကြည်မိုချစ်+ ဒေါ်နွဲ့နွဲ့အုန်း (အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၁၀၅ | ဦးအောင်မြ+ဒေါ်သန်းသန်းရီ (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၀၆ | ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ညိုညိုဝင်း (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၀၇ | Old Student(2002-2003) (အင်းစိန်မြို့နယ်) | ၄၇၀,၀၀၀ |
| ၁၀၈ | YGN-96 Branch (အလုံမြို့နယ်) | ၁၄,၀၀၀ |
| ၁၀၉ | ဦးအောင်ငွေးဦး (နန်းမားမြို့) | ၅၀,၀၀၀ |
| ၁၁၀ | ဦးမြင့်သူ+ဒေါ်မျိုးမျိုးသိန်း မိသားစု (အလုံမြို့နယ်) | ၅၀၀,၀၀၀ |
| ၁၁၁ | ဇော်ထွန်းလှိုင် (မရမ်းကုန်းမြို့နယ်) | ၃,၀၀၀ |
| ၁၁၂ | မောင်မောင် (မိုးညှင်းမြို့) | ၁၀၀,၀၀၀ |
| ၁၁၃ | ဦးမြတ်စိုး+ဒေါ်ဝေဝေစိုး (သဃ်္ဃန်းကျွန်းမြို့နယ်) | ၅,၀၀၀,၀၀၀ |
| ၁၁၄ | ဦးစန်းသူအောင်+ဒေါ်တိုးတိုးလှိုင် (သဃ်္ဃန်းကျွန်းမြို့နယ်) | ၂၀၀,၀၀၀ |
| ၁၁၅ | ဦးထွန်းအောင်ကျော်+ဒေါ်တင်တင်ဝင်း (သဃ်္ဃန်းကျွန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၁၆ | ဦးဟုတ်စိန်+ဒေါ်ချို (သဃ်္ဃန်းကျွန်းမြို့နယ်) | ၂၀၀,၀၀၀ |
| ၁၁၇ | ဦးမင်းသူ(ZABU AWBA AGRICULTURAL PHARMACY) (သဃ်္ဃန်းကျွန်းမြို့နယ်) | ၅၀၀,၀၀၀ |
| ၁၁၈ | ဦးအောင်မြတ်+ဒေါ်မြတ်သီရိဝေ (သဃ်္ဃန်းကျွန်းမြို့နယ်) | ၅၀၀,၀၀၀ |
| ၁၁၉ | နှင်းယု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၁၂၀ | သက်ထားဆွေ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၁၂၁ | ခူဝံ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၁၂၂ | ကျော်စိုးမင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၄၅,၀၀၀ |
| ၁၂၃ | ကျော်မြတ်ဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၁၂၄ | စုရီဖြိုးအောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၇၀,၀၀၀ |
| ၁၂၅ | မိုင်ခင်နွယ်အောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၁၂၆ | ဦးနီလှိုင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၁၂၇ | ဒေါ်အေးအေးသစ် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၁၂၈ | ဦးမင်းမင်းထွန်း+ဒေါ်မျိုးမျိုးသွယ် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၁၂၉ | ဦးဝေဖြိုးအောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၁၃၀ | ဦးစိုးဝင်း+ဒေါ်မိမိစိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၁၃၁ | ကိုနိုင်(Yay Taw Thar Co.,Ltd) (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၁၃၂ | မီးသတ်တပ်ဖွဲ့ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၆၀,၀၀၀ |
| ၁၃၃ | Land Inventory And Audit (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၁၃၄ | ဒေါ်နီနီဝင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၁၃၅ | ဒေါ်မြင့်မြင့်ခိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၁၃၆ | ဒေါ်တင်သီတာ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၁၃၇ | ဦးဇော်လင်းမောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၁၃၈ | ဦးဇော်ဝင်း+ဒေါ်သန်းမြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၁၃၉ | ဦးသိန်းမောင်+ဒေါ်တင်ကြည် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၁၄၀ | ဒေါ်သဲသဲဝင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |

*စာမျက်နှာ ၂၃ သို့*

စာမျက်နှာ ၂၂ မှ

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၁၄၁ | Tu Tu Finance Family (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၁၄၂ | ဒေါ်သန်းဆွေ၊ ဒေါ်အေးမီ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၁၄၃ | ဒေါ်ရှမ်းမ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၁၄၄ | ဒေါ်ခင်သန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂,၅၀၀ |
| ၁၄၅ | Industrial Farm (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၁၄၆ | ဦးကျော်ရှိန်+ဒေါ်သန်းမြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၁၄၇ | ဒေါ်သန္တာဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၁၄၈ | ဒေါ်မေတိုးမြတ်ထွန်း၊ ဦးသက်လွင်ဦး၊ ဒေါ်ကြွယ်ရတနာသင်(Myanmar Productivity Center)**(UMFCCI)** | ၁၀၀,၀၀၀ |
| ၁၄၉ | ဒေါက်တာဇော်မင်းအောင်+ဒေါ်မြပွင့်ဖြူ (Ladies Heart fashion Family)**(UMFCCI)** | ၅၀,၀၀၀ |
| | (Myanmar Women Entrepreneurs Association) | |
| ၁၅၀ | ဒေါ်အေးအေးရွှေ (MD),Gold Great Global Co.,Ltd (Myanmar Women Entrepreneurs Association) | ၁၀၀,၀၀၀ |
| ၁၅၁ | ဦးမောင်ငယ်+ဒေါ်ထွေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၁၅၂ | ရမည်းသင်းမြို့နယ်ပညာရေး မိသားစု (ရမည်းသင်းမြို့) | ၂,၂၁၅,၀၀၀ |
| ၁၅၃ | ဦးထွန်းအုပ် မိသားစု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၁၅၄ | ကိုဟန်ဝင်းအောင်(ခ)ကိုတာ+ဒေါ်အေးအေးအောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၁၅၅ | Tun Merchent Family (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၁၅၆ | ရမည်းသင်းသြဘာကုမ္ပဏီဝန်ထမ်းများ (ရမည်းသင်းမြို့) | ၁၂၀,၀၀၀ |
| ၁၅၇ | ဒေါက်တာနိုင်အေးသက် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၁၅၈ | ရမည်းသင်းမြို့နယ် ပြည်သူ့ဆေးခန်း (ရမည်းသင်းမြို့) | ၁၅၀,၀၀၀ |
| ၁၅၉ | Mr.Wu Zhong Wei,Shangahi Hoka Vehicle Trading Co.,ltd(ရန်ကုန်မြို့) | ၂,၇၀၀,၀၀၀ |
| ၁၆၀ | ဒေါက်တာလွမ်းဝေလွင်(ခ) မျိုးလှိုင် အားရည်စူး၍ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၅၅,၀၀၀ |
| ၁၆၁ | ခင်လှိုင်သင်းဝေ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၁၆၂ | ထက်မြတ်လှိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၁၆၃ | ဒေါ်နန်းနောင်ခမ်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၁၆၄ | Leena Das (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၁၆၅ | သက်နှင်းစုစံ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၁၆၆ | သန္တာစိုးဝင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၁၆၇ | ဦးဂျော်နီ၊ ဒေါ်ကြင်မြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၁၆၈ | ရမည်းသင်းမြို့နယ်တရားရုံး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၁၀,၀၀၀ |
| ၁၆၉ | ဦးတက်ထွန်း+ဒေါ်စံရွှေ(ပညာရေးငြိမ်း) (သာပေါင်းမြို့) | ၁၀၀,၀၀၀ |
| | | |
| | ၄-၂-၂၀၂၁ ရက်နေ့ စုစုပေါင်း | ၇၂,၄၅၃,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ**

## COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း

(၅-၂-၂၀၂၁ ရက်နေ့)

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၁ | ဆရာတော်ဦးဇနက (ညောင်ဦးမြို့) | ၁၀၀,၀၀၀ |
| ၂ | ဝါးခင်းကြီးကျေးရွာအုပ်စု အများပြည်သူကောင်းမှု(ညောင်ဦးမြို့) | ၂,၁၀၉,၀၀၀ |
| ၃ | သစ်ထောင့်ကျေးရွာအုပ်စု အများပြည်သူကောင်းမှု (ညောင်ဦးမြို့) | ၃,၁၇၃,၀၀၀ |
| ၄ | TATMA VILLAGE GROUP DONATION (ညောင်ဦးမြို့) | ၁,၁၆၀,၀၀၀ |
| ၅ | ပျော့ကန်ကျေးရွာအုပ်စု အများပြည်သူကောင်းမှု (ညောင်ဦးမြို့) | ၄၁၅,၅၀၀ |
| ၆ | ဇေယျာမျိုးသက် (ကြံခင်းမြို့) | ၁၀၀,၀၀၀ |
| ၇ | ဦးတင်ဝင်းလှိုင် (ဘုတလင်မြို့) | ၇၅၁,၁၀၀ |
| ၈ | ဦးနေလင်းဦး (ဘုတလင်မြို့) | ၅၀၀,၀၀၀ |

စာမျက်နှာ ၂၄ သို့




**အိမ်မှုကိစ္စတွေဟာ အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင်တယ်၊ ကလေးနဲ့ နာမကျန်းသူတွေကို ပြုစုစောင့်ရှောက်ဖို့က အမျိုးသမီးတွေရဲ့ တာဝန်ပဲဖြစ်တယ် အစရှိတဲ့ ဂျန်ဒါ တရားသေ အယူအဆများကြောင့် အမျိုးသမီးအများစုအပေါ်မှာ ဝန်ပိလာလေ့ရှိခြင်း**




**ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း**




**ရောဂါဖြစ်ပွားမှုတွေကြောင့် အကြမ်းဖက်ခံရသူတွေအတွက် ပုံမှန်ထောက်ပံ့ကူညီပေးနေသော ဝန်ဆောင်မှုတွေ အားနည်းသွားခြင်းနဲ့ ဝန်ဆောင်မှုတွေကို လက်လှမ်းမီရရှိနိုင်ဖို့ ခက်ခဲသွားခြင်း**




**အဲဒါကြောင့် မိမိပတ်ဝန်းကျင်မှာ အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားနေတာကို သိရှိတွေ့မြင်ပါက တိတ်ဆိတ်မနေဘဲ ပူးပေါင်းကူညီ ဆောင်ရွက်ပေးပါ**




**အိမ်တွင်း အကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိ ယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ**




**အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ် အကူအညီရယူနိုင်ပါတယ်**




**အိမ်တွင်းအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံ ဉာဏ်ရယူလိုပါက ဥပဒေရေးရာကုစားရေးအဖွဲ့(မြန်မာ) ၏ HOT LINE ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ နှင့် ၀၉-၂၆၆၆၈၄၄၄၉ တို့သို့ ဆက်သွယ် အကူအညီရယူနိုင်ပါသည်**




**အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်**

စာမျက်နှာ ၂၃ မှ

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၉ | ဦးနေလင်းဦး (ဘုတလင်မြို့) | ၇၀၀,၀၀၀ |
| ၁၀ | ဒေါ်ခင်သူဇာ (ဘုတလင်မြို့) | ၂,၃၁၀,၀၀၀ |
| ၁၁ | ကိုကျော်မင်းအောင် (ဘုတလင်မြို့) | ၃၀,၀၀၀ |
| ၁၂ | ဦးပိုင်ဖြိုးထက် (ဒီပဲယင်းမြို့) | ၁,၂၀၀,၀၀၀ |
| ၁၃ | ဦးပေါ်ရွှင် (ဒီပဲယင်းမြို့) | ၅၀၀,၀၀၀ |
| ၁၄ | ဦးသောင်းထွန်း+ဒေါ်ဆွေလှိုင်အိ (ဒီပဲယင်းမြို့) | ၁၀၀,၀၀၀ |
| ၁၅ | ဒေါ်ချိုချိုမြင့် မိသားစု (ရပ်စောက်မြို့) | ၅၀,၀၀၀ |
| ၁၆ | ဆရာဦးမောင်ဦး (ကမာရွတ်မြို့နယ်) | ၂၀၂,၅၀၀ |
| ၁၇ | ဦးဆွေဝင်း (ပြည်မြို့) | ၃၀,၀၀၀ |
| ၁၈ | မုံရွာခရိုင်တရားရုံး (မုံရွာမြို့) | ၁၂၀,၀၀၀ |
| ၁၉ | ဦးစိုးခိုင်ဝင်း (ကျောက်မဲမြို့) | ၁,၂၀၀,၀၀၀ |
| ၂၀ | ဦးခင်ထွန်း (မင်္ဂလာဒုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၂၁ | အေမီစန်း၊ဦးကျစ်၊ဒေါ်မြညွန့် (ရန်ကုန်မြို့) | ၃၀,၀၀၀ |
| ၂၂ | ဒေါ်မာလာမြင့် (ရန်ကုန်မြို့) | ၁၈,၀၀၀ |
| ၂၃ | မနုရွက်ဝေ (သထုံမြို့) | ၅,၀၀၀ |
| ၂၄ | မတင်စုမွန် (ကျိုက်ထိုမြို့) | ၇၀,၀၀၀ |
| ၂၅ | ဒေါ်ခင်သီတာ (ချောင်းဆုံမြို့) | ၁၈၇,၀၀၀ |
| ၂၆ | DAHAT SEE VILLAGE (ညောင်ဦးမြို့) | ၁၄၅,၀၀၀ |
| ၂၇ | ဒေါက်တာသန်းထွန်းအောင် (ပုသိမ်မြို့) | ၈,၀၀၀,၀၀၀ |
| ၂၈ | ဦးအေးကို (မြင်းခြံမြို့) | ၅၀,၀၀၀ |
| ၂၉ | ဒေါ်ဝင်းကြည် (မြင်းခြံမြို့) | ၄၀၀,၀၀၀ |
| ၃၀ | ကိုလှုမြင့် (မြင်းခြံမြို့) | ၁၀၀,၀၀၀ |
| ၃၁ | ဦးရဲထွန်းဦး (မြိုင်မြို့) | ၁,၂၀၀,၀၀၀ |
| ၃၂ | ဦးကုသလဝါရဏ (မြင်းခြံမြို့) | ၂၀၀,၀၀၀ |
| ၃၃ | ဦးကြင်စိန် (မြင်းခြံမြို့) | ၁၀၀,၀၀၀ |
| ၃၄ | ဦးသိန်းကို (မြင်းခြံမြို့) | ၁၅၀,၀၀၀ |
| ၃၅ | ဦးရဲဝင်းနိုင် (မြင်းခြံမြို့) | ၃၀,၀၀၀ |
| ၃၆ | ဒေါ်ယုယု (မြင်းခြံမြို့) | ၁၀၀,၀၀၀ |
| ၃၇ | ဦးတင်လှ (မြင်းခြံမြို့) | ၁၀၀,၀၀၀ |
| ၃၈ | VICE SENIOR GENERAL KHIN HLA (ကြည့်မြင်တိုင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၃၉ | ဦးခင်မောင်အုန်း (ရန်ကုန်မြို့) | ၃၀,၀၀၀ |
| ၄၀ | ဦးရဲဝင်း (ရန်ကုန်မြို့) | ၁၀,၀၀၀ |
| ၄၁ | ဒေါ်ဝေမာလှိုင် (ပျဉ်းမနားမြို့) | ၅၀,၀၀၀ |
| ၄၂ | ဦးညိုသောင်း+ဒေါ်ခင်အုန်းမြင့် (မ/ဒဂုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၄၃ | ဒေါ်မြလေးယု (ကျောက်ပန်းတောင်းမြို့) | ၁,၂၀၀,၀၀၀ |
| ၄၄ | တင်မေလင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၇,၅၀၀ |
| ၄၅ | ဒေါ်ခင်သွယ်ဦး၊ဒေါ်မြတ်သက်နှင်း၊ဦးနိုင်ထွန်းဦး (နေပြည်တော်) | ၂၀,၀၀၀ |
| ၄၆ | ဒေါ်သန္တာဝင်း(လက်/မန် မစဘ(ရုံးချုပ်)နှင့်သူငယ်ချင်းများစုပေါင်းအလှူ (နေပြည်တော်) | ၇၀,၀၀၀ |
| ၄၇ | ဦးထွန်းလင်းနိုင်+ဒေါ်မူမူသန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၈ | ဦးဇော်လင်း+ဒေါ်သီသီထွေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၉ | ဒေါ်အေးအေးမြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၀ | ဒေါက်တာနန်းကျော့ခိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၁ | ဦးခင်မောင်ထွေး+ဒေါ်ခင်ဝင်းဝင်းခိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၂ | ဦးစိန်ဝင်းအောင်+ဒေါ်ခင်မျိုးသန့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၃ | ဦးသန့်ညွန့်+ဒေါ်ယဉ်ရွှေ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၄ | ဦးဆန်းလွင်+ဒေါ်ငွေငွေ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၅ | ဦးကျော်နိုင်စိုး+ဒေါ်သဉ္ဇာလင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |

စာမျက်နှာ ၂၅ သို့

စာမျက်နှာ ၂၄ မှ

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၅၆ | ဦးစိုးမြင့်+ဒေါ်တင်ပု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၇ | ဦးတင်မြင့်+ဒေါက်တာညွန့်ညွန့်လှိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၈ | အောင်ကမ္ဘာ(မနီလာ) (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၉ | ဦးလှကြိုင်+ဒေါ်ခင်ညို (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၆၀ | ဦးအောင်မိုး၊ ဒေါ်ဥမ္မာရှိန် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၆၁ | ဦးကျော်သူဌေး+ဒေါ်သူဇာခိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၆၂ | ဦးသောင်းမြင့်+ဒေါ်နိုင်နိုင်မော် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၆၃ | ဦးသိန်းထွန်း+ဒေါက်တာသီတာစန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၆၄ | ဒေါက်တာခင်ထက်ထက်ထွန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၆၅ | ဦးမြင့်အောင်+ဒေါ်နွေးနွေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၆၆ | ဦးကြီးမို+ဒေါ်ငုဒေါ် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၆၇ | ဦးအောင်မြင့်သိန်း+ဒေါ်ဖြူဖြူအောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၆၈ | စုသက်ထား မွေးနေ့ကုသိုလ် (ဖျာပုံမြို့) | ၁၀၀,၀၀၀ |
| ၆၉ | (ဦးသိန်းလှိုင်+ဒေါ်အုန်းမြင့်) သား-အောင်ကျော်ဦးနှင့် ညီမများ (ဖျာပုံမြို့) | ၃၀၀,၀၀၀ |
| ၇၀ | အရှင်ပညောဘာသ (ဖျာပုံမြို့) | ၅၀၀,၀၀၀ |
| ၇၁ | (ဦးခင်ဖုန်း)+ဒေါ်မြမြ ရွှေဒင်္ဂါးစားသောက်ကုန်မိသားစု (ဖျာပုံမြို့) | ၁,၀၀၀,၀၀၀ |
| ၇၂ | ယွန်းသဥ္ဇာလှိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၇၃ | ဦးတင်စန်း+ဒေါ်အေးသန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၇၄ | Executive Engineer ဦးညွန့်ဝေ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၇၅ | ရမည်းသင်း စာရင်းစစ်အဖွဲ့ (ရမည်းသင်းမြို့) | ၅၀,၀၀၀ |
| ၇၆ | ဦးနိုင်မော်+ဒေါ်ရီရီစိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၇၇ | ဦးတင်သန်း၊ ဒေါ်ကြည်မြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၇၈ | ဦးစိုးညွန့်+ဒေါ်ခင်သန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၇၉ | ဒေါ်နွယ်နီကို (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၈၀ | ဦးသိန်းထွန်း+ဒေါ်သိန်းမြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၈၁ | ဦးဝင်းညွန့်+ဒေါ်ခင်စန်းရီ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၈၂ | ကိုနန်းအောင်+မသန္တာအေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၈၃ | ဦးကျော်ဝေ+ဒေါ်နွဲ့ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၈၄ | ဒေါ်မြင့်မြင့်သီ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၈၅ | ဦးလပျော်လွမ်းဇောင်း (အင်းစိန်မြို့နယ်) | ၁၀,၀၀၀ |
| ၈၆ | ဦးဖြူ၊ ဒေါ်အေးအေးမြင့် မိသားစု (တာမွေမြို့နယ်) | ၅၀,၀၀၀ |
| ၈၇ | ဒေါ်ခင်ခင်ထွဋ် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၈၈ | ချမ်းမြေ့အောင် (မလေးရှား) | ၂၀၀,၀၀၀ |
| ၈၉ | Pact Global Microfinance Fund (သန်လျင်မြို့နယ်) | ၁,၂၀၀,၀၀၀ |
| ၉၀ | ဦးတွတ်၊ ဒေါ်တင်ဦး၊ ဒေါ်ဥမ္မာအောင် (မ/ဥက္ကလာမြို့နယ်) | ၃၀၀,၀၀၀ |
| ၉၁ | ဦးညီလေးမောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၉၂ | ဒေါ်မေသင်ဇာဦး (ရေဦးမြို့) | ၁,၂၀၀,၀၀၀ |
| ၉၃ | ဒေါ်အမာကြည် (မြိုင်မြို့) | ၅၀,၀၀၀ |
| ၉၄ | PACT GLOBAL MICROFINANCE (ဖယ်ခုံမြို့) | ၁,၂၀၀,၀၀၀ |
| ၉၅ | ဦးမြတ်နိုင် (နတ်မောက်မြို့) | ၁၀,၀၀၀ |
| ၉၆ | ဦးစိန်သော်၊ဒေါ်မူမူမြင့် (ရန်ကုန်မြို့) | ၁,၀၀၀,၀၀၀ |
| ၉၇ | ဒေါ်ကြည်ရှင်း (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၉၈ | ကိုမြင့်စိုး(ကားဝပ်ရှော့) (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၉၉ | ဦးမြလွင်၊ဒေါ်ခင်အေး (ရန်ကုန်မြို့) | ၅၀,၀၀၀ |
| ၁၀၀ | မြန်မာနိုင်ငံလိုင်စင်ရကုန်ထရိုက်တာများအသင်း (မုံရွာမြို့) | ၂,၀၀၀,၀၀၀ |
| ၁၀၁ | မုံရွာကုန်စည်ဒိုင်အသင်းမတည်အလှူငွေ (မုံရွာမြို့) | ၁,၅၀၀,၀၀၀ |
| ၁၀၂ | ဒေါ်ခင်မြင့် (ရန်ကုန်မြို့) | ၁၂၀,၀၀၀ |

(ဆက်လက်ဖော်ပြပါမည်)









# ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရားအား ပြန်လည်ဖွင့်လှစ်

**ပင်းတယ ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်တောင်ပိုင်း ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့ရှိ ရှေးဟောင်း သမိုင်းဝင်ရွှေဥမင်သဘာဝ လိုဏ်ဂူတော်ဘုရားအား ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားစဉ် ကာလမှစ၍ ယာယီပိတ်ထားရာ ဖေဖော်ဝါရီ ၁၇ ရက်က ပြန်လည်ဖွင့်လှစ်ပြီဖြစ်ကြောင်း သိရသည်။

ပင်းတယမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အရှင်စန္ဒောဘာသနှင့် ဩဝါဒါစရိယ ဆရာတော်များက ရွှေဥမင်ဘုရားရှိ စေတီ ပုထိုးတော်များအား အနေကဇာတင် ခြင်း မင်္ဂလာကို ရွတ်ဆိုအနေကဇာတင်တော်မူသည်။

ယင်းနောက် ဆရာတော်အရှင်သူမြတ်များနှင့် ခနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမျိုးဇော်နှင့်အဖွဲ့ဝင်များ၊ ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များက လိုဏ်ဂူတော် အတွင်းရှိ ရှေးဟောင်းစေတီပုထိုးတော်များအား ဖူးမြော် ကြည်ညိုကြပြီး မြို့နယ်သံဃနာယကဆရာတော်နှင့် ဩဝါဒါစရိယ ဆရာတော်များက လိုဏ်ဂူတော်အတွင်း လိုအပ်သည်များကို မိန့်ကြားပေးကြောင်း သိရသည်။

ဆက်လက်၍ရွှေဥမင်ဘုရားအပေါ် ပစ္စယာရင်ပြင်တော်၌ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြို့နယ်သံဃနာယကဆရာတော်နှင့် အဖွဲ့ဝင်သံဃာတော်များအား ကန်တော့ကြပြီး ငါးပါးသီလခံယူဆောက်တည်ကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ယနေ့မှစတင်၍ ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရားအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး နည်းလမ်းများနှင့်အညီ လာရောက်ဖူးမြော်နိုင်ပြီဖြစ်ပြီး ဂူအတွင်းသို့ တစ်ကြိမ်လျှင် သတ်မှတ်ထားသည့် လူဦးရေအကန့်အသတ်ဖြင့်သာ ဝင်ရောက်ဖူးမြော်ရမည်ဖြစ်သည်။ အလားတူ ကျေးဇူးရှင်ကုံလုံဆရာတော်၏ ရုပ်ကလာပ်တော်ထားရှိရာ ကုံလုံစဥ္စိစ်ကျောင်းတော်ကိုလည်း ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## ပွင့်ဖြူမြို့နယ်၌ မြေအောက်ရေဖြင့် စိုက်ပျိုးသည့် သခွားသီးနှံစိုက်ပျိုးရေးလုပ်ငန်း အောင်မြင်

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအုပ်စု၊ ညောင်ကုန်းကျေးရွာတွင် ဒေသခံတောင်သူများ မုန်းချောင်းရေနှင့် မြေအောက်ရေကို အမှီပြု၍ နွေ၊ မိုး၊ ဆောင်း ရာသီမပြတ် သခွားသီးနှံကို အဓိက စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြရာ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး ရောင်းချရာတွင်လည်း ဈေးကောင်းရရှိကြောင်း အဆိုပါကျေးရွာမှ သခွားသီးနှံ စိုက်ပျိုးတောင်သူများထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် မဲဇလီရေလွှဲဆည်ရေဖြင့် စပါး ၊ နှမ်း ၊ မြေပဲ ၊ ကုလားပဲ၊ ပဲထောပတ်၊ ပဲတီစိမ်း ၊ နေကြာ စသည့် သီးနှံများကို စိုက်ပျိုးကြသည့်အပြင် မုန်းချောင်းရေနှင့် မြေအောက်ရေကို အမှီပြု၍ ဟင်းသီးဟင်းရွက်စားပင် သီးနှံမျိုးစုံနှင့် ဘုရားပန်းမျိုးစုံတို့ကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။ အချို့ကျေးရွာများရှိ ဒေသခံတောင်သူများမှာ ဥယျာဉ်ခြံမြေများပြုလုပ်ကာ ဖီးကြမ်းငှက်ပျော၊ သီးမွှေးငှက်ပျော ၊ ငှက်ပျောချဉ်နှင့် နှစ်ရှည်သီးနှံများဖြစ်သည့် ပိန္နဲ၊ သရက်၊ သနပ်ခါး ၊ လျှော်ဖြူ၊ မန်ကျည်းပင် ၊ ရှောက်ပင် ၊ သံပရာပင်များကိုလည်း စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

"ကျွန်တော်တို့ကျေးရွာက ဒေသခံတောင်သူတွေဟာ နေ့စဉ်သီးနှံဝင်ငွေရရှိတဲ့ ဟင်းသီးဟင်းရွက်စားပင်သီးနှံတွေကို အားထားစိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ ယခင်ကဆိုရင် ဟင်းသီးဟင်းရွက် စားပင်သီးနှံတွေကို မိရိုးဖလာစိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ ခုတော့ တဖြည်းဖြည်းနဲ့ စိုက်ပျိုးရေးနည်းပညာတွေ တိုးတက်လာတာနဲ့အမျှ တောင်သူ အကျိုးအမြတ်ရှိတဲ့ စိုက်ပျိုးရေး နည်းစနစ်တွေကို ပြောင်းလဲစိုက်ပျိုးလုပ်ကိုင်ကြပါပြီ။ အခုနှစ်မှာဆိုရင် မျှားနီစိုက်ပျိုးရေးကုမ္ပဏီက ထုတ်လုပ်တဲ့ ဆမ်းမားသခွားသီးနှံမျိုးကို စိုက်ပျိုးရာမှာ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး ရောင်းချရာမှာလည်း ဈေးကောင်းရရှိလို့ တောင်သူတွေ စီးပွားရေးတွက်ခြေကိုက်ပါတယ်။ သခွားသီးနှံက စိုက်ပျိုးပြီး တစ်လခွဲအကြာမှာ ရောင်းတန်းဝင်သခွားသီးတွေကို ဆွတ်ခူးရောင်းချရပြီး အပင် ၁၀၀၀ စိုက်ပျိုးပါက စိုက်ပျိုးစရိတ် အရင်းအနှီး ငွေကျပ်ခုနစ်သောင်းခွဲခန့် ကုန်ကျမှုရှိပြီး သီးနှံဝင်ငွေအနေနဲ့ အနည်းဆုံး ငွေကျပ်သုံးသိန်းမှ လေးသိန်းအထိ အကျိုးအမြတ်ရရှိပါတယ်။ ဒါ့ကြောင့်ဆမ်းမားသခွားသီးနှံကို တစ်နှစ်ပတ်လုံး စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် ညောင်ကုန်း ကျေးရွာမှ ဟင်းသီးဟင်းရွက်စားပင် သီးနှံစိုက်ပျိုးလုပ်ကိုင်သူ ကိုသန်းဌေးအောင်က ပြောသည်။

**ရဲဝင်းနိုင် (ပြန်/ဆက်)**

## ပြည်ထောင်စုနေ့အထိမ်းအမှတ် ပုံပြောပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်

**ဖာပွန် ဖေဖော်ဝါရီ ၁၇**




ကရင်ပြည်နယ် ဖာပွန်မြို့တွင် (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပုံပြောပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သက်ဦးက ကလေးငယ်များနှင့် ကျောင်းသား၊ ကျောင်းသူများကာယ၊ ဉာဏစွမ်းရည် မြင့်မားလာစေရန်၊ ဉာဏ်ရည်ထက်မြက်လာစေရန်၊ နှုတ်ပြောစွမ်းရည်မြင့်မားစေရန်၊ ရဲဝံ့စွာပြောဆိုတတ်စေရန်နှင့် ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များ ရေရှည် ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ပုံပြောပြိုင်ပွဲကို ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိသူများအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ဆုများကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကျင်းပကြောင်း သိရသည်။

**စိုင်းကျော်ဝဏ္ဏ၊**
**စောအောင်မျိုးလွင်(ပြန်/ဆက်)**

## လှိုင်းဘွဲ-ပိုင်ကျုံလမ်းပိုင်းကို လမ်းချဲ့ခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ၈၀ ရာခိုင်နှုန်းပြီးစီး

**ပိုင်ကျုံ ဖေဖော်ဝါရီ ၁၇**

ကရင်ပြည်နယ် ပိုင်ကျုံမြို့ လမ်းဦးစီးဌာနအနေဖြင့် ပြည်သူများ သွားလာမှု လွယ်ကူစေရေးနှင့် ကုန်စည်စီးဆင်းမှုလွယ်ကူမြန်ဆန်စေရေးအတွက် လမ်းများကို အဆင့်မြှင့်တင်ပေးလျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ် ၂၂၅ ဒသမ ၉ သန်းဖြင့် လှိုင်းဘွဲ-ပိုင်ကျုံလမ်းကို အရှည် ၁ ဒသမ ၁ ကီလိုမီတာ၊ အကျယ် ၁၈ ပေရှိသော လမ်းချဲ့ခြင်းနှင့် ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၅ ရက်က စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုအချိန်တွင် ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ရာ ပိုင်ကျုံမြို့ လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် တင်ဒါအောင်သည့် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့**

# ရိုးရာပွဲတော်အမျိုးမျိုးဖြင့် ပျော်ရွှင်စရာ မိုင်းယောင်းဒေသ

အမြဲစိမ်းစိုလန်းဆန်းနေသော သဘာဝ တောတောင်ရေမြေများ၊ စိမ့်စမ်းရေတံခွန်များဖြင့် ကြည့်တိုင်းလှနေသည့် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်၌ ဆယ့်နှစ်လရာသီပွဲတော်များကို လအလိုက် ဒေသ၏ ဓလေ့ထုံးတမ်းရိုးရာအစဉ်အလာများအရ ခေတ်နှင့်အညီဆန်းသစ်၍ ဆင်နွှဲကျင်းပလေ့ရှိသည်။

မိုင်းယောင်းဒေသခံများသည် ရာသီအလိုက်၊ လအလိုက် ပွဲပန်းမုန်း(နတ်ပွဲ)၊ ပွဲဆန်းခန်း(သင်္ကြန်)ပွဲ၊ ပွဲအော်ဝါ(သီတင်းကျွတ်)ပွဲ၊ ပွဲတန်းထမ်း(ဝေဿန္တရာဇာတ်တော်ခင်း)ပွဲ၊ တန်းထပ်ဆိုက်(သဲပုံစေတီ)ပွဲ၊ တန်းအော်ဆလပ်(ဆင်ဆွဲ)ပွဲ၊ ပွဲဒေါက်ဖိုင်း(မီးရှူးမီးပန်း)ပွဲ၊ ပွဲပီးမိုင်(နှစ်သစ်ကူး)ပွဲ၊ ကင်ခေါက်မိုင်(ကောက်သစ်စား)ပွဲ၊ ပွဲခစ်စမတ်(ခရစ္စမတ်)ပွဲ၊ ပွဲထပ်လုံ(တန်ဆောင်တိုင်)ပွဲနှင့် လွဲကထုံ(ဆီမီးမျှော)ပွဲ အစရှိသည့် မရိုးနိုင်သော ရိုးရာပွဲတော်အမျိုးမျိုးကို ကျင်းပကာ ဖော်ရွှေရွှင်ပျလွန်းလှသည့် ဧည့်ဝတ်ကျေတတ်မှုများကြောင့် မိုင်းယောင်းမြေသို့ ရောက်လာကြသူများသည်လည်း အထူးကျေနပ်နှစ်သက်ပျော်ရွှင်ကြသည်။

"တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား" ဆိုသည့် ဆိုရိုးစကားအတိုင်း စေတနာရက်ရောလွန်းလှသည့် တိုင်းရင်းသားတို့၏ လှူဒါန်းမှုအစုစုမှာလည်းမြင်ရကြားရသူတိုင်း မုဒိတာပွား ဝမ်းသာပီတိ ဖြစ်စရာပင်ဖြစ်သည်။ ရိုးစင်းပြီး ယဉ်ကျေးလှသည့် ရှမ်းရိုးရာဝတ်စုံများနှင့် မိုင်းယောင်းသူ ရှမ်းပျိုဖြူလေးများ၏ နေထိုင်မှုဓလေ့များသည်လည်း ယဉ်ကျေးမှု အဆင့်မြင့်လွန်းလှသည်။



မိုင်းယောင်းမြို့



ဓမ္မဂမ္ဘီရသာသနာ့လိုဏ်ဂူ

မိုင်းယောင်းတွင် ရှမ်းတိုင်းရင်းသားများနှင့်အတူ ဌာနေဒေသခံ ညီနောင်တိုင်းရင်းသားများဖြစ်သည့် အာခါ၊ လားဟူ၊ လွယ်၊ ဗမာနှင့် အခြားလူမျိုးစုများ စုပေါင်း မှီတင်းနေထိုင်လျက်ရှိကြပြီး လွတ်လပ်ခြင်းနှင့် ညီမျှခြင်းများကိုလည်း လေးစားမြတ်နိုး တန်ဖိုးထားခဲ့ကြသည်။ ထို့အပြင် ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတ်တော်၊ မွေတော်များ ဌာပနာထားရာ စေတီပုထိုးများကို မျက်စိတဆုံး သပ္ပာယ်စွာ ဖူးမြော်ရမည်ဖြစ်ပြီး သန့်ရှင်းစင်ကြယ်သည့် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ထွန်းလင်းတောက်ပနေသည်ကိုလည်း တွေ့မြင်နိုင်မည်ဖြစ်သည်။

ကိုဗစ်အလွန်ကာလ အချိန်ခါသမယတွင် ရှမ်းပြည်နယ် အရှေ့ပိုင်း၌ တန်ခိုးကြီးပြီး အထူးထင်ရှားကျော်ကြားသည့် ဓာတ်လုံစွမ်ယောင်း(ထပ်လုံ)စေတီတော်၊ ရွှေညောင်ပင်(ဝမ်မိုင်ဆလီမွန်း)၊ ဓမ္မဂမ္ဘီရသာသနာ့လိုဏ်ဂူ(ခေါ်)စွန်ဟိန်းဂနှင့် ဖပီလုံပါဝုန်း(ဈာန်ရကိုရင်ကြီး)တောရကျောင်းတော်တို့သို့ လာရောက်၍ ဘုရားများ ဖူးနိုင်ကြပြီး ဘုရားဖူးရင်းဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်း၏ စပါးကျီဟု တင်စားခေါ်ဝေါ်နေသည့် ရွှေမိုင်းယောင်း၏ စီးပွားရေး အခွင့်အလမ်းများနှင့် မိုင်းယောင်း-မိုင်းယုအဝေးပြေးကားလမ်းမကြီးပေါ်ရှိ ဝမ်ပုံရေပူစမ်းနှင့် မိုင်းယုရေတံခွန်တို့သို့လည်း လာရောက်လည်ပတ် လေ့လာနိုင်ကြပါရန် မိုင်းယောင်းမြေမှ အမြဲကြိုဆို ဖိတ်ခေါ်နေပါကြောင်း။ ။

**စိုင်းအောင်ဇော်လင်း**

## ကမ်းလွန်လုပ်ကွက်အမှတ် A-3 တွင် Seabed Hazard Survey လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ် A-3 တွင် Seabed Hazard Survey လုပ်ငန်းများအား တိုင်းတာရေးရေယာဉ် MV. FUGRO EQUATOR (Call Sign: C6ZT5) ရေယာဉ်ဖြင့် Point A. မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ ဒသမ ၉၇၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၁၉ ဒသမ ၂၉၇ မိနစ်၊ Point B. မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၅ ဒသမ ၃၈၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၀ ဒသမ ၀၆၇ မိနစ်၊ Point C. မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ ဒသမ ၀၈၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၄၃ ဒသမ ၉၃၉ မိနစ်၊ Point D. မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၁ ဒသမ ၆၈၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၃ ဒသမ ၁၇၆ မိနစ်တို့တွင် (၂၀.၂.၂၀၂၂) ရက်နေ့မှ (၃၁.၃.၂၀၂၂) ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၂၀.၂.၂၀၂၂) ရက်နေ့မှ (၃၁.၃.၂၀၂၂) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်း ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာထားကြောင်းသိရသည်။ **သတင်းစဉ်**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျစွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ နိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေ့ါပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# ခံစစ်အားနည်းမှုရှိနေတဲ့ မန်ယူကို ဆိုစီဒက်အသင်း ပ-ကျော့မှာ အသာရသွားနိုင်မလား

■ မိုးဇက် - စုစည်းသည်



ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးမှာတော့ ယူရိုပါလိဂ် ၃၂ သင်းအဆင့် ပထမအကျော့ပွဲစဉ်များကို ဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်။ အဆိုပါအဆင့်မှာ နာမည်ကြီးအသင်းများဖြစ်သည့် မန်ယူ၊ စပါး၊ ရိုးမား၊ အေစီမီလန်၊ အာဆင်နယ်၊ နာပိုလီစသည့် အသင်းများ ပါဝင်နေတာကြောင့် စိတ်ဝင်စားဖွယ် ကောင်းပါတယ်။ ဒါကြောင့် ဘယ်အသင်းက ပထမအကျော့မှာ ရလဒ်ကောင်း ပိုင်ဆိုင်သွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

## ဘရာဂါ VS ရိုးမား

**နောက်ဆုံးတွေ့ဆုံမှု** -

ယူရိုပါလိဂ် ၃၂ သင်းအဆင့် ပွဲစဉ်အဖြစ် ပေါ်တူဂီကလပ် ဘရာဂါအသင်းနဲ့ အီတလီကလပ် ရိုးမားအသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်အစောပိုင်းမှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဘရာဂါအသင်းရဲ့ လက်ရှိခြေစွမ်းက နောက်ဆုံးခုနစ်ပွဲမှာ ရှုံးပွဲကြုံတွေ့ထားခြင်းမရှိတာကြောင့် တည်ငြိမ်နေတာကို တွေ့ရတယ်။ ပေါ်တူဂီလိဂ်အမှတ်ပေးဇယားမှာလည်း ၁၉ ပွဲကစားပြီး ရမှတ် ၄၀ နဲ့ အဆင့် ၃ နေရာမှာ ရပ်တည်နေပါတယ်။ ရိုးမားအသင်းရဲ့ လက်ရှိခြေစွမ်းက နောက်ဆုံးခြောက်ပွဲမှာ သုံးပွဲနိုင်ပြီး သုံးပွဲ ရှုံးထားတာကို တွေ့ရတယ်။ စီးရီးအေအမှတ်ပေးဇယားရပ်တည်မှုမှာ ၂၂ ပွဲကစားပြီး ရမှတ် ၄၃ မှတ်အထိ စုဆောင်းထားနိုင်တာကြောင့် အဆင့် (၃) နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ နောက်ဆုံးခုနစ်ပွဲဆက် ရှုံးပွဲကြုံတွေ့ထားခြင်း မရှိသေးသော်လည်း ရိုးမားအသင်းကို အနိုင်ယူသွားနိုင်မလား စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

## ဇဗက်ဒါ VS အေစီမီလန်

**နောက်ဆုံးတွေ့ဆုံမှု** -

ဆားဘီးယားကလပ် ဇဗက်ဒါအသင်းနဲ့ အီတလီကလပ် အေစီမီလန်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်အစောပိုင်းမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဇဗက်ဒါအသင်းက နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ၁၅ ပွဲမှာ ရှုံးပွဲမရှိထားတာကြောင့် ခြေစွမ်းအထူးကောင်းမွန်နေတာကို တွေ့ရတယ်။ အေစီမီလန်အသင်းက နောက်ဆုံးငါးပွဲမှာ သုံးပွဲအထိ ရှုံးပွဲကြုံတွေ့ထားတာကြောင့် ခြေစွမ်းကျဆင်းနေတာကို တွေ့ရတယ်။ အဆိုပါနှစ်သင်းရဲ့ အမှတ်ပေးဇယားရပ်တည်မှုကိုကြည့်ရင် ဇဗက်ဒါအသင်းက ဆားဘီးယားကလပ်မှာ ၂၁ ပွဲကစားပြီး ရမှတ် ၅၉ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားပါတယ်။ ဒါ့အပြင် ဒုတိယနေရာမှ ဖိအားပေးနေတဲ့ ပါတီဇန်အသင်းကို ကိုးမှတ်အထိ ဖြတ်ထားနိုင်တာကြောင့် ခြေစွမ်းကျစ်လျစ်နေတာကို သတိပြုရမယ်။ အေစီမီလန်အသင်းကလည်း အနိုင်ရရှိဖို့ အကောင်းဆုံးပြင်ဆင်လာမှာဖြစ်တဲ့အတွက် ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲအဖြစ် ရှိနေပါတယ်။

## ဆိုစီဒက် VS မန်ယူ

**နောက်ဆုံးတွေ့ဆုံမှု** ဆိုစီဒက် ၀-၀ မန်ယူ

စပိန်ကလပ် ရီးရဲဆိုစီဒက်နဲ့ ပရီမီယာလိဂ်ကလပ် မန်ယူအသင်းတို့ပွဲစဉ် ကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်အစောပိုင်းမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ လာလီဂါမှာ နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲရယူထားနိုင်တဲ့ ဆိုစီဒက်အသင်းအနေနဲ့ ယနေ့ပွဲစဉ်ကိုလည်း အနိုင်ရရှိအောင် အားစိုက်ကစားလာမှာ ဖြစ်ပါတယ်။ မန်ယူအသင်းက နောက်ဆုံးနှစ်ပွဲမှာ မရှုံးနိမ့်အောင် ကစားထားနိုင်သော်လည်း နှစ်ဂိုးသာ သွင်းယူထားနိုင်တဲ့အတွက် တိုက်စစ်ပိုင်းထက်မြက်မှုမရှိတာကို တွေ့ရတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာ ဝက်စ်ဘရွန်းအသင်းကို တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သော်လည်း တိုက်စစ်ပိုင်းမှာ အားထားရတဲ့ ကာဗာနီ၊ မာရှယ်၊ ရပ်ဖို့ဒ်တို့ သုံးဦးကို ထည့်သွင်းအသုံးပြုခဲ့တာကို တွေ့ရတယ်။ ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တာက ၂၀၁၃ ခုနှစ်မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်အုပ်စုအဆင့်မှာဖြစ်ပြီး ဂိုးမရှိ သရေကျထားတာကို တွေ့ရတယ်။

## ဘင်ဖီကာ VS အာဆင်နယ်

**နောက်ဆုံးတွေ့ဆုံမှု** အာဆင်နယ် ၅-၂ ဘင်ဖီကာ

ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းနဲ့ ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၂ နာရီခွဲမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဘင်ဖီကာအသင်းအနေနဲ့ ပေါ်တူဂီလိဂ်မှာ ၁၉ ပွဲကစားပြီး ၃၈ မှတ်နဲ့ အဆင့် (၄) နေရာမှာ ရပ်တည်ထားပါတယ်။ နောက်ဆုံးလေးပွဲဆက် မရှုံးနိမ့်အောင် ကစားထားနိုင်တဲ့အတွက် ခြေစွမ်းတည်ငြိမ်နေတာကို သတိပြုရမယ်။ အာဆင်နယ်အသင်းက ဝုဖ်၊ အက်စ်တွန်ဗီလာအသင်းတို့ကို နှစ်ပွဲဆက် ရှုံးနိမ့်ခဲ့သော်လည်း နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ လိဒ်စ်အသင်းနဲ့ပွဲစဉ်မှာတော့ ခြေစွမ်းပြသနိုင်ခဲ့ပြီး လေးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ ယခုပွဲစဉ်ပြီးရင် မန်စီးတီးနဲ့ ကစားရဖို့ရှိနေတာကြောင့် လူစုံထုတ်ကာ ဘင်ဖီကာအသင်းကို ရင်ဆိုင်လာမလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးနှစ်ကြိမ် ထိပ်တိုက်တွေ့ဆုံထားမှုမှာ အာဆင်နယ်အသင်းက ဂိုးပြတ်အနိုင်ရထားတယ်။

## ဝုဖ်ဘာဂါ VS စပါး

**နောက်ဆုံးတွေ့ဆုံမှု** -

ဩစတြီးယားကလပ် ဝုဖ်ဘာဂါအသင်းနဲ့ ပရီမီယာလိဂ်ကလပ် စပါးအသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်အစောပိုင်း ကျင်းပသွားမှာဖြစ်ပါတယ်။ ဝုဖ်ဘာဂါအသင်းက ပြိုင်ပွဲစုံ နောက်ဆုံးငါးပွဲမှာ နှစ်ပွဲရှုံးနိမ့်ထားပြီး သုံးပွဲသရေကျထားတယ်။ ဩစတြီးယားလိဂ်မှာ ၁၇ ပွဲကစားပြီး ၂၄ မှတ်နဲ့ အဆင့် (၆) နေရာမှာရပ်တည်နေပါတယ်။ ဝုဖ်ဘာဂါအသင်းအနေနဲ့ အဆိုပါ ၁၇ ပွဲမှာ ရဂိုးက ၂၆ ဂိုးရှိပြီး ပေးဂိုးက ၂၉ ဂိုးအထိ ရှိနေတာကို တွေ့ရတယ်။ ဒါကြောင့် ဩစတြီးယားလိဂ်မှာတော့ ခံစစ်အသင်းအဆိုးရွားဆုံးအသင်းထဲမှာ ပါဝင်နေပါတယ်။ စပါးအသင်းက ပြိုင်ပွဲစုံ နောက်ဆုံးခြောက်ပွဲမှာ ငါးပွဲအထိရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းကျဆင်းနေတာကို တွေ့ရတယ်။ အမှတ်ပေးဇယားမှာလည်း ၂၃ ပွဲကစားပြီး ၃၆ မှတ်နဲ့ အဆင့် (၉) နေရာမှာ ရပ်တည်နေပါတယ်။ ခြေစွမ်းကျဆင်းနေတဲ့ စပါးအသင်းအနေနဲ့ ယခုပွဲစဉ်မှာ နိုင်ပွဲရလဒ်ဖော်ဆောင်သွားနိုင်မလား စိတ်ဝင်စားဖွယ်ရာပင်။

## ပရော့ VS လက်စတာ

**နောက်ဆုံးတွေ့ဆုံမှု** -

စလာဗီယာ ပရော့အသင်းက ချက်လိဂ်မှာ ကစားနေတဲ့အသင်းဖြစ်ပြီး ၁၉ ပွဲ မှာ ၅၁ မှတ်ရရှိထားတာကြောင့် အမှတ်ပေးဇယားကို ဦးဆောင်ထားပါတယ်။ ဒါ့အပြင် ပရော့အသင်းဟာ အဆိုပါ ၁၉ ပွဲမှာ ရဂိုးက ၅၇ ဂိုးအထိ ရှိတာကြောင့် ချက်လိဂ်မှာ တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရှိနေပါတယ်။ ခံစစ်ပိုင်းမှာလည်း လက်ရှိအချိန်အထိ ၁၁ ဂိုးသာခွင့်ပြုပေးထားရတာကြောင့် ခံစစ်အကောင်းဆုံးအသင်းဟု ဆိုနိုင်ပါတယ်။ လက်စတာအသင်းကလည်း နောက်ဆုံးလေးပွဲမှာ တစ်ပွဲသရေနဲ့ သုံးပွဲအထိ နိုင်ပွဲရရှိထားတာကြောင့် ခြေစွမ်းအတက်ဘက်ရောက်နေတာကို သတိပြုရမယ်။ အမှတ်ပေးဇယားမှာ ၂၄ ပွဲကစားပြီး ရမှတ် ၄၆ မှတ်နဲ့ အဆင့် (၃) နေရာမှာ ရပ်တည်နေပါတယ်။ မည်သို့ပင်ဆိုစေ နှစ်သင်းစလုံးအနိုင်ရရှိအောင် ကြိုးပမ်းလာမှာဖြစ်တဲ့အတွက် ဘယ်အသင်းက နိုင်ပွဲရလဒ် ဖော်ဆောင်သွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

## နောက်ဆုံးရ သတင်းတိုများ

■ မန်ယူအသင်းသည် အသင်းမှ ပေါ့ဂ်ဘာ၏ နေရာကို အစားထိုးရန်အတွက် ရီးရဲမက်ဒရစ်အသင်းမှ အသက် ၂၂ နှစ်အရွယ် ဥရုဂွေး ကွင်းလယ်ကစားသမား ဗယ်ဗာဒီကို ခေါ်ယူရန် စောင့်ကြည့်လျက်



ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ပြင်သစ် ကွင်းလယ်ကစားသမားပေါ့ဂ်ဘာအနေဖြင့် စီးရီးအေကလပ် ဂျူဗင်တပ်စ်အသင်းထံသို့ ပြန်လည်ပြောင်းရွှေ့ရန် စိတ်အားထက်သန်နေကြောင်း သတင်းများကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်ထားသူလည်း ဖြစ်သည်။

■ အဲဗာတန်အသင်းသည် ဂျူဗင်တပ်စ်အသင်းမှ အသက် ၂၅ နှစ်အရွယ် ပြင်သစ်ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သူ ရာဘီရော့ကို ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ထပ်မံကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။ ၎င်းသည် ဂျူဗင်တပ်စ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၆၅ ပွဲ ပါဝင်ကစားထားပြီး နှစ်ဂိုးသွင်းယူပေးထားနိုင်သူဖြစ်သည်။

■ မာဆေးနှင့် ခရိုအေးရှား ဗဟိုခံစစ်ကစားသမား ကလီတာကား (၂၄နှစ်) သည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် လီဗာပူးအသင်း၏ ကမ်းလှမ်းမှုတစ်ခုကို ပယ်ချခဲ့ကြောင်း သိရသည်။

■ စပါးအသင်းအနေဖြင့် လိုက်ပ်ဇစ်နည်းပြ နဂယ်စမန်းနှင့် လက်စတာနည်းပြ ရော်ဂျာတို့ နှစ်ဦးထဲမှ တစ်ဦးဦးဖြင့် နည်းပြမော်ရင်ဟို၏ နေရာကို အစားထိုးခန့်အပ်ရန် ချိန်ရွယ်နေကြောင်း သိရသည်။

■ ရီးရဲမက်ဒရစ်အသင်းသည် လီဗာပူးအသင်းက ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ကြိုးစားခဲ့သော ဘရာဂါအသင်းမှ ပေါ်တူဂီ ဗဟိုခံစစ်ကစားသမား ကာမိုကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

■ နယူးကာဆယ်အသင်းသည် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခွင့်ရှိနေသော အသက် ၃၁ နှစ်အရွယ် အင်္ဂလန်တိုက်စစ်ကစားသမား စတာရစ်ကို စာချုပ်ခေါ်ယူသွားမည်မဟုတ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်**

# ပီအက်စ်ဂျီအသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် ဘာစီလိုနာ

**ယူအီးအက်ဖ်အေချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်အဖြစ် စပိန်အင်အားကြီး ဘာစီလိုနာအသင်းနှင့် ပြင်သစ်အင်အားကြီး ပီအက်စ်ဂျီအသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက ဘာစီလိုနာအိမ်ကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ပီအက်စ်ဂျီအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။**



ဘာစီလိုနာအသင်းသည် ယနေ့ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းကို အနိုင်ရရှိရန်အတွက် အင်အားအတောင့်တင်းဆုံးပုံစံဖြစ်သည့် တာစတီဂန်၊ ဒက်စ်၊ ပီကေး၊ လင်ဂလက်၊ အယ်ဘာ၊ ဒီဂျောင်၊ ဘတ်စ်ကွက်စ်၊ ပက်ဒရီ၊ ဒမ်ဘီလီ၊ မက်ဆီ၊ ဂရစ်ဇ်မန်းစသည့် ကစားသမားများကို အသုံးပြုကာ ပွဲထွက်လာခဲ့သည်။ ပီအက်စ်ဂျီအသင်းကလည်း ဘာစီလိုနာ အသင်းကို နာဗက်စ်၊ ကာဇာဝါ၊ ကင်ပမ်ဘီ၊ မာကွင်ဟိုစ်၊ ဖလော် ရန်ဇီ၊ ပါရီဒက်စ်၊ ဂွီရီ၊ အမ်ဘတ်ပီ၊ ဗာရက်တီ၊ ကိန်း၊ အီကာဒီစသည့် ကစားသမားများကို အသုံးပြုကာ ဘာစီလိုနာ အသင်းကို ရင်ဆိုင်လာခဲ့သည်။

## ပီအက်စ်ဂျီအသင်း သက်သာရာရခဲ့

ပွဲစသည်နှင့်တစ်ပြိုင်နက် နှစ်သင်းစလုံး ထိုးဖောက်တိုက်စစ်ဆင်မှုများနှင့်ပွဲမှာ လှုပ်ရှားအသက်ဝင်လာခဲ့သည်။ ပထမပိုင်းပွဲကစားချိန် ၂၆ မိနစ်တွင် ပီအက်စ်ဂျီအသင်းမှ ကာဇာဝါက ဘာစီလိုနာအသင်းမှ ဒီဂျောင်ကို ဖျက်ထုတ်ပုံကြမ်းခဲ့သောကြောင့် ပယ်နယ်တီ အပေးခံခဲ့ရသည်။ အဆိုပါ ဂိုးကို ဘာစီလိုနာအသင်းတိုက်စစ်ကစားသမား မက်ဆီက အမှားအယွင်းမရှိကန်သွင်းယူနိုင်ခဲ့၍ တစ်ဂိုး-ဂိုးမရှိဖြင့် ဘာစီလိုနာအသင်းဦးဆောင်ခွင့် ရရှိခဲ့သည်။ ထို့နောက် ပွဲချိန် ၂၉ မိနစ်တွင် မက်ဆီ၏ ဖန်တီးပေးမှုမှတစ်ဆင့် ဒုတိယဂိုး ရရှိလောက်သည်အထိ နီးစပ်ခဲ့သော်လည်း ဒမ်ဘီလီ၏ကန်ချက် ဂိုးပေါက်တည့် မတ်ခြင်းမရှိခဲ့သောကြောင့် ပီအက်စ်ဂျီအသင်း သက်သာရာရခဲ့သည်။

မက်ဆီသည် ယနေ့ပွဲစဉ်တွင် ပယ်နယ်တီမှတစ်ဆင့် တစ်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ယခုနှစ်ရာသီတွင် ပြိုင်ပွဲစုံ သွင်းဂိုး ၂၀ အထိ ရှိလာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ၎င်းသည် အသင်းအတွက် ၁၃ နှစ်ဆက် ဂိုး ၂၀နှင့် အထက်သွင်းယူထားနိုင်သည့် ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

## ပြိုင်ဆိုင်မှုပြင်းထန်

ပွဲကစားချိန် ၃၂ မိနစ်အရောက်တွင် ပီအက်စ်ဂျီအသင်း ချေပဂိုး ရရှိခဲ့သည်။ အဆိုပါဂိုးကို အမ်ဘတ်ပီက သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ တစ်ဖက်တစ်ဂိုးစီဖြစ်သွားပြီးနောက် ပွဲမှာပြိုင်ဆိုင်မှုပြင်းထန်လာခဲ့သော်လည်း ပထမပိုင်းပွဲချိန်ပြီးဆုံးသည်အထိ ဂိုးထပ်မံသွင်းယူနိုင်ခြင်း မရှိသောကြောင့် တစ်ဖက်တစ်ဂိုးစီဖြင့် ပြီးဆုံးခဲ့သည်။

ဒုတိယအပိုင်းအစတွင် ပီအက်စ်ဂျီအသင်းသည် လူစားလဲမှုပြုလုပ်ခဲ့ပြီး ဂွီရီ၏ နေရာကို ဟာရဲရားဖြင့် အစားထိုးခဲ့သည်။ ယနေ့ပွဲစဉ်တွင် နှစ်သင်းစလုံးအပြန်အလှန်ထိုးဖောက်မှုများကြောင့် အကြိတ်အနယ်ရှိသည့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ထို့အပြင် ပီအက်စ်ဂျီ အသင်း၏ ကန်သွင်းချက်များကို ဘာစီလိုနာဂိုးသမား တာစတီဂန် လက်စွမ်းပြကာကွယ်ထားနိုင်သည်ကို တွေ့ရသည်။ ဒုတိယပိုင်းပွဲ ကစားချိန် ၆၅ မိနစ်အရောက်တွင် ပီအက်စ်ဂျီအသင်း ဒုတိယဂိုးရရှိခဲ့ပြီး ယနေ့ပွဲစဉ်တွင် ခြေစွမ်းပြသနိုင်သည့် အမ်ဘတ်ပီကပင် သွင်းယူခဲ့သည်။ ပွဲချိန် မိနစ် ၇၀ တွင် ပီအက်စ်ဂျီအသင်း တတိယဂိုးရရှိခဲ့ပြီး အဆိုပါ ဂိုးကို ပါရီဒက်စ်၏ ဖန်တီးပေးမှုမှတစ်ဆင့် မွိုက်စ်ကိန်းက သွင်းယူပေးနိုင်ခဲ့သည်။

## စတုတ္ထဂိုးရရှိ

ပွဲချိန် ၇၁ မိနစ်အရောက်တွင် ဘာစီလိုနာအသင်း လူစားလဲမှု ပြုလုပ်ခဲ့ပြီး ဆာဂျင်နို ဒက်စ်၏ နေရာကို မင်ဂွက်ဇာဖြင့် လဲလှယ်ခဲ့သည်။ ၇၃ မိနစ်တွင် ပီအက်စ်ဂျီအသင်းက ဗာရက်တီ၏ နေရာကို ဒရက်ဇ်လာဖြင့် အစားထိုးလဲလှယ်ခဲ့သည်။ ဘာစီလိုနာအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ယှဉ်ပြိုင်ကစားခဲ့သည့် အိမ်ကွင်းတွင် နှစ်ပွဲဆက် သုံးဂိုး သို့မဟုတ် သုံးဂိုးအထက်ခွင့်ပြုပေးခဲ့ရသည်မှာပထမဆုံး အကြိမ်လည်းဖြစ်သည်။ ပွဲကစားချိန် ၈၅ မိနစ်အရောက်တွင် ပီအက်စ်ဂျီအသင်းက စတုတ္ထဂိုးရရှိခဲ့ပြီး လူစားဝင်ကစားသမား ဒရက်ဇ်လာ၏ ဖန်တီးပေးမှုမှတစ်ဆင့် အမ်ဘတ်ပီက သွင်းယူပေးနိုင်ခဲ့သည်။ အမ်ဘတ်ပီသည် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ဘာစီလိုနာအသင်းကို ဟက်ထရစ် ရယူနိုင်ခဲ့သည့် တတိယမြောက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ဘာစီလိုနာအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့၏ ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲစဉ်ကို မတ်လတွင် ကျင်းပသွားမည်ဖြစ်သည်။

**အောင်ဇော်**

# နောက်ဆုံး သုံးပွဲဆက်ရှုံးနိမ့်မှုကို ချေဖျက်နိုင်ခဲ့သည့် လီဗာပူးအသင်း

ယူအီးအက်ဖ်အေချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်အဖြစ် ဂျာမန်ကလပ် လိုက်ပ်ဇစ်အသင်းနှင့် ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ လီဗာပူးအသင်း အတွက်ဂိုးများကို ဆာလာနှင့် မာနေးတို့က သွင်းယူပေးခဲ့သည်။

ဘွန်ဒက်စ်လီဂါမှာ ပုံစံကောင်းရရှိနေသည့် လိုက်ပ်ဇစ်အသင်းအနေ ဖြင့် ယခုပွဲစဉ်ကိုအနိုင်ရရှိရန်အတွက် အူပါမီကာနို၊ အဒမ်စ်၊ ဆာဘစ်ဆာ၊ အိန်ဂျလီနို၊ အိုလ်မို၊ အင်ကူကူစသည့်အဓိကကစားသမားများကိုအသုံးပြုကာ လီဗာပူး အသင်းကို ရင်ဆိုင်လာခဲ့သည်။ လီဗာပူးအသင်းကလည်း နောက်ဆုံးသုံးပွဲဆက် ရှုံးနိမ့်ထားမှုကို ချေဖျက်နိုင်ရန် ယခုပွဲစဉ်ကို အင်အားအတောင့်တင်းဆုံးပုံစံ ဖြစ်သည့် ဘက်ကာ၊ ရော်ဘတ်ဆန်၊ ဟန်ဒါဆန်၊ ကာဘတ်၊ အာနီး၊ အယ်ကန်တာယာ၊ ဝီနေလ်ဒမ်၊ ဂျုန်းစ်၊ မာနေး၊ ဖာမီနို၊ ဆာလာစသည့် ကစားသမားများကို အသုံးပြုကာ လိုက်ပ်ဇစ်အသင်းကို ရင်ဆိုင်လာခဲ့သည်။

## ဦးဆောင်ဂိုးစတင်ရရှိ

ပထမပိုင်းပွဲချိန်အတွင်း ဂိုးပေါက်ခြိမ်းခြောက်နိုင်မှုများ ရှိခဲ့သော်လည်း ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိသောကြောင့် ဂိုးမရှိသရေဖြင့် ပြီးဆုံးခဲ့သည်။ ဒုတိယပိုင်းပွဲကစားချိန် ၅၃ မိနစ်တွင် လီဗာပူးအသင်း ဂိုးစတင်ရရှိခဲ့ပြီး ဆာလာက သွင်းယူပေးနိုင်ခဲ့သည်။ လီဗာပူးအသင်းအနေဖြင့် ဦးဆောင်ဂိုးရရှိပြီးနောက်ပိုင်း မကြာမီမှာပင် ဒုတိယဂိုး ရရှိခဲ့သည်။ အဆိုပါဂိုးကို ကာတစ်ဂျုန်းစ်၏ ဖန်တီးပေးမှုမှတစ်ဆင့် မာနေးက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက်ပိုင်း နှစ်သင်းစလုံး လူစားအပြောင်းအလဲပြုလုပ်ခဲ့သော်လည်း ဒုတိယပိုင်းပွဲချိန်ပြီးဆုံးသည်အထိ ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိသောကြောင့် ပွဲအပြီးတွင် လီဗာပူးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် လိုက်ပ်ဇစ်အသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

## ၁၁၄ ပွဲ ပြည့်မြောက်ခဲ့သည့် ဘက်ကာ

ယနေ့ပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သည့် ဆာလာသည် ယခုနှစ်ရာသီ လီဗာပူးအသင်းအတွက် ပြိုင်ပွဲစုံ ၃၄ ပွဲတွင် ၂၄ ဂိုးအထိ ရှိလာခဲ့ပြီဖြစ်သည်။ လီဗာပူးဂိုးသမား ဘက်ကာသည် ယနေ့ပွဲစဉ်တွင် အသင်းအတွက် ၁၁၄ ပွဲ ပြည့်မြောက်ခဲ့ပြီး ဂိုးမပေးရအောင် စွမ်းဆောင်နိုင်ခဲ့သည့်ပွဲ စုစုပေါင်း ပွဲ ၅၀ အထိရှိလာပြီ ဖြစ်သည်။

လိုက်ပ်ဇစ်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဟာသာဘာလင်အသင်းနှင့် ဖေဖော်ဝါရီ ၂၁ ရက်တွင် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ လီဗာပူးအသင်းက လာမည့်ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ လိုက်ပ်ဇစ်အသင်းနှင့် လီဗာပူးအသင်းတို့ ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲစဉ်ကို မတ်လတွင် ကျင်းပသွားမည်ဖြစ်သည်။




**အောင်ဇော်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
## လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ရုံးလုပ်ငန်းသုံး စက်ကိရိယာပစ္စည်းများနှင့် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်၏ မှတ်ပုံတင်အစီရင်ခံစာများအား ဒီဂျစ်တယ်စနစ်ဖြင့် ထိန်းသိမ်းခြင်းလုပ်ငန်းအတွက် ကွန်ပျူတာစနစ်တွင်လိုအပ်သည့် Program Software အားမြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် အမျိုးအစား၊ Specification အတိုင်း တိကျမှန်ကန်စွာ တင်သွင်းနိုင်သော စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါလျှောက်လွှာပုံစံ**

| | | |
|---|---|---|
| **စတင်ရောင်းချမည့်ရက်** | – | ၁၈–၂–၂၀၂၂ရက်မှ ၁၉–၃–၂၀၂၂ရက် ညနေ ၄ နာရီအထိ |
| **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | – | ၁၉–၃–၂၀၂၂ရက် ညနေ ၄နာရီအထိ |
| **တင်ဒါတင်သွင်းရန်နေရာ** | – | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ရုံး အမှတ်(၄၈)၊ နေပြည်တော် |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတွင် လျှောက်လွှာ တစ်စောင်လျှင် (၁၅၀၀၀/–)ကျပ်နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၀၆၇–၃၄၃၁၅၁၇သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါ သည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/ရွှေအင်ကြင်းရပ်)၊ မြေဧရိယာ(၀ဒသမ၀၈၂)ဧကေ၊ မြေကွက်အမှတ်(ဒ–၃၇၈)၊ ဦးငြိမ်းဇော်(ဘ)ဦးသန်းအောင် ၉/လဝန(နိုင်) ၀၁၅၈၅၁ အမည်ပေါက် (ပါမစ်)မြေကွက်အား ဒေါ်သီတာငြိမ်းထိုက်(ဘ)ဦးကျော်သိန်း ၈/တတက(နိုင်)၁၁၂၃၉မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရား ဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှား စာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄)၊ မြေကွက်အမှတ် (က/၃၉)၊ သဘော်ကျင်းရပ်ကွက်၊ သဘော်ကျင်း (၁၀)လမ်း၊ တိုက်အမှတ် (၁၃၀)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ယာဘက်ခြမ်းရှိ ပထမထပ် (၂–လွှာ)၊ (ခေါင်းရင်းခန်း)၊ အလျား (၁၁ ၃/၄ ) ပေxအနံ ၄၇ပေ၊ အမြင့် ၉ ပေရှိ တိုက်ခန်းတစ်ခန်းနှင့် တိုက်ခန်းတွင်တပ်ဆင်ထားသော ပစ္စည်းများအားလုံးအပါ အဝင် ၎င်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ညို ညိုဝင်း ၁၂/ရကန(နိုင်) ၀၄၆၂၂၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်အေး ၁၂/ဒဂန(နိုင်)၀၁၉၈၃၄က အထက်ပါတိုက်ခန်း အား အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း) များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်ခင်ဝါ (စဉ်–၅၁၃၅၈)**
**LL.B, LL.M**
**အထက်တန်းရှေ့နေ**
**ခြံအမှတ် (၂၇)၊ အခန်း (၃၈)၊ ယောမင်းကြီးလမ်း၊**
**ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၄၄၄၃၉၂၈၂၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပ ရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဒေါ်ခင်သန်းမြင့် ၉/ပမန(နိုင်)၀၀၂၀၀၅ (ဘ) ဦးစံညွန့်အမည်ပေါက် ပါမစ်မြေကွက်အမှတ် (ပ–၄၇၁၃)၏ မြေပေးမိန့် (မြေကွက်နေရာ ချထားပေးခြင်းလက်မှတ်)ထုတ်ယူခွင့်ပြုပါရန် မြေကွက်အမည် ပေါက်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ဝယ်ယူထားသူ ဒေါ်မာလာ အောင် ၉/ပမန(နိုင်)၁၅၈၈၀၀ (ဘ) ဦးတင်အောင်မှ မြေပေးစလစ်မူရင်း၊ မြေကွက် တန်ဖိုးပေးသွင်းချလန် မိတ္တူ၊ နှစ်ဦးသဘောတူ အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်ဆက် မိတ္တူများ၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်မူရင်း၊ လျှောက်ထား သူ၏ဝန်ခံကတိပြုချက်မူရင်း၊ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်းများ၊ မြေကွက်ပေါ်ရှိ အခြေအနေပြပုံများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်ထုတ်ယူခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပ ရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ ဦးဝင်းဇော်ဦး(ဘ)ဦးမောင်ချစ် အမည် ပေါက် ပါမစ်မြေကွက်အမှတ်(ပ–၄၇၁၅)၏ မြေပေးမိန့် (မြေကွက်နေရာချထားပေး ခြင်းလက်မှတ်) ထုတ်ယူခွင့်ပြုပါရန် မြေကွက်အမည်ပေါက်ထံမှ အရပ်ကတိ အရောင်း အဝယ်စာချုပ်ချုပ်ဆို၍ ဝယ်ယူထားသူ ဦးညီညီအောင် ၉/ပမန(နိုင်)၁၇၆၁၉၆(ဘ) ဦးတင်အောင်မှ မြေပေးစလစ်မူရင်း၊ မြေကွက်တန်ဖိုးပေးသွင်းချလန် မိတ္တူ၊ နှစ်ဦး သဘောတူအရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်ဆက်မိတ္တူများ၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်မူရင်း၊ တရားရုံး ကျမ်း ကျိန်ဆိုချက် မူရင်းများ၊ မြေကွက်ပေါ်ရှိအခြေအနေပြပုံများတင်ပြပြီး လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည် ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့် ထုတ်ယူခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ ရန်ကုန်သန်လျင်တံတားအနီး STAR City Condominium တိုက် (B1)(5th) Floor ၊ အခန်းအမှတ် (510)၊ အကျယ်အဝန်း (၉၄၆ စ/ပ) ရှိ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

အထက်ပါကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးကိုကိုဇော် ၁၃/တကန(နိုင်)၀၀၄၁၉၅က တရားဝင်ပိုင်ဆိုင်သော ကွန်ဒိုတိုက်ခန်းဖြစ်ပြီး အခြားသူများကို ရောင်းချထားခြင်း၊ပေါင်နှံထားခြင်း၊အမွေဆိုင်/လက်ထက်ပွားအရှုပ်အရှင်း၊ အမှုအခင်းများ ဖြစ်ပွားနေခြင်းတို့မှ ကင်းရှင်းပြီး မည်သူ့ကိုမဆို လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသော တိုက်ခန်းဖြစ်ပါကြောင်း၊ အရောင်းအဝယ်ပြုလုပ်နိုင်ရန်အတွက် ဦးကို ကိုဇော်၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၉၄၈၄/၂၀၁၃)ရရှိသူ ဦးကျော်ဇော် လင်း ၁၂/မဂတ(နိုင်)၀၀၂၆၀၁က ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ အထွေထွေကိုယ်စား လှယ်လွှဲစာနှင့်တကွ တင်ပြဝန်ခံပြီး အရောင်းအဝယ်ပြုလုပ်ရန် ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသ ကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါကွန်ဒိုတိုက်ခန်းအကျိုးခံစားခွင့်တို့နှင့်ပတ်သက်ပြီး အကျိုး သက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ယခုအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားမူရင်းများပြည့်စုံစွာဖြင့် ကျွန်ုပ် ထံသို့ ဆက်သွယ်ပြီး ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မပေါ်ပေါက်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နန်းမေကြည်အေးမောင် (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၆၈၈)**
**ရုံးခန်း (၅)၊ ပထမထပ် Strand Condominium၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၉၆၆၂၄၃၀၂၅၊ ၀၉–၅၁၉၃၄၉၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၉)၊ အကွက်အမှတ် (၃–ခ/ဘူတာအနောက်–၁)၊ ဦးပိုင်အမှတ် (၁၄၀)၊ ဧရိယာ ၀ဒသမ၀၅၅ ဧက ဗိုလ်မှူးသန်းအောင် အမည်ပေါက် မြေငှားဂရန် အမှုတွဲအမှတ် ၅၇၄–၅/၁၉၉၇–၁၉၉၈ အား ၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိ ထားသူ ဒေါ်ချမ်းမြငြိမ်းမှ အရောင်းအဝယ်စာချုပ်အမှတ် (၄၄၇၊/၂၀၂၀)ဖြင့် ဦးဌေးလင်း ထံသို့ ရောင်းချပြီးဖြစ်၍ ဦးဌေးလင်း ၈/မမန(နိုင်)၀၆၀၁၂၆မှ အမည်ပြောင်း ထပ်မံ အသစ်လျှောက် မြေငှားဂရန်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုပါက အထောက် အထားခိုင်လုံစွာ ဖြင့် ၁၅ရက်အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၉)၊ အကွက်အမှတ် (ဘူတာအနောက်)၊ ဦးပိုင်အမှတ် (၁၃၃)၊ ဧရိယာ ၀ဒသမ၀၅၅ ဧက၊ ဒေါ်တင်တင်အေး အမည်ပေါက် မြေငှားလိုင်စင်အမှုတွဲ အမှတ် ၅၉–၅/၁၉၉၈–၁၉၉၉ (စီ)အား အရောင်းအဝယ်စာချုပ်အမှတ် (၄၄၆၊/၂၀၂၀) ဖြင့် ဒေါ်ချမ်းမြငြိမ်းသို့ ရောင်းချပြီးဖြစ်၍ ဒေါ်ချမ်းမြငြိမ်း ၁၃/လရန(နိုင်)၀၈၂၅၄၆မှ အမည်ပြောင်းထပ်မံအသစ်လျှောက် မြေငှားဂရန်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက် လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ၁၅ရက်အတွင်း လားရှိုးခရိုင်အထွေထွေအုပ် ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ထက် ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ အပ်ပါသည်။

**လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၉)၊ အကွက်အမှတ် (၅/ဗမာခါးရိုး)၊ ဦးပိုင်အမှတ် (၆၈)၊ ဧရိယာ ၀ဒသမ၁၂၄ ဧက၊ ဦးသောင်းရွှေ အမည်ပေါက် မြေငှားဂရန်အမှုတွဲအမှတ် ၃၈၃–၅/၂၀၁၂–၂၀၁၃အား အရောင်းအဝယ်စာချုပ်အမှတ် (၄၈၉၊/၂၀၂၀)ဖြင့် မြေဧရိယာ ၀ဒသမ၀၄၀ဧကအား ဒေါ်စောနှင်းယုထံသို့ ခွဲဝေရောင်းချပြီးဖြစ်၍ ဦးသောင်းရွှေမှ ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားမည်ဖြစ်၍ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာ ဖြင့် ၁၅ရက်အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်း နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ယခင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ယခုဒဂုံ (အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်၊ ထိပ်တင်မှတ်(၆)လမ်း၊ မြေကွက် အမှတ် (၁၁၆)၊ ဧရိယာ ပေ(၄၀x၆၀)ဒေါ်သန်းသန်းစိန်အမည်ပေါက် ပါမစ်မြေနှင့် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံ ကတိပြုသူ ဒေါ်ရီရီမြင့် ၁၂/ဗဟန(နိုင်)၀၃၉၅၁၂ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးမောင်ဇော် ၁၂/ဥကတ(နိုင်)၁၅၄၈၄၈က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုး ငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤ ကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်ကျော်မိုး(ဥပဒေတွဲ့)**
**အထက်တန်းရှေ့နေ(စဉ်–၂၆၆၁၈/၀၇)**
**ဖုန်း–၀၉–၈၉၂၀၉၀၁၇၂၊ ၀၉–၈၈၇၇၈၄၄၁၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၉/ပုဗ္ဗသီရိအနောက်ရပ်မှ၊ မြေဧရိယာ(၀ဒသမ၀၅၅)ကေရှိ မြေကွက်အမှတ်(ပ–၃၂၃၅၀)၊ ဦးမြင့်လွင် ၉/မထလ (နိုင်) ၀၉၇၉၆၈(ဘ)ဦးစံထွား အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးဌေးဝင်း ၇/ဒဥန(နိုင်)၀၃၇၁၉၀ (ဘ) ဦးသန်းရွှေ မှနေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၇၂/၂၀၁၈)တင်ပြ၍ ဦးဝေဖြိုး အောင် ၅/ဝလန(နိုင်)၁၂၁၄၂၅နှင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားမှု အား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ ပေါင်းလောင်း–၁၊ ဦးပိုင်အမှတ်(၆၄)၊ မြေကွက်အမှတ် (၁၂၀)၊ ဧရိယာ(၀ဒသမ၀၅၅)ကေရှိ ဦးစံ အမည် ပေါက် ပါမစ်မြေကွက်အား ဦးသော်ဇင်လင်း ၈/ရနခ(နိုင်)၀၉၂၆၄၇၊ ဒေါ်အိအိပိုး ၉/မမန(နိုင်)၀၈၇၈၀၀ တို့ မှ မြို့မြေတိုးချဲ့နေရာချထားရေးကော်မတီသို့ ပေးသွင်းထားသည့် ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာ လိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ ရွှေကြာပင်၊ မြေကွက်အမှတ် (၂၁၁၀)၊ ဧရိယာ(၀ဒသမ၀၈၂)ကေရှိ ဦးတိုးလွင် အမည်ပေါက် ပါမစ်မြေ ကွက်အား ဦးစိုးရာဇာ (ဘ)ဦးစိုးမင်း ၉/သပက(နိုင်)၀၃၆၅၄၂ မှ မြေပေးမိန့်၊ နှစ်ဦးသဘောတူအရောင်း အဝယ်စာချုပ်၊ ဒဂုံမြို့နယ် တရားရုံးကျမ်းကျိန်လွှာအမှတ် (၅၂/၃၄၆၄/၂၀၂၀) နှစ်ဦးသဘောတူ ကတိဝန်ခံ ချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ ပေါင်းလောင်း–၂၊ မြေကွက်အမှတ် (၁၁၉၁)၊ ဧရိယာ(၀ဒသမ၀၅၅)ကေရှိ မြို့နယ်ပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး အမည်ပေါက် မြေငှားစာချုပ်မြေကွက်အား မြေကွက်ရောင်းချရေးအဖွဲ့မှ လွှဲအပ်ထားသည့် အထူး ကိုယ်စားလှယ်လွှဲစာအမှတ်(၀၀၈/၂၀၂၁)ရသူ ဒေါ်မိုးမိုးအေး ၉/စကတ(နိုင်)၀၆၆၅၀၅ မှ နှစ်(၃၀) မြေငှားစာချုပ်၊ မြေကွက်လွှဲပြောင်း/လက်ခံမှတ်တမ်း၊ မြေကွက်ရောင်းချရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးမှတ်တမ်း၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးသန်းဇော်ထိုက် ၅/သကတ(နိုင်)၀၆၉၄၇၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ခင်တိုးရီ(အထက်မင်းလှ)နှင့် အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဒေါ်ခင်တိုးရီ(ဘ)ဦးဘရီ ၈/မလန(နိုင်)၀၁၁၆၇၈ ၏ ၆–၂–၂၀၂၂ ရက်ထုတ်မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၆)ပါ ကျွန်ုပ်၏မိတ်ဆွေ ကိုမိုးဝင်းဇော်(အထက်မင်းလှ)နှင့် အများသိစေရန် ကြေညာ ချက်သည် လုံးဝမဟုတ်မှန်ပါကြောင်း၊ ဒေါ်ခင်တိုးရီအား ကျွန်ုပ်၏မိတ်ဆွေမှ 1J/8575 FUSO ဆီသယ်ယာဉ်ကို တစ်ဦးတည်းပိုင်ဆိုင်ကြောင်း ဒေါ်ခင်တိုးရီအား ယုံကြည်အောင် ပြောဆို၍ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)နှင့် ပရိမီယံစာအုပ်ကို အာမခံထားပြီး ငွေကျပ်သိန်း ၂၁၀ ကို ၁၀–၁–၂၀၂၂ ရက်တွင် ချေးယူခဲ့ခြင်းမျိုးလုံးဝမရှိပါကြောင်း၊ ၁၃–၁–၂၀၂၂ ရက်တွင်လည်း ချေးငွေကို ပြန်ဆပ်လို၍ အာမခံပေးထားသည့် (ကမ–၃)စာအုပ် နှင့်ပရိမီယံစာအုပ်တို့ကို "ခဏပြန်ပေးပါ။ သစ်ရာကောက်တွင် သွားပေါင်၍ ညနေ ရောက်လျှင် ငွေလာပေးပါမည်"ဟု ပြောဆိုရယူခဲ့ခြင်းမျိုးလည်းမရှိပါကြောင်း ဒေါ်ခင်တိုးရီ ထံမှ ယုံကြည်အောင်ပြောဆိုကာ ၁၀– ၁–၂၀၂၂ ရက်တွင် ငွေကျပ်သိန်း ၂၁၀ ကို တစ်လုံး တစ်ခဲတည်းရယူခဲ့ခြင်းမျိုးမရှိဘဲ ကျွန်ုပ်မိတ်ဆွေအား သိက္ခာကျဆင်းစေရန် မမှန်မကန် ကြေညာခဲ့ခြင်းသာဖြစ်ပါကြောင်း ကျွန်ုပ်၏မိတ်ဆွေ ပြောပြချက်အရ သိရှိရပါသည်။ ကျွန်ုပ်၏မိတ်ဆွေနှင့် ဒေါ်ခင်တိုးရီတို့၏ အခြားကိစ္စနှင့်ပတ်သက်၍ အကြိမ်ကြိမ် ပြောဆိုဆက်ဆံခဲ့သည့် ငွေအပေးအယူပြုလုပ်ခဲ့သည့်ဆက်ဆံရေးအား ကျွန်ုပ်မိတ်ဆွေထံ တွင် သက်သေဗီဒီယို အခိုင်အမာရှိနေပါသည်။

ယခုကြေညာချက်နှင့်ပတ်သက်၍ မမှန်မကန် ဆက်လက်ဆောင်ရွက်ပါက ဥပဒေနှင့် အညီ ကျွန်ုပ်၏မိတ်ဆွေနှင့် ဒေါ်ခင်တိုးရီတို့၏ ငွေရေးကြေးရေးကိစ္စ အကြိမ်ကြိမ် ဆက် သွယ်ခဲ့သည့် ဗီဒီယိုဖိုင်များနှင့်တကွ အမှန်အတိုင်း ဖော်ထုတ်ရှင်းလင်းမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူ** | **ညွှန်ကြားချက်အရ–** |
| **ဦးမိုးဝင်းဇော်(ဘ)ဦးစိုးသိန်း** | **ဒေါ်ခင်မြမူ(LL.B)** |
| **၈/မလန(နိုင်)၁၁၈၂၈၀** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၄၄၈၉)** |
| **အမှတ်(၁)ရောဝတီကွက်သစ်ရပ်** | **(၂၈–၃–၁၉၈၈)** |
| **မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး** | **တောင်ရပ်ကွက်၊မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး** |

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၆/ မီးရထားရပ်၊ ဦးပိုင်အမှတ်(၃၇)၊ ဧရိယာ(၀ဒသမ ၀၇၅)ကေရှိ ဒေါ်ခင်စု အမည်ပေါက် ဘိုးဘပိုင် မြေကွက်အား ဦးချမ်းသာ ၉/ပမန(နိုင်)၁၇၀၆၆၄ (ပါ) ၂–ဦးမှ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၉/၂၀၀၂)၊ ကျမ်းကျိန်ဆိုချက် (၁၁၂/၂၀၂၁)၊ (၄၅၇/၂၀၂၁)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများ တင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှု အား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

မြောက်ဦးမြို့နယ်၊ ဆင်ချဆိပ် ရပ်ကွက်နေ (ဘ)ဦးထွန်းအောင်ကျော် ၏သား ဦးရဲထွန်းကျော် ၁၁/မဥန(နိုင်) ၀၄၈၆၅၀၈၏ အမည်မှန်မှာ ဦးရဲထွန်း ဖြစ်ပါကြောင်း။

**ဦးရဲထွန်း**

## ဖခင်အမည်မှန်၊ မွေးသက္ကရာဇ်မှန်နှင့် တစ်ဦးတည်းဖြစ်ကြောင်း

ကျောက်မဲမြို့နယ်၊ အလက(ခွဲ) နမ့်ဟန် ခိတ်မှ အလယ်တန်းပြ ဒေါ်ယဉ်ယဉ်ဝင်းနှင့် ဒေါ်ရင်ရင်ဝင်းသည် တစ်ဦးတည်းဖြစ်ပြီး ဖခင်မှာ ဦးတိုက်ကြည်နှင့် မွေးသက္ကရာဇ်မှန် မှာ ၂–၃–၁၉၇၈ ဖြစ်ပါကြောင်း။

**ဒေါ်ယဉ်ယဉ်ဝင်း**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်တွေမြို့နယ်၊ ကျေးတောကျေးရွာ အုပ်စု၊ အကွက်အမှတ်(၁)၊ ပြည်တော် သာရွာအကွက်၊ ဦးပိုင်အမှတ်(၁၆)မှ မြေချိန် ဧရိယာ(၀ဒသမ၁၀၄)ကေအား ဒေါ်မလှနုအမည်ဖြင့် (၂၃–၁၀–၂၀၁၇) ရက်မှ(၂၂–၁၀–၂၀၂၇)ရက်အထိ နှစ်ပေါင်း (၁၀)နှစ် မြေငှားဂရန် ရရှိထားရာ မြေငှား ဂရန်စာချုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန် မိတ္တူထုတ်ယူခွင့်ပြုနိုင်ပါ ရန် စစ်တွေခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်ပြည့် မြောက်သည့်ရက်အထိ စစ်တွေခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့် ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့် အညီ မြေငှားဂရန်မိတ္တူ ထုတ်ပေးသွား မည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်တွေမြို့**

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီ မရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊

(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊

(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်း ရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ် ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# COVID-19 ရောဂါ ခာတ်ခွဲအတည်ပြုလူနာသစ် ၃၁ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၇ -၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၆-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၄၈၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၃၁) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၇၉,၄၀၅) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၆၉၀) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈၅)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၀,၉၄၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှုသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံး ထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ကမ်းဝေးငါးဖမ်းရေယာဉ်များအား ငါးဖမ်းရက်တိုးမြှင့်ခွင့်ပြု



**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မြန်မာ့ပင်လယ်ငါးဖမ်းလုပ်ငန်း ရေပြင်အတွင်း ငါးသယံဇာတမပြုန်းတီးရေး၊ ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံမှု အထောက်အပံ့ဖြစ်ရေး၊ ပြည်ပဝင်ငွေရရှိရေးအတွက် သတ်မှတ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပင်လယ်ကမ်းဝေးငါးဖမ်းလုပ်ငန်းအား ရေလုပ်ငန်းရှင် ကုမ္ပဏီများနှင့် ပုဂ္ဂလိကတစ်ပိုင်တစ်နိုင် လုပ်ကိုင်သူများသို့ နှစ်စဉ် လုပ်ကိုင်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၀-၂၀၂၁ ခုနှစ် ငါးဖမ်းရာသီကာလသည် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက်မှစတင်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဧပြီ ၃၀ ရက်၌ ခွင့်ပြုကာလသက်တမ်းများ ကုန်ဆုံးမည်ဖြစ်သည်။ မြန်မာ့ပင်လယ်ငါးဖမ်းလုပ်ငန်း ရေပြင်အတွင်း ကမ်းဝေးငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များသည် ယခုအခါ ငါးဖမ်းခရီးစဉ် တတိယအခေါက်ကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြပြီး သတ်မှတ်ခွင့်ပြု ငါးဖမ်းရက် ၆၀ ပြည့်ပါက သက်ဆိုင်ရာ ဆိပ်ကမ်းအသီးသီးသို့ ပြန်လည်ဝင်ရောက်ရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရေလုပ်ငန်းကဏ္ဍတွင် အထိုက်အလျောက် ထိခိုက်နစ်နာဆုံးရှုံးမှုများရှိနေပြီး ဖမ်းမိရေထွက်ပစ္စည်းများကို ပြည်ပ တင်ပို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ဝယ်လိုအား လျော့နည်းနေခြင်း၊ ဝယ်ယူလိုသူ၏ သတ်မှတ်သော ဈေးနှုန်းမှာ လက်ရှိအခြေအနေအရ တွက်ခြေကိုက်မှု မရှိခြင်း၊ ပြည်တွင်းရောင်းရေထွက်ပစ္စည်းများအပေါ်တွင်လည်း ကုမ္ပဏီများမှ အကြွေးစနစ်ဖြင့် ဝယ်ယူနေသဖြင့် ရေလုပ်ငန်းရှင်များအနေဖြင့် ငါးဖမ်းတစ်ခေါက် ထပ်မံ ပြန်လည်ထွက်ခွာနိုင်ရေးအတွက် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရှိရသည်။

အဆိုပါ အခက်အခဲများ အထိုက်အလျောက် သက်သာစေရေးအတွက် ငါးဖမ်းရက် တိုးမြှင့်ပေးခြင်းဖြင့် ရေလုပ်ငန်းရှင်များ ငါးဖမ်းဆီးရေးလုပ်ငန်းရရှိချိန်ကာလ ပိုမိုလာပြီး ငါးများ ပိုမိုဖမ်းဆီးနိုင်ရန်အတွက် လက်ရှိပင်လယ်ပြင် ငါးဖမ်းကွက်ရှိ ငါးဖမ်းရေယာဉ်များကို သက်ဆိုင်ရာ စစ်ဆေးရေးစခန်းများမှ ထွက်ခွာခွင့်ပြုစာအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှ မတ်လပထမပတ်အတွင်း ခွင့်ပြု ငါးဖမ်းရက် ၆၀ ကုန်ဆုံးမည့် ငါးဖမ်းရေယာဉ်များအား ထပ်မံ၍ ၁၅ ရက် တိုးမြှင့်ဖမ်းဆီးခွင့်ပြုကြောင်း ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

အဆိုပါ ကြေညာချက်အရ ငါးလုပ်ငန်းရှင်များ အနေဖြင့် ယခုနှစ်ငါးဖမ်းရာသီမကုန်မီ လုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မောင်တောမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

စာ » ၁၂

## အောက်စဖို့ဒ်တက္ကသိုလ်မှ ဝက်ဘ်ဆိုက်တစ်ခုတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးပြီးသော နိုင်ငံနှင့် ဒေသပေါင်း ၇၀ ခန့်ရှိလာ

စာ » ၁၃

## အိုင်အေအီးအေမှ စုံစမ်းစစ်ဆေးမှုများကို အီရန်မှ ပိတ်ပင်သွားမည်

စာ » ၁၄

# မန်ယူအသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုက်သည့် တိုက်စစ်ကစားသမား ဂရင်းဝုဒ်

မန်ယူအသင်းမှ တိုက်စစ်ကစားသမားတစ်ဦးဖြစ်သူ မေဆင်ဂရင်းဝုဒ်သည် အိုးထရက်ဖို့ဒ်၌ နောက်ထပ်တစ်နှစ် သက်တမ်းတိုးခွင့်အပါအဝင် ၂၀၂၅ ခုနှစ် ဇွန်လအထိ ရှိမည်ဖြစ်သော သက်တမ်းတိုးစာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ် စက်တင်ဘာလက အင်္ဂလန်ပထမအသင်းတွင် ပွဲဦးထွက် ကစားခွင့်ရရှိခဲ့သော အသက် ၁၉ နှစ်အရွယ် ဂရင်းဝုဒ်သည် လက်ရှိ မန်ယူအသင်းနှင့် ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ၂၀၂၃ ခုနှစ် ဇွန်လအထိ ချုပ်ဆိုထားကြောင်း သိရသည်။

ဂရင်းဝုဒ်သည် မန်ယူအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး မန်ယူပထမအသင်းနှင့် ပွဲဦးထွက် ပွဲစဉ်ကို ၂၀၁၉ ခုနှစ်က ယူရိုပါလိဂ်ပြိုင်ပွဲ အက်စတာနာအသင်းနှင့် ပွဲစဉ်တွင် ပါဝင်ကစားခဲ့သည်။ ၎င်းသည် အဆိုပါပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ဥရောပပြိုင်ပွဲ၌ ၁၇ နှစ်နှင့် ၃၅၃ ရက်ဖြင့် အသက်ငယ်ဆုံး ဂိုးသွင်းယူသူအဖြစ် မှတ်တမ်းဝင်ခဲ့သူလည်းဖြစ်သည်။

ဂရင်းဝုဒ်သည် ယခုနှစ်ရာသီ ပြိုင်ပွဲစုံ ၂၉ ပွဲအပါအဝင် မန်ယူအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၈၂ ပွဲပါဝင်ကစားထားပြီး ၂၁ ဂိုးသွင်းယူပေးထားနိုင်ကြောင်း သိရသည်။ ၎င်းသည် အင်္ဂလန်အသင်းအတွက် ပထမဆုံးပွဲစဉ်ကို မန်စီးတီး ကွင်းလယ်ကစားသမား ဖီးလ်ဖိုဒင်နှင့်အတူ ပြီးခဲ့သည့်နှစ် စက်တင်ဘာလတွင် အင်္ဂလန်အသင်းက အိုက်စ်လန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် ပါဝင်ကစားခဲ့ကြောင်း သိရသည်။ သို့သော်လည်း အဆိုပါ ပွဲစဉ်အပြီးတွင် ကိုဗစ်-၁၉ အတွက် ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်သည်ဟုဆိုကာ အဆိုပါနှစ်ဦးကို ကစားသမားစာရင်းမှ ချန်လှပ်ခဲ့ကြောင်းလည်း သိရသည်။

မန်ယူအသင်းသည် ယူရိုပါလိဂ်ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၁၉ ရက် နံနက်အစောပိုင်းတွင် ဆိုစီဒက်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပရီမီယာလိဂ် အမှတ်ပေးဇယားတွင် မန်ယူအသင်းသည် ၂၄ ပွဲကစားပြီး ရမှတ် ၄၆ မှတ်ဖြင့် အဆင့် (၂) နေရာတွင် ရပ်တည်နေသည်။

အောင်ဇော်

